The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁ ရက်၊ စနေနေ့။ Saturday, 28 January 2017 (၈၈၂၀)

### ဆရာ တပည့် ဆက်ဆံရေး

သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာ ပြုကျင့်ခြင်းသည် ထိရောက်အောင်မြင်သော ပညာပေးခြင်းမည်၏။ တရားကိုမင်ရာမှ ပုဂ္ဂိုလ်ကိုပါ ခင်မင်စေနိုင်သဖြင့် ခိုင်မာသော ဆရာတပည့်ဆက်ဆံရေးကို ဖြစ်ပေါ်စေနိုင်သည်။ (မိမိပြောသည်ကို သူတစ်ပါးအား လိုက်နာကျင့်သုံးစေလိုလျှင် မိမိပြောသလို မိမိကိုယ်တိုင် ကျင့်ကြံလိုက်နာပါ။)

အတ္တဝဂ်(ဓမ္မပဒ-၁၅၉)

# ကလေးစာပေများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (မန္တလေး) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (MIIT)၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



**ကလေးစာပေပွဲတော်၌ ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် JCCI ဥက္ကဋ္ဌတို့ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (JCCI)ဥက္ကဋ္ဌ မစ္စတာ အကီအို မီမူရ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်လာစေရန် အဓိကလိုအပ်သည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေဆိုင်ရာများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးနှင့် နှစ်ဖက်သက်ဆိုင်သူများအကြား စဉ်ဆက်မပြတ် အမြင်ချင်းဖလှယ်နိုင်မည့် မူဘောင်တစ်ရပ်ထားရှိရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (JCCI)ဥက္ကဋ္ဌ မစ္စတာ အကီအို မီမူရအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



ကြေးမုံ

# စိတ်ချမ်းမြေ့ဖွယ်ရာ လူမှုကာကွယ်ရေးအစီအစဉ်များ

နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်းရှိ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်းကို တစ်နှစ်စာ ထောက်ပံ့ပေးအပ်ခြင်းမှ လစဉ်ထောက်ပံ့ပေးမည့် အစီအစဉ်အဖြစ် ပြောင်းလဲထောက်ပံ့သွားမည်ဟု သိရသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အသက် (၉၀) နှင့် (၁၀၀) ကြား သက်ကြီးရွယ်အိုတစ်ဦးလျှင် တစ်နှစ်ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ရာမှ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လစဉ်ငွေကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့သွားရန်ဖြစ်သည်။

၂၀၁၅-၂၀၁၆ စာရင်းများအရ အသက် (၉၀) နှင့် (၁၀၀) ကြား သက်ကြီးရွယ်အို လူဦးရေ ၂၂၅၆၀ နှင့် အသက် (၁၀၀) အထက် လူဦးရေ ၁၃၅၀ ရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ စာရင်းအရ အသက် (၉၀) နှင့် (၁၀၀) ကြား သက်ကြီးရွယ်အိုလူဦးရေ ၂၃၅၈၀ နှင့် အသက် (၁၀၀) အထက် လူဦးရေ ၁၁၃၅ ဦးရှိသည်ဟု သိရသည်။ ယခု ထိုသက်ကြီးရွယ်အိုများအား နှစ်စဉ်ထောက်ပံ့ရာမှာ လစဉ်သို့ပြောင်းလဲထောက်ပံ့နိုင်ခြင်းမှာ လွန်စွာဝမ်းမြောက်ဖွယ်ကောင်းသော သတင်းတစ်ခုပင် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက လူမှုကာကွယ်ရေးလုပ်ငန်းစဉ်များကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုကော်မတီက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ် ရေးဆွဲချမှတ်ခဲ့သည်။ ထိုမဟာဗျူဟာအရနိုင်ငံတော်အနေဖြင့် ဘတ်ဂျက်ရန်ပုံငွေအပေါ် မူတည်ပြီး သက်ကြီးရွယ်အိုများအား လစဉ်လူမှုရေးပင်စင်အဖြစ် ပေးအပ်ရန် စီစဉ်ခြင်းဖြစ်သည်ဟု သိရသည်။

ဒေသတွင်း နိုင်ငံများနှင့်ယှဉ်လျှင် မြန်မာနိုင်ငံသည်ဆင်းရဲမွဲတေမှုနှုန်း မြင့်မားသောနေရာတွင်ရှိနေသည်။ ယခုသက်ကြီးရွယ်အိုစာရင်းများကိုကြည့်လျှင် တိုင်းဒေသကြီးများတွင် ပို၍လူဦးရေများပြီး ပြည်နယ်များတွင် သက်ကြီးရွယ်အို နည်းပါးသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံ၏ ပြည်နယ်အချို့တွင် ဆင်းရဲမွဲတေမှုနှုန်းမြင့်မားလှသည်ဟု သိရရာ ဆင်းရဲမှုနှင့် သက်ကြီးရွယ်အိုလူဦးရေမှာ ပြောင်းပြန်အချိုးကျနေသည်ဟု ဆိုနိုင်ပါသည်။ ဤသို့ သက်ကြီးရွယ်အိုများအတွက် လစဉ်ထောက်ပံ့ခြင်းမှာ သက်ကြီးရွယ်အိုဘဝတွင် ခံစားရသော မပြည့်စုံမှုများကို အနည်းငယ်သက်သာရာရစေမည်ဖြစ်ပါသည်။

ကမ္ဘာတွင်လည်း ဆင်းရဲချမ်းသာကွာဟမှုနှင့် တန်းတူမညီမျှမှု ပြဿနာများကို ရင်ဆိုင်နေရခြင်းဖြစ်ရာ နိုင်ငံတိုင်းတွင် လူမှုကာကွယ်ရေးအစီအစဉ်များ ချမှတ်လုပ်ဆောင်ကြရသည်သာ ဖြစ်ပါသည်။ သတင်းများအရ ဖင်လန်နိုင်ငံတွင် လူ ၂၀၀၀ ကို ငွေကြေးအလွတ်ကူညီခြင်း အစီအစဉ်ကို နှစ်နှစ်ကြာ ပြုလုပ်မည်ဟု သိရသည်။ ၎င်းမှာ လူမှုဖူလုံရေးအစီအစဉ်ခံစားရသူများထဲမှ လူ ၂၀၀၀ ကို ကျပန်းရွေးချယ်ပေးအပ်မည့် အစီအစဉ်ဖြစ်သည်။ ၎င်းတို့အား အနိမ့်ဆုံးဝင်ငွေအဖြစ် တစ်လလျှင် ယူရိုဒေါ်လာ ၅၆၀ စီ ပေးအပ်သွားမည်ဖြစ်ပြီး ၎င်းတို့ အလုပ်အကိုင် ရရှိသွားသည့်တိုင် နှစ်နှစ်ဆက်လက်ထောက်ပံ့မည်ဟု ဆိုသည်။ ဗြိတိန်တွင် လူမှုဖူလုံရေး အကျိုးခံစားနေသူ ငါးသန်းခန့်ရှိသည်။ ၂၀၁၅ ခုနှစ်က ဗြိတိန်၏လူမှုဖူလုံရေး ဘတ်ဂျက်မှာ ဒေါ်လာ သန်း ၃၂၀ ရှိသည်ဟု ဆိုသည်။ လူမှုဖူလုံရေး ဘတ်ဂျက် ထိုမျှများပြားသည့်တိုင်အောင် ပုံမှန်အချိန်ပြည့် အလုပ်အကိုင်ရှိသူတစ်ဦး၏ အနိမ့်ဆုံးဝင်ငွေနှင့် စာလျှင်ပင် ၎င်းတို့ခံစားရငွေမှာ များစွာနည်းပါးသည်ဟု ဆိုပါသည်။

ယခု မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်လောင်းများကို တစ်လလျှင် တစ်သောင်းခွဲနှုန်းဖြင့် ကလေးမီးဖွားပြီးချိန်မှ ရက်ပေါင်း ၁၀၀၀ အထိ ထောက်ပံ့မည်ဟူသော အစီအစဉ်များရှိကြောင်းလည်း ကြားသိရသည်။ ဤသည်တို့မှာလည်း နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်မှ ရနိုင်သလောက်ကို ထုတ်နုတ်၍ သုံးစွဲရခြင်းဖြစ်ရာ အစိုးရ၏ စေတနာကို အသိအမှတ်ပြုရမည်ဖြစ်ပါသည်။

ဤသို့ သက်ကြီးရွယ်အိုများအား ထောက်ပံ့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ထောက်ပံ့ခြင်း အစီအစဉ်များမှာ အမျိုးကိုစောင့်ရှောက်ခြင်း၊ အနာဂတ်အတွက် အားမွေးခြင်းပင် ဖြစ်ပါသည်။ ယခင်ခေတ်အဆက်ဆက်က မရှိခဲ့သော လူသားဆန်သည့် ပြုမူဆောင်ရွက်ချက်များပင်ဖြစ်ပါသည်။ နိုင်ငံတော်၏ ဘတ်ဂျက်အရ မများလှသော ထောက်ပံ့ကြေးများဖြစ်သည့်တိုင် တစ်စုံတစ်ရာသော အတိုင်းအတာအထိ အကျိုးရှိမည်ဖြစ်ပြီး စိတ်ကျေနပ်မှု ပီတိဖြစ်မှုကို ခံစားရမည်ဟု မျှော်လင့်မိပါသည်။ ။

# သူနာပြုတက္ကသိုလ်(မန္တလေး) နှင်းဆီဆောင်သစ် ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုတက္ကသိုလ် (မန္တလေး)၏ နှင်းဆီဆောင်သစ်(၆ ထပ် ကျောင်းသူဆောင်)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် အဆိုပါအဆောင်သစ်ရှေ့တွင် ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ အဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆေးရုံများ၌ လူနာများအား ပြုစုစောင့်ရှောက်မှု ပေးလျက်ရှိသော သူနာပြုများ၏ အခန်းကဏ္ဍသည် ဆေးကုသမှုအရည်အသွေးမြင့်မားစွာဖြင့် အနီးကပ်စောင့်ရှောက်မှုပေးနိုင်ခြင်း၊ ဆေးရုံဝန်ဆောင်မှုများ အပေါ် လူနာများ၏ စိတ်ကျေနပ်နှစ်သက်မှု မြင့်တက်လာစေခြင်းတို့တွင် ဆရာဝန်များထက်ပင် ပိုမိုအရေးကြီးသည်ဖြစ်၍ အရည်အသွေးပြည့်ဝသော သူနာပြုများ လေ့ကျင့်မွေးထုတ်ပေးရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက် ရှိပါကြောင်း၊ သူနာပြုလုပ်ငန်းများ တိုးတက်စေရန် သုတေသနသည်လည်း အလွန်အရေးကြီးသည်ဖြစ်၍ သူနာပြုဆိုင်ရာ သုတေသနများကိုလည်း တိုးမြှင့်လုပ်ကိုင်စေလိုကြောင်း၊

စာကြည့်တိုက်သည် တက္ကသိုလ်တစ်ခုအတွက် ဦးနှောက်သဖွယ်ဖြစ်ရာ စာကြည့်တိုက်တွင် လေ့လာပြီး ဆွေးနွေးသည့် အလေ့အကျင့် ပြုလုပ်ခြင်းအားဖြင့် မိမိတို့၏ အရည်အသွေးများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အဆောင်သစ်ဖွင့်လှစ်ပေးခြင်းကိုလည်း အကျိုးရှိရှိ ထိရောက်စွာ အသုံးပြုကြစေလိုကြောင်း၊ အဆင့်မြင့် သူနာပြုအတတ်ပညာ သင်ကြားရေးအတွက် လိုအပ်သော ပံ့ပိုးမှုများကို နိုင်ငံတော်မှ ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်က အဆောင်ဖွင့်ပွဲအထိမ်းအမှတ်အလံများပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ သူနာပြုတက္ကသိုလ် (မန္တလေး)၏ နှင်းဆီဆောင်သစ်သည် ဓာတ်လှေကားပါဝင်ပြီး အလျား ၁၂၈ ပေ၊ အနံ ၅၆ ပေ၊ အမြင့် ၆၅ ပေရှိ RC (၆ ထပ်) အဆောက်အအုံဖြစ်ကာ နိုင်ငံတော်မှ အကုန်ကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် သူနာပြုတက္ကသိုလ်(မန္တလေး)၏ နှင်းဆီဆောင်သစ်ဖွင့်ပွဲမစတင်မီ သူနာပြုတက္ကသိုလ်-မန္တလေး၏ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျင့်ဝတ်၊ စကားပုံ၊ ခဲပန်းချီပြိုင်ပွဲ ဆုချီးမြှင့်

**သနပ်ပင် ဇန်နဝါရီ ၂၇**

ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စာပေနှင့် လက်လှမ်းတမီရှိစေရေး၊ ကျောင်းသား ကျောင်းသူများ၏ တီထွင်မှုစွမ်းရည်များ တိုးတက်စေရေး၊ အသိပညာကြွယ်ဝရေး၊ မြန်မာ့ယဉ်ကျေးမှုအနှစ်သာရ စကားပုံ ကျင့်ဝတ်များကို သိရှိစေရေးနှင့် အနုပညာစွမ်းရည်များ တိုးတက်လာစေရေးရည်ရွယ်၍ ကျင်းပသည့် ကျင့်ဝတ်စကားပုံ၊ ခဲပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သနပ်ပင် မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ပြိုင်ပွဲများကို ဇန်နဝါရီ ၁၇ ရက်က ကျင့်ဝတ်ရွတ်ဆိုပြိုင်ပွဲကို လည်းကောင်း၊ ဇန်နဝါရီ ၁၈ ရက်တွင် စကားပုံပြိုင်ပွဲကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး ခဲပန်းချီသင်တန်းအဖြစ် ၁၉ ရက်မှ ၂၁ ရက်အထိ ခဲပန်းချီပညာရှင် ဦးဝင်းသူဟန်က အခမဲ့ သင်ကြားပို့ချပေးခဲ့သည်။

စကားပုံပြိုင်ပွဲကို ဆုရရှိကြသူများကို ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုအောင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးညိုဝင်းတို့က လည်းကောင်း၊ ကျင့်ဝတ်ရွတ်ဆိုပြိုင်ပွဲ ဆုရရှိကြသူများကို ကျောင်းအုပ်ဆရာကြီး ဦးညိုဝင်းက လည်းကောင်း၊ ခဲပန်းချီပြိုင်ပွဲ ဆုရရှိကြသူများကို နည်းပြ ဦးဝင်းသူဟန်က လည်းကောင်း ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**




# ကျုံကူးတူးမြောင်းကျေးရွာတွင် တိုင်းရင်းဆေး အခမဲ့ကုသပေး

**ဖျာပုံ ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဖျာပုံ)မှ တိုင်းရင်းဆေးကုသရေးအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက်က ဖျာပုံမြို့နယ် အမှတ်(၈၈) ကျုံကူးတူးမြောင်းကျောင်း၌ လူနာ ၁၀၀ ကျော်အား တိုင်းရင်းဆေးဝါးဖြင့် အခမဲ့ကုသပေးကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများအား ကုသပေးသည့် အဆိုပါဆေးကုသရေးအစီအစဉ်တွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဖျာပုံ)မှ တိုင်းရင်းဆေးသမားတော်များဖြစ်သော ဆရာဦးဌေးဝင်း၊ ဆရာဦးဝင်းမြင့်မောင်၊ ဆရာဦးဥက္ကာတို့က လူနာများအား အခမဲ့စမ်းသပ်ကုသပေးခဲ့ပြီး ဆေးဝါးကုသမှု ကုန်ကျစရိတ်အားလုံးကို ကွယ်လွန်သူ စာပေဗိမာန် စာမူဆုများရှင် သတင်းထောက်သောင်းညွှန့်(ဖျာပုံ)အား ရည်စူး၍ ဖျာပုံမြို့နေ ဦးခင်မောင်ညွှန့်၊ ဒေါ်စန်းစန်းနွယ်၊ သားကြီး တရားလွှတ်တော်ရှေ့နေ ဦးမျိုးညွှန့် မိသားစုက ကုန်ကျခံလှူဒါန်းပေးခဲ့ကာ ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်အား အာဟာရများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရာမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရာမှ ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။



လွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစော၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးဇော်ဝင်း၊ လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးစိုင်းစန်သိန်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာဒေါ်ရွှေပုံနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊

# အင်ဒိုနီးရှားနိုင်ငံအစိုးရမှ လူသားချင်းစာနာမှု ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**အမ်း ဇန်နဝါရီ ၂၇**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ အင်ဒိုနီးရှားနိုင်ငံအစိုးရမှ လူသားချင်းစာနာမှုဖြင့် လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသော ဘုန်းတော်ကြီးပညာသင်ကျောင်း လေးကျောင်း၊ ကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့များအား ခေါက်ဆွဲခြောက် ဖာ ၁၉၀၊ ဂျုံမှုန့် ၆၆ အိတ်တို့အား ထောက်ပံ့လှူဒါန်းခဲ့သည်။

အဆိုပါ ခေါက်ဆွဲခြောက်နှင့် ဂျုံမှုန့်တို့အား အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများထံသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီက လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ရန်ကုန်မြို့၌ နိုင်ငံတကာနည်းပညာပြပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

စက်မှုဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ၏ အနာဂတ်စက်မှုနည်းပညာ ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသော နိုင်ငံတကာ နည်းပညာပြပွဲကြီး (International Technology & Industry Show - 2017 Yangon) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



အဆိုပါပြပွဲကို ကမ္ဘောဇဘဏ် လီမိတက်မှ Main Sponsor အဖြစ် တာဝန်ယူကျင်းပခြင်းဖြစ်ပြီး ပြခန်းပေါင်း ၅၀ ကျော်ဖြင့်ဌာနဆိုင်ရာ ထုတ်ကုန်ပစ္စည်းများနှင့်အတူ ပြည်တွင်းပြည်ပမှ စက်မှုလုပ်ငန်းသုံး အဆင့်မြင့်နည်းပညာများနှင့် ကုန်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ ပြသထားပြီး ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**(၀၁၀)**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများကို မောင်တောဒေသ၌ စနစ်တကျခွဲဝေထောက်ပံ့

**မောင်တော ဇန်နဝါရီ ၂၇**

အင်ဒိုနီးရှားနိုင်ငံမှ ပေးပို့လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် မောင်တောဒေသရှိကျေးရွာများ၌ စနစ်တကျ ခွဲဝေထောက်ပံ့ခဲ့သည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ မောင်တောမြို့မိ မြို့ဖများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၇ နာရီတွင် ခွဲဝေထောက်ပံ့ပေးအပ်ရေးအဖွဲ့ငယ် ခုနစ်ဖွဲ့ဖွဲ့စည်း၍ အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာများအရောက် ကွင်းဆင်းသွားရောက်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်က "ထောက်ပံ့ရေးပစ္စည်းတွေဖြစ်တဲ့ ဂျုံ၊ ဘီစကွတ်၊ ခေါက်ဆွဲနဲ့ ပုဆိုးတွေကို တာဝန်ရှိသူတွေပါဝင်တဲ့ အဖွဲ့ငယ်တွေ ဖွဲ့စည်းပြီး မောင်တောဒေသမှာရှိတဲ့ ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ကျေးရွာ ၅၂ ရွာကို ဒီနေ့ နံနက်ပိုင်းမှာ စနစ်တကျခွဲဝေထောက်ပံ့ပေးခဲ့တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မောင်တော မြို့မိ မြို့ဖတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေက ကျေးလက်ဒေသတွေမှာရှိတဲ့ ဘာသာရေးအဖွဲ့အစည်းတွေ၊ ဒေသခံပြည်သူတွေရှေ့မှာ စနစ်တကျပေးအပ်ခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

"ဒီလိုထောက်ပံ့ရေးပစ္စည်းတွေကို လာရောက်ထောက်ပံ့ပေးတယ်ဆိုတော့ ရွာသူ ရွာသားတွေအားလုံးက ဝမ်းသာနေကြတယ်။ နောက်ထပ် ထောက်ပံ့ပေးမယ်ဆိုရင်လည်း ဝမ်းပန်းတသာကြိုဆိုလက်ခံသွားမယ်" ဟု မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာမှ ဦးနူရ်ဟူဆင်က ပြောသည်။

ဖားဝပ်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက "ကျွန်တော်တို့ကျေးရွာအရောက် လာရောက်ထောက်ပံ့ပေးတဲ့အတွက် နှစ်ဖက်အဖွဲ့အစည်းတွေကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးအနေနဲ့ အထူးဝမ်းသာရပါတယ်" ဟု ၎င်းက ဆိုသည်။

**မောင်ဇော်(သတင်းစဉ်)**



မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများကို စနစ်တကျခွဲဝေထောက်ပံ့စဉ်။ (ဓာတ်ပုံ-ဖိုးဇော်)

# ပူတင်နှင့် ထရန့် တယ်လီဖုန်းဆက်သွယ်ပြောဆိုမည်

**မော်စကို ဇန်နဝါရီ ၂၇**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်တို့ စနေနေ့တွင် ပထမဆုံးအကြိမ် တယ်လီဖုန်းဆက်သွယ်ပြောဆိုမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်က ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦးသည် မည်သည့်ကိစ္စရပ်များဆွေးနွေးမည်ဆိုသည်ကို ထုတ်ဖော်ပြောဆိုခြင်း မရှိဘဲ တယ်လီဖုန်းဆက်မည့်အကြောင်းကိုသာ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စ်ကော့ဗ်က သောကြာနေ့တွင် ပြောကြားသည်။

ပူတင်က ထရန့် ကျမ်းသစ္စာကျိန်ဆိုပွဲအတွက် ဂုဏ်ယူဝမ်းမြောက်မည်ဖြစ်ကြောင်းနှင့် ၎င်းတို့နှစ်ဦး ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း လွန်ခဲ့သည့်သီတင်းပတ်တွင် မီဒီယာများသို့ ပြောကြားသည်။



ယူကရိန်းနိုင်ငံအရေးနှင့် ပတ်သက်ပြီး သမ္မတဟောင်း အိုဘားမားက ရုရှားနိုင်ငံအပေါ်အရေးယူပိတ်ဆို့မှုများ ပြုလုပ်လိုက်ပြီးနောက် ရုရှား-အမေရိကန်ဆက်ဆံရေးသည် စစ်အေးခေတ် နောက်ပိုင်း အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိခဲ့သည်။

အမေရိကန်ရှိ လူအတော်များများက ရုရှားနိုင်ငံသည် ရွေးကောက်ပွဲတွင် ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်ပြီး ထရန့် အနိုင်ရရှိစေရန်ကူညီခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ရုရှားနိုင်ငံအပေါ် စိုးရိမ်မှုများရှိနေကြသည်။

သမ္မတသစ် ဒေါ်နယ်လ်ထရန့်သည် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများကို ရုရှားနိုင်ငံနှင့် ပူးပေါင်းတိုက်ခိုက်သွားရန်ဆန္ဒရှိကြောင်း ပြသလျက်ရှိသည်။ နှစ်နိုင်ငံကြား မပြေမလည်ဖြစ်နေသော ဆက်ဆံရေးကို ခေါင်းဆောင်နှစ်ဦးက မည်ကဲ့သို့ ပြုပြင်ပြောင်းလဲသွားနိုင်မလဲဆိုသည်ကို အားလုံးက စောင့်ကြည့်နေကြသည်။

**အင်န်အိတ်ချ်ကေ။**

# အမေရိကန်ရေတပ်အတွက် ရေငုပ်သင်္ဘောများကို ဈေးချိုချိုဖြင့်ဝယ်ယူရန် ဒေါ်နယ်လ်ထရန့်လိုလား

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

အမေရိကန်ပြည်ထောင်စုသည် ရေတပ်အတွက် ရေငုပ်သင်္ဘောများကို ပိုမိုလိုအပ်လျက်ရှိသော်လည်း ပိုမိုချိုသာသော ဈေးနှုန်းဖြင့်သာ ရေငုပ်သင်္ဘောများကို ဝယ်ယူလိုကြောင်း သမ္မတ ဒေါ်နယ်လ်ထရန့်က ဖောက်စ်ရုပ်မြင်သံကြားဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားလိုက်သည်။

အမေရိကန် ကာကွယ်ရေးဌာနအတွက် စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးနေသော ကန်ထရိုက်လုပ်ငန်းရှင်များအနေဖြင့် စစ်လက်နက်ပစ္စည်းများနှင့် စစ်ယာဉ်များကို ပိုမိုချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးရန် ဒေါ်နယ်လ်ထရန့်က ဖိအားပေးလာခြင်းဖြစ်သည်။

အမေရိကန်အခြေစိုက် ကုမ္ပဏီနှစ်ခုဖြစ်ကြသော ဂျင်နရယ်ဒိုင်းနမစ်ကော်ပိုရေးရှင်းနှင့် ဟန်တင်တန်အင်ဂေါ စက်မှုလုပ်ငန်းသည် အမေရိကန်ရေတပ်အတွက် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများကို တည်ဆောက်ပေးလျက်ရှိကြသည်။

ဒေါ်နယ်လ်ထရန့်၏အထက်ပါပြောကြားချက်နှင့်ပတ်သက်၍ အဆိုပါကုမ္ပဏီများက လတ်တလောဝေဖန်ပြောကြားခြင်းမရှိပေ။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် နည်းပညာအရအဆင့်မြင့်ဆုံး ရေငုပ်သင်္ဘောများပိုင်ဆိုင်ထားကြောင်း၊ ရေငုပ်သင်္ဘောများကို နောက်ထပ်ဝယ်ယူသွားမည်ဖြစ်သော်လည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းသာဖြစ်ရမည်ဖြစ်ကြောင်း ထရန့်က ပြောကြားသည်။

**ရိုက်တာ။**



# တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ကမ္ဘာတစ်ဝန်းဆင်နွှဲ

**ပေကျင်း ဇန်နဝါရီ ၂၇**

တရုတ်လူမျိုးတို့၏ ရိုးရာအစဉ်အလာအရ နှစ်စဉ်ကျင်းပသော နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများကို စတင်ကျင်းပ လျက်ရှိကြောင်း၊ နွေဦးရာသီပွဲတော်အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများနှင့်လှုပ်ရှားမှုများတွင် ကမ္ဘာတစ်ဝန်းလုံးမှ ပြည်သူသန်းပေါင်းများစွာ ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်ရိုးရာရာသီ၏ ၁၂ နှစ်သက်တမ်းရှိ ရာသီစက်ဝန်းအရ ယခုနှစ်တွင် ကြက်ဖကြီးနှစ်အတွင်းသို့ ဝင်ရောက်သည်။ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိကို နှစ်သစ်ကူးကာလအဖြစ် သတ်မှတ်ထားသည်။

ဇန်နဝါရီ ၂၈ ရက်တွင် ကျရောက်သော နှစ်သစ်ကူးနေ့အကြိုကာလမှစ၍ နိုင်ငံတကာရှိ အစိုးရအဖွဲ့များက တစ်ကမ္ဘာလုံးရှိ တရုတ်နှစ်သစ်ကူးပွဲတော်နွှဲပျော်သူများအားလုံးအတွက် ဝမ်းမြောက်သဝဏ်လွှာများပေးပို့လျက်ရှိကြသည်။

တစ်ကမ္ဘာလုံး၌ တရုတ်နှစ်သစ်ကူးပွဲတော်နွှဲပျော်သူများအား ဆုတောင်းမေတ္တာပေးပို့အပ်ပါကြောင်းဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက အစိုးရဝက်ဘ်ဆိုက်မှ တစ်ဆင့် သဝဏ်လွှာပေးပို့ခဲ့သည်။

တရုတ်နှင့်ဗြိတိန်နိုင်ငံအကြား ဆက်ဆံရေးခိုင်မာတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ဝန်ကြီးချုပ်မေက ကတိပြုသည်။

ဗြိတိန်နိုင်ငံ၌ တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် အခြားမည်သည့်ဥရောပနိုင်ငံတစ်နိုင်ငံနှင့်မဆို နှိုင်းယှဉ်ပါက ပိုမိုများပြားကြောင်း၊ မိမိတို့နိုင်ငံ၌ပညာဆည်းပူးလျက်ရှိသော ကျောင်းသူ၊ ကျောင်းသားဦးရေမှာ ၁၅၀၀၀၀ ခန့်ရှိကြောင်း၊ တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုမှာ ငါးနှစ်အတွင်း နှစ်ဆမြင့်တက်လာကြောင်း ဗြိတိန်အစိုးရ၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ။**

# မိုးသည်းထန်စွာရွာသွန်းမှုနှင့်ဆက်နွှယ်နေသော မတော်တဆမှုများကြောင့် ပါကစ္စတန်တွင် လူ ၂၂ ဦးသေဆုံး

**အစ္စလာမ်မာဘတ် ဇန်နဝါရီ ၂၇**

လွန်ခဲ့သည့်လေးရက်အတွင်းက ပါကစ္စတန်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်ဆက်နွှယ်နေသော မတော်တဆမှုဖြစ်ရပ်များကြောင့် လူ ၂၂ ဦးထက်မနည်းသေဆုံးပြီး ထိခိုက်ဒဏ်ရာရသူများစွာရှိခဲ့ကြောင်း အူရဒူဘာသာဖြင့် ထုတ်ပြန်သော သတင်းများ၌ ယနေ့ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံအရှေ့တောင်ပိုင်းရှိ ဘလူချီစတန်ပြည်နယ်တွင် မိုးရွာသွန်းမှုနှင့်ဆီးနှင်းများကျဆင်းမှုကြောင့် မတော်တဆမှုများ ဖြစ်ပွားခဲ့ရာ လူ ၁၇ ဦးသေဆုံးပြီး ၁၈ ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အိမ်ခေါင်မိုးများ ပြိုကျခြင်းကြောင့် ထိခိုက်သေဆုံးဒဏ်ရာရမှုအများဆုံးဖြစ်ပွားခဲ့သော ဒေသများမှာ ရှီဟာနီ၊ ကွာလတ်၊ မက်စတန် ခရိုင်များနှင့် ပြည်နယ်မြို့တော် ကွက်တာတို့ဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပထန်ကာဝါပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မော်တော်ယာဉ်တစ်စီး ဘီးချော်မှုဖြစ်ပွားကာ လျှိုတစ်ခုအတွင်းထိုးကျမှုကြောင့် လူငါးဦးထက်မနည်းသေဆုံးပြီး လူအချို့ထိခိုက်ဒဏ်ရာရခဲ့သည်။

ဘလူချီစတန်ပြည်နယ်တွင် လွန်ခဲ့သည့်လေးရက်အတွင်း မိုးရေချိန် ၄၄ မီလီမီတာအထိ စံချိန်တင်ရွာသွန်းခဲ့သည်။

ဘလူချီစတန်ပြည်နယ်အတွင်းရှိ ဇီယာရက်နှင့် ကာလတ်ခရိုင်များ အပါအဝင်ခရိုင်အချို့နှင့်အခြားဒေသများ ဆက်သွယ်ထားသည့်လမ်းများတွင် ဆီးနှင်းကျဆင်းမှုကြောင့် လမ်းကြောင်းပိတ်ဆို့မှုများဖြစ်ပေါ်နေကြောင်း ယင်းပြည်နယ်၏ပြည်ထဲရေးဝန်ကြီး မီယာဆာဖာ ရက်စ် ဘူဂျတီက ပြောကြားသည်။



ကာလတ်ခရိုင် ကာလီကွာဘတ်ဒေသတွင် ရွှံ့များဖြင့်တည်ဆောက်ထားသည့်နေအိမ်အမြောက်အမြားပြိုကျပျက်စီးခဲ့သည်။

ဆီးနှင်းကျဆင်းမှုဒဏ်ခံရသော ကာလတ်ခရိုင်အတွင်းသို့ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဘလူချီစတန်ပြည်နယ်အစိုးရက ပါကစ္စတန်တပ်မတော်ထံမှ လေကြောင်းသယ်ယူပို့ဆောင်ရေးအကူအညီတောင်းခံခဲ့ပြီး ပါကစ္စတန်လေတပ်မှ အမ်အိုင်-၁၇ အမျိုးအစား ရဟတ်ယာဉ်နှစ်စင်း ထောက်ပံ့ခဲ့သည်။

**ဆင်ဟွာ။**

# ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ ဒွေးတော်ဖြစ်သူ ယခင် ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ် သွားရောက်ဖူးမြော်

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးမြို့တွင်ရောက်ရှိနေသော ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ဒွေးတော်ဖြစ်သူ ယခင် ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရား Her Majesty the Queen Mother Ashi Dorji Wangmo Wangchuck ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်သည်။

ထို့နောက် ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ဒွေးတော်သည် မဟာမုနိရုပ်ရှင်တော်မြတ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး မဟာမုနိဂေါပကဥက္ကဋ္ဌ ဦးစိုးလင်းက ဗုဒ္ဓရုပ်ပွားတော်အား အမှတ်တရလက်ဆောင်ပေးအပ်သည်။ ဧည့်သည်တော်အဖွဲ့သည် ဘုရားတောင်ဘက်ရင်ပြင်တော်၌ ဆီမီးများ ထွန်းညှိပူဇော်၍ ကြေးရုပ်ပြတိုက်သို့လေ့လာပြီး မဟာမုနိဘုရားအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကာ ဘုရားစောင်းတန်းဈေးမှ မြန်မာ့လက်မှုပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ဧည့်သည်တော်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**





# ရန်ကုန်ဆိပ်ကမ်းတွင် ဖမ်းဆီးရမိခဲ့သော သစ်ခွဲသားများတင်ဆောင်ထားသည့် ကွန်တိန်နာများနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနက သတင်းစာရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်ဆိပ်ကမ်းတွင် ဖမ်းဆီးရမိခဲ့သော သစ်ခွဲသားများ တင်ဆောင်ထားသည့် ကွန်တိန်နာများနှင့် ပတ်သက်၍ ပူးပေါင်း ဆောင်ရွက်ခဲ့မှုများနှင့် စစ်ဆေးဖော်ထုတ်ချက်များအပေါ် အကောက်ခွန်ဦးစီးဌာနက ဇန်နဝါရီ ၂၇ ရက်တွင် ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနရုံးတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။



ရန်ကုန်မြို့ MIP ဆိပ်ကမ်းအတွင်းရှိ ကုန်သေတ္တာနှစ်လုံးထဲ၌တရားမဝင်ကျွန်းသစ်ခွဲသားများထည့်၍ သယ်ဆောင်လာမှုအပေါ် ဇန်နဝါရီ ၂၄ ရက်က စိစစ်တွေ့ရှိခဲ့ပြီး ဆက်လက်၍ ဇန်နဝါရီ ၂၆ ရက်တွင် ထပ်မံ၍ သတင်းကွင်းဆက် ရရှိမှုအပေါ် ထပ်မံဖော်ထုတ်ခဲ့ရာမှ ကွန်တိန်နာ ၁၁ လုံးထဲတွင် တရားမဝင်သစ်ခွဲသားများ ပါရှိကြောင်း အကောက်ခွန်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆိပ်ကမ်းတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် အကောက်ခွန်ဦးစီးဌာနက ပြန်လည်ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

"ဆိပ်ကမ်းမှာတရားမဝင် သစ်တွေနဲ့ပတ်သက်ပြီးတော့ ဇန်နဝါရီ ၂၄ ရက်က ကွန်တိန်နာနှစ်လုံးတွေ့ရှိပြီးတော့ သိမ်းဆည်းမှုတွေ၊ သစ်တောဦးစီးဌာနရယ် အကောက်ခွန်ရယ်၊ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၆ ရက်နေ့မှာလည်း ရှေ့ကကွန်တိန်နာနှစ်လုံးနဲ့ ဆက်စပ်နေတဲ့ ကုမ္ပဏီတစ်ခုနဲ့ ဆက်စပ်တဲ့ပစ္စည်းတွေဟာ ဆိပ်ကမ်းမှာ ရှိနေသေးတယ်ဆိုတဲ့ တင်ပြချက်တွေကတော့ ကျွန်တော်တို့ ဆီကနေမှ ထုတ်ကုန်သွင်းကုန် ကြီးကြပ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးဆီကို သတင်းရရှိပြီးတော့ သတင်းရရှိတဲ့အပေါ်မှာ ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင်က ပြန်လည်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းနဲ့ခေါ်ပြီး စိစစ်သင့်တယ်၊ စိစစ်ဖို့ဆိုပြီးတော့ ညွှန်ကြားပါတယ်။ သက်ဆိုင်ရာ သစ်တောဦးစီးဌာနကို ဆက်သွယ်ပြီးတော့မှ သက်ဆိုင်ရာ MIP ဆိပ်ကမ်းကို စုဖွဲ့ကြပါတယ်။ ညနေ ၅ နာရီလောက်မှ သစ်တောဦးစီးဌာနက ရောက်ရှိလာတဲ့အတွက် အကောက်ခွန်၊ သစ်တောနဲ့ ရဲတပ်ဖွဲ့ဝင်တွေ ရှိပါတယ်။ စုပေါင်းပြီးတော့ ကွန်တိန်နာ ၁၁ လုံး ဖွင့်ဖောက်စစ်ဆေးခဲ့ပါတယ်"ဟု အကောက်ခွန်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က ပြောသည်။

အဆိုပါ စစ်ဆေးဖော်ထုတ်နိုင်ခဲ့သော သစ်များသည် သတ်မှတ်ထားသည့် ပုံစံနှင့် သတ်မှတ်ခွင့်ပြုချက်နှင့် တင်ပို့ခွင့်ပြုထားသော သစ်များမဟုတ်ဘဲ စကွဲယားတုံးပုံစံ၊ ပေးပို့ရန် ကန့်သတ်ထားသော ပုံစံများ အဖြစ်တွေ့ရှိရသည့်အတွက် လက်ရှိ သစ်တောဦးစီးဌာနကို လွှဲပြောင်းကာ ကွန်တိန်နာ ၁၁ လုံးကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သစ်တောဦးစီးဌာနက တရားဝင်ခွင့်ပြုထားသည့် အတိုင်းအတာမှာ တရားဝင်ထောက်ခံချက်နှင့် ပြည်ပသို့ တင်ပို့ခွင့်ပြုထားမှုမှာ အလျား ၆ ပေမှ ၁၃ ဒသမ ၅ ပေ၊ အနံ ၆ လက်မ၊ ဒု ၂ လက်မ၊ အလျား ၇ ပေမှ ၁၃ ဒသမ ၅ ပေ၊ အနံ ၇ လက်မမှ ၁၄ လက်မ၊ ဒု ၂ လက်မဖြစ်ပြီး ဒု ၂ လက်မထက်ကျော်သော သစ်ခွဲသားများ တွေ့ရှိရသည့် အနေအထားဖြစ်ကြောင်း သိရသည်။

အကောက်ခွန်ဦးစီးဌာန အနေဖြင့် သတ်မှတ်လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပသို့တင်ပို့မည့် သစ်များ သစ်တောဦးစီးဌာန၏ စစ်ဆေးပြီး ထောက်ခံအတည်ပြုပြီးမှသာ Metal Seal နံပါတ်၊ ကုန်သေတ္တာနံပါတ်တို့ကို စာရင်းသွင်းမှတ်တမ်းတင် စာအိတ်ချိပ်ပိတ်ထုတ်ပေးပြီး ဆိပ်ကမ်းတွင် စစ်ဆေးမှုများ ဆောင်ရွက်ပြီးမှသာ အဆိုပါ Metal Seal ကို ကုန်သေတ္တာတွင် ခတ်ပေးခြင်းဖြစ်သဖြင့် ယင်းအဆင့်အနေအထား ရောက်မှသာ သင်္ဘောတင်ရန် အဆင်သင့်ဖြစ်သည့် အနေအထားဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

"ပို့ကုန် ကုန်သေတ္တာတွေနဲ့ ပတ်သက်ပြီးတော့ လုပ်ငန်းအပိုင်းက နှစ်ပိုင်းရှိတယ်လို့ ပြောလို့ရပါတယ်။ ပထမတစ်ပိုင်းကတော့ ရုံးချုပ်အပေါ်မှာ ထုတ်ကုန်သွင်းကုန် ဌာနခွဲမှာ ပြည်ပကိုပို့မယ့် ပစ္စည်းနဲ့ပတ်သက်ပြီးတော့မှ ပို့ကုန်လိုင်စင်တွေ၊ ပစ္စည်းတန်ဖိုး ကြေညာချက်တွေ၊ ထုပ်ပိုးပုံတွေ၊ သစ်ဆိုရင် သက်ဆိုင်ရာ သစ်တောဦးစီးဌာနရဲ့ ထောက်ခံချက်နဲ့ ဒါတွေကို ပူးတွဲတင်ပြပြီးတော့မှ ရုံးချုပ်မှာ ဆောင်ရွက်ရတဲ့လုပ်ငန်းရှိပါတယ်။ ရုံးချုပ်မှာ အဲဒီလုပ်ငန်းတွေ ဆောင်ရွက်ပြီးလို့ အားလုံး ထောက်ခံချက်တွေလည်း အကုန်ပြည့်စုံတယ်ဆိုလို့ရှိရင် ဒီဟာကို ဆိပ်ကမ်းမှာ X-ray စစ်ဆေးဖို့အတွက် သက်ဆိုင်ရာ ဆိပ်ကမ်းတွေကို လုပ်ငန်းဖိုင်က ရောက်ရှိမှာ ဖြစ်ပါတယ်။ ၂၄ ရက်နေ့က သစ်ကုန်သေတ္တာနှစ်လုံးဖမ်းဆီး ရမိခဲ့တဲ့ ဖြစ်စဉ်မှာဆိုရင် တချို့သတင်းတွေမှာ ရေးသားထားတဲ့ အသုံးအနှုန်းက သင်္ဘောတင်ရန်အဆင်သင့်ဖြစ် နေပါတယ်ဆိုတဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ သင်္ဘောတင်ရန် အဆင်သင့်ဖြစ်တဲ့ ကုန်သေတ္တာတစ်လုံးဟာ ပို့ကုန်ပဲဖြစ်ဖြစ် သွင်းကုန်ပဲဖြစ်ဖြစ် အဆင့်အများကြီးရှိပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ရှင်းပြသည်။

အဆိုပါ ကုန်သေတ္တာနှစ်လုံးသည် ပြည်ပတင်ပို့ရန် ရုံးချုပ်၌ စာရွက်စာတမ်း ပြုလုပ်မှုတို့ကို လုပ်ဆောင်ခဲ့သော်လည်း သတ်မှတ်ချက်များနှင့်အညီ တင်ပို့ရမည့် သစ်များကို တင်ဆောင်လာခြင်းမရှိကြောင်း၊ သတ်မှတ်အတိုင်းအတာထက် ကျော်လွန်နေသော သစ်များကို တင်ဆောင်လာခြင်းအပြင် သစ်တောဦးစီးဌာနနှင့် အကောက်ခွန် ဦးစီးဌာနတို့တွင် ဆက်လက်ပြုလုပ်ရမည့် စာရွက်စာတမ်းများ၊ အတည်ပြုချက်များကို ဆက်လက်တင်ပြနိုင်ခြင်းမရှိသလို ဆိပ်ကမ်းအတွင်း ကုန်သေတ္တာယာဉ်ကိုထားခဲ့ကြောင်း သိရသည်။ အလားတူ ယင်းနှင့်ဆက်စပ်၍ သတင်းကွင်းဆက်များ ရရှိမှုအပေါ် အကောက်ခွန်ဦးစီးဌာနက သက်ဆိုင်ရာ သစ်တောဦးစီးဌာနကို အကြောင်းကြားကာ ပူးပေါင်းအဖွဲ့များဖြင့် ဆက်လက်စစ်ဆေးဖော်ထုတ်ခဲ့ရာ သစ်ခွဲသားများ တင်ဆောင်ထားသည့် ကုန်သေတ္တာ ၁၁ လုံး ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ယင်းအပြင် ယင်းသို့ ဆိပ်ကမ်းအတွင်း ပို့ကုန် သွင်းကုန် ဆောင်ရွက်မည့် ကုန်သေတ္တာများကို အကောက်ခွန်ဦးစီးဌာနသို့ ကြိုတင်အကြောင်းကြားခွင့်ပြုချက် တောင်းခံပြီးမှသာ ဆောင်ရွက်ရမည်ဖြစ်ပြီး ဌာနသို့ခွင့်ပြုချက် တောင်းခံခြင်းမရှိခဲ့သည့် ယခုဖြစ်စဉ်နှင့် ပတ်သက်၍လည်း စစ်ဆေးဖော်ထုတ်မှုများ ပြုလုပ်ပြီးပါက အရေးယူဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

အလားတူ တရားမဝင် သစ်ခွဲသားများ သယ်ဆောင်လာသည့် ကုန်သေတ္တာများနှင့် ပတ်သက်၍လည်း သက်ဆိုင်သူများကို သစ်တောဦးစီးဌာနက တရားလိုပြုကာ အလုံမြို့မ ရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၂၄ ရက်က ဖမ်းဆီးရမိခဲ့သော ကုန်သေတ္တာ နှစ်လုံးတွင် တရားမဝင် ကျွန်းခွဲသားအချောင်းရေ ၅၆၅ ချောင်း (တန်ချိန် ၃၃ တန်ကျော်)ကို ဖမ်းဆီးရမိခဲ့ပြီး ဇန်နဝါရီ ၂၆ ရက် ဖမ်းဆီးရမိခဲ့သော ကုန်သေတ္တာ ၁၁ လုံး အတွင်း ပိတောက် သစ်ခွဲသား ခန့်မှန်းတန်ချိန် ၁၄၀ နီးပါးခန့် ရှိမည်ဖြစ်ကြောင်း သိရသည်။ **(ဝဝ၁)**

## ❋ အာဆီယံမှ

သွင်းယူခဲ့ပြီး ၃၃၊ ၃၄ မိနစ်တွင် နှစ်ဂိုးပြန်ပေးခဲ့ရသည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၃၅ မိနစ်တွင် အောင်အောင်နှင့် ၃၇ မိနစ်တွင် စိုင်းဖြိုးအောင်တို့က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းသည် အာဆီယံဖူဆယ်ပြိုင်ပွဲတွင် အမြင့်ဆုံး ဆီမီးဖိုင်နယ်သာ တက်ရောက်ဖူးပြီး ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

**(ရဲရင့်ရှိုင်း)**

# မတော်တဆ ထိခိုက်သေဆုံးသူ၏ မိသားစုအား ထောက်ပံ့ငွေပေးအပ်

**ကျိုက်လတ် ဇန်နဝါရီ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၆ ရက် ညနေ ၅ နာရီက ကျိုက်လတ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းမြင့်က သေဆုံးသူ၏ဇနီးဖြစ်သူ မချိုဝေလွင်အား ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့သည်။

ကျိုက်လတ်မြို့နယ် အိမ်ယာကြီးကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးကြီးကြပ်(၂) ဦးအောင်မျိုးသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၇ရက်တွင် ရုံးဒေါင့်တိုက်နယ် ကျန်းမာရေးဌာနမှ အိမ်ယာကြီးကျန်းမာရေးဌာနသို့ နှစ်ယောက်စီး မော်တော်ဖြင့် ပြန်လာစဉ် ရုံးဒေါင့်ချောင်းအတွင်း စပါးတင်မော်တော်ယာဉ်ဖြင့် တိုက်မိပြီး သေဆုံးသည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထောက်ပံ့ငွေပေးအပ်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သပြေထွန်း)**

# စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်

**ရွှေကူ ဇန်နဝါရီ ၂၇**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မင်းကျောင်းကုန်းကျေးရွာ စက်ရေတွင်းတူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကို စိန်သစ္စာ ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၄ ရက်က မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းနှင့် ရုံးဝန်ထမ်းများက လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးဆောင်ရွက်နိုင်ရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါ စက်ရေတွင်းတူးဖော်ဆောင်ရွက်ပြီးစီးပါက မင်းကျောင်းကုန်းကျေးရွာမှဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေများကို အချိန်မရွေး လုံလောက်စွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ **(ကြေးမုံ)**

# မောင်တောမြို့နယ်၌ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်မှုများ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှုကြုံတွေ့ပြီးနောက်ပိုင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတကာအဖွဲ့အစည်းများ (WFP အပါအဝင်)၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်တွင်းအလှူရှင်များက ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်အထိနှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်အထိ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်မှုအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားမှုမှာ အောက်ပါအတိုင်းဖြစ်သည် -

**ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှု ကြုံတွေ့ပြီးနောက်ပိုင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်မှုအခြေအနေ (၄-၁၁-၂၀၁၆ မှ ၂၆-၁-၂၀၁၇ ထိ)**

ရက်စွဲ၊ ၂၆-၁-၂၀၁၇

| စဉ် | စားသောက်ကုန်ပစ္စည်းများ အိမ်သုံးနှင့်လုပ်ငန်းသုံးပစ္စည်းများထောက်ပံ့မှုအခြေအနေ | ဌာန/ အဖွဲ့အစည်း | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | နယ်စပ်ရေးရာဝန်ကြီးဌာန | နိုင်ငံတကာအဖွဲ့အစည်းများ(WFP အပါအဝင်) | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ပြည်တွင်းအလှူရှင်များ | |
| ၁ | ငွေသား(ကျပ် သန်း) | ၁၄၀.၂၂ | - | ၉.၃၉၅ | ၄.၉၅ | ၁၄၂.၉၀၉ | ၂၉၇.၄၇၄ |
| ၂ | ဆန်(အိတ်) | ၃၃၅၁ | ၄၅၀၀ | ၁၂၂၇၀.၅၆ | ၄၃၀၀ | ၂၈၂၇.၅၀ | ၂၇၂၄၉.၀၆ |
| ၃ | ငါးခြောက်(ပိဿာ) | ၄၃၄၄ | ၄၀၀ | ၆၅၀ | ၁၀၀၀ | ၁၂၇၅ | ၇၆၆၉ |
| ၄ | စက်သုံးဆီ(ဂါလံ) | ၆၂၆၉ | - | - | ၈၄၈၈ | - | ၁၄၇၅၇ |
| ၅ | စားဆီ(ပိဿာ) | ၂၉၆၈ | ၈၂၁၂ | ၇၉၈၅.၆၇ | ၅၀ | ၁၄၉၄ | ၂၀၇၀၉.၆၇ |
| ၆ | ဆား(ပိဿာ) | ၃၂၁၃ | ၈၂၁၂ | ၁၄၁၇.၁၂ | - | ၇၉၈ | ၁၃၆၄၀.၁၂ |
| ၇ | ပဲ(ပိဿာ) | ၆၄၇၀ | ၈၂၁၂ | ၁၂၀၇၄.၅၉ | ၁၃၅၀ | ၁၂၁၀၉ | ၄၀၂၁၅.၅၉ |
| ၈ | ငါးသေတ္တာ(ဗူး) | ၃၄၈၀၀ | - | - | - | - | ၃၄၈၀၀ |
| ၉ | သီးစုံ(ထုတ်) | - | - | ၄၁၁ | - | - | ၄၁၁ |
| ၁၀ | ဘီစကစ် (ဖာ) | - | - | ၁၀၄၈ | - | - | ၁၀၄၈ |
| | ဘီစကစ် (တန်) | | | ၅.၇၇၁ | | | ၅.၇၇၁ |
| ၁၁ | ကြက်သွန်(ပိဿာ) | - | - | - | - | ၉၆၈ | ၉၆၈ |
| ၁၂ | ခေါက်ဆွဲခြောက်(ဖာ) | - | - | ၅၅၇၉ | - | ၈၀ | ၅၆၅၉ |
| ၁၃ | အဝတ်အထည်(ထုတ်) | - | - | ၇၁ | - | ၆ | ၇၇ |
| ၁၄ | ဖျော်ရည်သီးမှုန့်(ထုတ်) | - | - | - | - | ၃၂၂ | ၃၂၂ |
| ၁၅ | ဟင်းချိုမှုန့်(ထုတ်) | - | - | - | - | ၁၄၂ | ၁၄၂ |
| ၁၆ | အာလူး(အိတ်) | - | - | - | - | ၅၆ | ၅၆ |
| ၁၇ | ဂေါ်ဖီခြောက်(အိတ်) | - | - | - | - | ၃ | ၃ |
| ၁၈ | ငါးပိ(အိတ်) | - | - | - | - | ၁၂ | ၁၂ |
| ၁၉ | ဖျော်သီးခြောက်(ပိဿာ) | - | - | - | - | ၁၆၅ | ၁၆၅ |
| ၂၀ | ကြက်ဥ(လုံး) | - | - | - | - | ၅၀၀ | ၅၀၀ |
| ၂၁ | ခြင်ထောင်(လုံး) | - | - | - | - | ၈၀ | ၈၀ |
| ၂၂ | စပါးရိတ်သိမ်းခြွေလှေ့စက်(လုံး) | - | - | - | ၃၀ | - | ၃၀ |
| ၂၃ | မီးစက်(လုံး) | - | - | - | ၅ | - | ၅ |
| ၂၄ | အာဟာရမှုန့်(တန်) | - | - | ၅၄.၂၂ | - | - | ၅၄.၂၂ |
| ၂၅ | ဂျုံ(အိတ်) | - | - | ၂၂၂ | - | - | ၂၂၂ |
| ၂၆ | ရွက်ဖျင်တဲ (ခု) | - | - | ၁၂ | - | - | ၁၂ |

**ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှု ကြုံတွေ့ပြီးနောက်ပိုင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်မှုအခြေအနေ (၁၇-၁၂-၂၀၁၆ မှ ၂၆-၁-၂၀၁၇ ထိ)**

ရက်စွဲ၊ ၂၆-၁-၂၀၁၇

| စဉ် | စားသောက်ကုန်ပစ္စည်းများ အိမ်သုံး နှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့မှုအခြေအနေ | ဌာန/ အဖွဲ့အစည်း | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | နယ်စပ်ရေးရာဝန်ကြီးဌာန | နိုင်ငံတကာအဖွဲ့အစည်းများ (WFP အပါအဝင်) | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ပြည်တွင်းအလှူရှင်များ | |
| ၁ | ငွေသား(ကျပ်သန်း) | ၄၆.၄ | - | ၉.၀၉၅ | | ၁၅.၀ | ၇၀.၄၉၅ |
| ၂ | ဆန်(အိတ်) | ၁၈၄၅ | ၄၀၀၀ | ၁၁၀၈၂.၅၆ | ၃၀၀ | ၃၀၀ | ၁၇၅၂၇.၅၆ |
| ၃ | ငါးခြောက်(ပိဿာ) | - | ၄၀၀ | ၆၅၀ | - | - | ၁၀၅၀ |
| ၄ | စက်သုံးဆီ(ဂါလံ) | - | - | - | - | - | |
| ၅ | စားဆီ(ပိဿာ) | - | ၈၂၁၂ | ၆၀၇၉.၆၇ | ၅၀ | ၁၆၅ | ၁၄၅၀၆.၆၇ |
| ၆ | ဆား(ပိဿာ) | - | ၈၂၁၂ | ၁၀၁၂.၆၂ | - | - | ၉၂၂၄.၆၂ |
| ၇ | ပဲ(ပိဿာ) | ၃၆၉၀ | ၈၂၁၂ | ၁၁၉၈၁.၃၄ | ၁၃၅၀ | ၁၃၅၀ | ၂၆၅၈၃.၃၄ |
| ၈ | ငါးသေတ္တာ(ဗူး) | - | - | - | - | - | |
| ၉ | သီးစုံ(ထုတ်) | - | - | ၄၁၁ | - | - | ၄၁၁ |
| ၁၀ | ဘီစကစ် (ဖာ) | - | - | ၁၀၄၈ | - | - | ၁၀၄၈ |
| | ဘီစကစ် (တန်) | | | ၅.၇၇၁ | | | ၅.၇၇၁ |
| ၁၁ | ကြက်သွန်(ပိဿာ) | - | - | - | - | - | |
| ၁၂ | ခေါက်ဆွဲခြောက် (ဖာ) | - | - | ၅၅၇၉ | | - | ၅၅၇၉ |
| ၁၃ | အဝတ်အထည်(ထုတ်) | - | - | ၇၁ | - | - | ၇၁ |
| ၁၄ | ဖျော်ရည်သီးမှုန့်(ထုတ်) | - | - | - | - | - | - |
| ၁၅ | ဟင်းချိုမှုန့်(ထုတ်) | - | - | - | - | - | - |
| ၁၆ | အာလူး(အိတ်) | - | - | - | - | - | - |
| ၁၇ | ဂေါ်ဖီခြောက်(အိတ်) | - | - | - | - | - | - |
| ၁၈ | ငါးပိ(အိတ်) | - | - | - | - | - | - |
| ၁၉ | ဖျော်သီးခြောက်(ပိဿာ) | - | - | - | - | - | - |
| ၂၀ | ကြက်ဥ(လုံး) | - | - | - | - | - | - |
| ၂၁ | ခြင်ထောင်(လုံး) | - | - | - | - | - | - |
| ၂၂ | စပါးရိတ်သိမ်းခြွေလှေ့စက် (လုံး) | - | - | - | - | - | - |
| ၂၃ | မီးစက်(လုံး) | - | - | - | - | - | - |
| ၂၄ | အာဟာရမှုန့်(တန်) | - | - | ၅၄.၂၂ | - | - | ၅၄.၂၂ |
| ၂၅ | ဂျုံ(အိတ်) | - | - | ၂၂၂ | - | - | ၂၂၂ |
| ၂၆ | ရွက်ဖျင်တဲ (ခု) | - | - | ၁၂ | - | - | ၁၂ |


မောင်တောမြို့နယ် ပြောင်ပိုက်ကျေးရွာတွင် စားနပ်ရိက္ခာဖြန့်ဝေစဉ်။ (နိုင်ငံတော်အတိုင်ပင်ခံရုံး)


မောင်တောမြို့နယ် စေတီပြင်ကျေးရွာတွင် စားနပ်ရိက္ခာဖြန့်ဝေစဉ်။ (နိုင်ငံတော်အတိုင်ပင်ခံရုံး)

# စိတ်ရှည်သည်းခံရန်လိုအပ်သည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးခရီးစဉ်

## ဦးသောင်းထွန်း

ရခိုင်ဒေသတွင် မကြာသေးခင်ကဖြစ်ပွားခဲ့သည့် အခြေအနေများကြောင့် နိုင်ငံတကာမှအာရုံစိုက်ခံခဲ့ရပြီး မီဒီယာများတွင်လည်း မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သတင်းများ နေရာအနှံ့ထွက်ပေါ်ခဲ့ပါသည်။ ဆိုးရွားသည့် ရက်စက်ကြမ်းကြုတ်သည့် အပြုအမူများရှိ သယောင်ပုံ့နှံ့နေသည့် သတင်းဖော်ပြချက်များကိုအကြောင်းပြု၍ မြန်မာနိုင်ငံအရေး စောင့်ကြည့်နေသူများမှ ဝေဖန်သုံးသပ်မှုများကို အလျင်စလို ပြုလုပ်လျက်ရှိပါသည်။

မြန်မာအစိုးရအနေဖြင့် ရခိုင်ဒေသရှိ ပြည်သူများ၏ ဒုက္ခများအား ခံစားချက်မဲ့စွာ လက်ပိုက်ကြည့်နေသည် ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံ၏ စစ်မှန်သောဒီမိုကရေစီလမ်းစဉ်အတွက် အခက်အခဲများကို အန်တုလျက် ကြံ့ကြံ့ခံလှုပ်ရှားရုန်းကန်ခဲ့သည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ရေငုံနှုတ်ပိတ်နေသူဟူ၍လည်းကောင်း စွပ်စွဲမှုအမျိုးမျိုးပြုလုပ်နေကြပါသည်။

ထိုစွပ်စွဲချက်များသည် အမှန်တရားနှင့် ကင်းကွာသွားစေပါသည်။ မြန်မာအစိုးရအနေဖြင့် ရခိုင်ဒေသရှိ ပြဿနာများအား ဖြေရှင်းနိုင်ရန်အတွက် လည်းကောင်း၊ အဆိုပါဒေသအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပြန်လည်တည်ဆောက်ပေးနိုင်ရန်အတွက်လည်းကောင်း ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်လျက်ရှိနေပါသည်။ ကျွန်တော့်အား အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်သည့် အကြောင်းရင်းမှာ မြန်မာပြည်သူများ၏ လုံခြုံမှုအာမခံရှိရေးနှင့် အထူးသဖြင့် ရခိုင်ဒေသနှင့်ပတ်သက်သည့် နိုင်ငံတကာ၏ စိုးရိမ်မှုများကို တုံ့ပြန်နိုင်ရန်အတွက်ပင် ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်လုံခြုံမှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါသည်။ ထို့အတူ ရခိုင်ဒေသရှိပြည်သူအားလုံး၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အတွက်လည်း အထူးအလေးထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လက်ရှိအချိန်သည် ပြစ်တင်ရှုတ်ချမှုများကို အလောသုံးဆယ်မပြုလုပ်ဘဲ အမှန်နှင့် အမှားကိုခွဲခြားသုံးသပ်ရမည့်အချိန် ဖြစ်ပါသည်။ ရခိုင်ဒေသအခြေအနေမှာ စိန်ခေါ်မှုများနှင့် ရှုပ်ထွေးနက်နဲသည့် အနေအထားဖြစ်ပါသည်။ နှစ်ပေါင်းများစွာပြုခဲ့ကြသည့် အမှားအယွင်းများကြောင့် အကြောက်တရားနှင့် သံသယများကို ကြီးထွားလာစေခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်မှု အလွန်အမင်းနောက်ကျနေသည့် အခြေအနေကလည်း အခြေအနေကို အဆိုးဘက်သို့ ပိုမို၍ တွန်းပို့ရာရောက်စေခဲ့ပါသည်။ အဆိုပါ ဒေသရှိ မွတ်စလင်အသိုက်အဝန်းအနေဖြင့် ထိခိုက်ခံစားနေရသလို ဗုဒ္ဓဘာသာ အသိုက်အဝန်းအနေဖြင့်လည်း ကိုယ့်မွေးရပ်မြေကိုယ့်ဌာနေမှာပင် လူနည်းစုဘဝသို့ ရောက်ရှိလာသည့် အနေအထားကို ကြောက်ရွံ့စိုးရိမ်နေရသည်မှာ ငြင်းဆန်၍ မရသည့်အချက်ဖြစ်ပါသည်။

ထို့ကြောင့် ရခိုင်ဒေသရှိပြည်သူအားလုံးအတွက် အနာဂတ်မျှော်လင့်ချက်များကို ဖန်တီးဖြည့်ဆည်းပေးရန် ကျွန်တော်တို့တွင် တာဝန်ရှိပါသည်။ ထိုသို့ဖန်တီးဖြည့်ဆည်းပေးနိုင်ရန်အတွက် လက်ရှိပြဿနာများကို ပိုမိုဆိုးရွားအောင်မလုပ်ဘဲ ဖြေရှင်းကျော်လွှားနိုင်ရန် အာရုံစူးစိုက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လက်တွေ့ရင်ဆိုင်နေရသည့် အခက်အခဲများကို မျက်စိမှိတ်ငြင်းဆန်နေမည်ဆိုပါက အခြေအနေများအား တိုးတက်ကောင်းမွန်လာရေးဆောင်ရွက်နိုင်ရန်အတွက် မည်သို့မျှအထောက်အကူပြုမည် မဟုတ်ပါ။

မြန်မာနိုင်ငံတွင် ပြည်ပမှအထောက်အပံ့ပေးထားသည့် အစွန်းရောက်ဝါဒအခြေခံ လက်နက်ကိုင် သောင်းကျန်းမှုတစ်ခု စတင်ဖြစ်ပေါ်နေကြောင်းကို International Crisis Group မှ မကြာသေးမီကပင် ထောက်ပြခဲ့ပါသည်။ ဤအချက်မှာအထူး စိုးရိမ်စရာကောင်းသည့် အနေအထားဖြစ်ပါသည်။ အစွန်းရောက်လက်နက်ကိုင်လှုပ်ရှားသူများသည် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားမည်မဟုတ်ဘဲ ၎င်းတို့အား လူတစ်စုအကျိုးအတွက် အသုံးချသွားမည်သာ ဖြစ်ပါသည်။

ထိုကဲ့သို့သော အနေအထားကို သတင်းမှားနှင့် လိုရာဆွဲဝါဒဖြန့်သည့် လုပ်ဆောင်ချက်များက ပိုမို၍ ဆိုးရွားလာစေပါသည်။ မကြာသေးမီက ကလေးငယ်တစ်ဦးအား လျှပ်စစ်ကျဉ်စက်ဖြင့် နှိပ်စက်မှုကိုမြန်မာနိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့များမှ ဆောင်ရွက်သည်ဆိုပြီး နိုင်ငံတကာသတင်းများတွင် ဖော်ပြခဲ့ကြပါသည်။ အမှန်တကယ်တွင် ယင်းဖြစ်စဉ်မှာ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့ခြင်းမဟုတ်ဘဲ ကမ္ဘောဒီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်ဖြစ်နေခဲ့ပါသည်။

အင်အားအလွန်အကျွံ အသုံးပြုမှု၊ လူသတ်မှုနှင့် မုဒိမ်းမှုများကဲ့သို့သော ဆောင်ရွက်မှုများအတွက် ကျွန်တော်တို့မည်သို့မျှ သည်းခံမည်မဟုတ်ပါ။

ထင်ရှားသည့် ဥပမာတစ်ခုပြရမည်ဆိုပါက လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် မွတ်စလင်အချို့အား ကန်ကျောက်ရိုက်နှက်သည့် ဗီဒီယိုမှတ်တမ်းထွက်လာသည့်အခါ အဆိုပါလုံခြုံရေးတပ်ဖွဲ့များအား ချက်ချင်းပင် ထိန်းသိမ်းအရေးယူခဲ့ပါသည်။ထို့အပြင် စွပ်စွဲမှုများကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ဗုဒ္ဓဘာသာနှင့် မွတ်စလင်အသိုက်အဝန်းနှစ်ခုမှ ပုဂ္ဂိုလ်များပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားရှိပါသည်။

မြန်မာအစိုးရအား ထိုးနှက်သိက္ခာချရန်နှင့် နိုင်ငံမတည်မငြိမ်ဖြစ်စေရန်အတွက် ရည်ရွယ်ပြီး လှုပ်ရှားမှုတစ်ရပ် ဆောင်ရွက်လျက်ရှိနေသည်ကို အထောက်အထားအတော်များများက ညွှန်ပြလျက်ရှိပါသည်။ ဤအခြေအနေကို တုံ့ပြန်နိုင်ရန် မိမိတို့အနေဖြင့် အမှန်တကယ်ဖြစ်ပေါ်နေသည့် ပြဿနာအတွက် လက်တွေ့ကျပြီး ရေရှည်အကျိုးပြုမည့် နည်းလမ်းများကို အလေးထားရှာဖွေဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ယခင်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သည့် မစ္စတာကိုဖီအာနန် ဦးဆောင်သည့် လွတ်လပ်သည့် အကြံပေးကော်မရှင်တစ်ရပ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါကော်မရှင်သည် မြန်မာအစိုးရအနေဖြင့် ရေရှည်အတွက် နည်းလမ်းများရှာဖွေရာတွင် အထောက်အကူပြုမည်ဖြစ်ပါသည်။ ဒေသအတွင်းတည်ငြိမ်မှုရရှိစေရေးအတွက် ကျွန်တော်တို့၏ ကြိုးပမ်းမှုတွင်သာမက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများမှလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများအား ပံ့ပိုးပေးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်မှုသည် ညီညွတ်သော မြန်မာနိုင်ငံအတွင်းမှ ရခိုင်ဒေသရှိပြည်သူများအတွက် ပိုမိုကောင်းမွန်သောအနာဂတ်ကို ဆောင်ကြဉ်းပေးနိုင်ရန် ကြိုးပမ်းလျှောက်လှမ်းသည့် ခြေလှမ်းများ ဖြစ်ပါသည်။

**ဒေသအတွင်း တည်ငြိမ်မှုရရှိစေရေးအတွက် ကျွန်တော်တို့၏ ကြိုးပမ်းမှုတွင်သာမက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများမှလည်း လူသားချင်း စာနာထောက်ထားမှု အကူအညီများအား ပံ့ပိုးပေးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်မှုသည် ညီညွတ်သော မြန်မာနိုင်ငံအတွင်းမှ ရခိုင်ဒေသရှိပြည်သူများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဆောင်ကြဉ်းပေးနိုင်ရန် ကြိုးပမ်း လျှောက်လှမ်းသည့် ခြေလှမ်းများ ဖြစ်ပါသည်။**

မြန်မာနိုင်ငံနှင့် ပတ်သက်လျှင် ရခိုင်ဒေသ၌ ဖြစ်ပေါ်နေမှုသက်သက်ကို ကွက်ကွက်ကလေးကြည့်၍ မရနိုင်ပါ။ နှစ်ပေါင်းငါးဆယ်အတွင်းပထမဆုံးသောဒီမိုကရေစီ နည်းလမ်းတကျ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ ဒီမိုကရေစီခိုင်မာသောနိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်နိုင်ရန် ကြိုးပမ်းနေသည်မှာ အချိန်ကာလအားဖြင့် တစ်နှစ်မျှသာရှိပါသေးသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ရွေးကောက်ပွဲမဝင်မီကာလက ၁၅ နှစ်ကြာမျှ နေအိမ်အကျယ်ချုပ်ဖြင့် နေထိုင်ခဲ့ရပါသည်။ ယင်းအခြေအနေကိုသုံးသပ်ပါက စိတ်ရှည်သည်းခံနိုင်စွမ်း၏ အကျိုးကို တွေ့ရမည်ဖြစ်ပါသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဆိုသည်မှာ ညတွင်းချင်းဖြစ်ပေါ်လာသည်မျိုးမဟုတ်ဘဲ အပြင်းအထန် ကြိုးပမ်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ရှေ့တွင် ဆက်၍ဆောင်ရွက်ဖွယ်ရာ ကိစ္စရပ်များ အပုံအပင်ရှိနေသည့်နည်းတူ မိမိတို့ လျှောက်လှမ်းခဲ့သော ခရီးလမ်းကို လည်ပြန်ကြည့်ရန် လိုအပ်ပါသည်။

ကျွန်တော်တို့၏ အကြီးမားဆုံးသော အမျိုးသားရေးဦးတည်ချက်မှာ ကမ္ဘာ့သက်တမ်းအရှည်ဆုံး ပြည်တွင်းစစ်များထဲမှ တစ်ခုဖြစ်နေသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကိုအဆုံးသတ်နိုင်ရေးဖြစ်ပါသည်။ အဆိုပါ အမျိုးသားရေးဦးတည်ချက်အတွက် လက်နက်ကိုင် အဖွဲ့အစည်းများအကြား ဆွေးနွေးမှုများဖြင့် စတင်လျက်ရှိပါသည်။ ထို့အတူ နှစ်ပေါင်းများစွာ သီးခြားရပ်တည်ခဲ့မှုအား အဆုံးသတ်ခဲ့ပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့မှုကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံ၏စီးပွားရေးကို ပြန်လည်တည်ဆောက်နေသလို လူမှုဘဝဖွံ့ဖြိုးရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်တော်တို့၏ လွတ်လပ်ခွင့်အတွက် ရုန်းကန်လှုပ်ရှားခဲ့စဉ် ဆယ်စုနှစ်များစွာ ကာလများ၌ နိုင်ငံတကာအနေဖြင့် ထောက်ခံမှု၊ ပံ့ပိုးမှုများပေးခဲ့ပါသည်။ အလားတူ မြန်မာနိုင်ငံသည် ရခိုင်ဒေသအရေးကိစ္စတစ်ခုတည်းအတွက်သာမက ပျို့မျစ်နုနယ်ထိခိုက်လွယ်သည့် ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေး လမ်းစဉ်ကြီးတစ်ခုလုံးအပါအဝင် ကျန်ရှိနေသေးသည့် စိန်ခေါ်မှုများကိုဖြေရှင်းကျော်လွှားနိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေရသည်ဖြစ်၍ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ဆက်လက်ပြီး အားပေးကူညီထောက်ခံကြပါရန် တိုက်တွန်းလိုက်ရပေသည်။

***[ဦးသောင်းထွန်းသည် သံတမန်ဟောင်းတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံအစိုးရ၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်ဖြစ်သည်။]***

**ဖွံ့ဖြိုးတိုးတက်မှု အလွန်အမင်းနောက်ကျနေသည့် အခြေအနေကလည်း အခြေအနေကိုအဆိုးဘက်သို့ ပိုမို၍ တွန်းပို့ရာရောက်စေခဲ့ပါသည်။ အဆိုပါ ဒေသရှိ မွတ်စလင်အသိုက်အဝန်းအနေဖြင့် ထိခိုက်ခံစားနေရသလို ဗုဒ္ဓဘာသာအသိုက်အဝန်း အနေဖြင့်လည်း ကိုယ့်မွေးရပ်မြေကိုယ့်ဌာနေမှာပင် လူနည်းစုဘဝသို့ ရောက်ရှိလာသည့်အနေအထားကို ကြောက်ရွံ့စိုးရိမ်နေရသည်မှာ ငြင်းဆန်၍ မရသည့်အချက်ဖြစ်ပါသည်။**

**ကျွန်တော်တို့၏ လွတ်လပ်ခွင့်အတွက် ရုန်းကန်လှုပ်ရှား ခဲ့စဉ် ဆယ်စုနှစ်များစွာကာလများ၌ နိုင်ငံတကာအနေ ဖြင့် ထောက်ခံမှု၊ ပံ့ပိုးမှုများပေးခဲ့ပါသည်။ အလားတူ မြန်မာနိုင်ငံသည် ရခိုင်ဒေသအရေးကိစ္စတစ်ခုတည်း အတွက်သာမက ပျို့မျစ်နုနယ်ထိခိုက်လွယ်သည့် ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေး လမ်းစဉ်ကြီး တစ်ခုလုံးအပါအဝင် ကျန်ရှိနေသေးသည့် စိန်ခေါ်မှု များကိုဖြေရှင်းကျော်လွှားနိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေရသည်ဖြစ်၍ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ဆက်လက်ပြီး အားပေးကူညီ ထောက်ခံကြပါရန်. . .**




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်သို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆရာကြီး မင်းသုဝဏ် အမှတ်တရပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မန္တလေးမြို့ ပုဂ္ဂလိကအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် Theme Song သီချင်းသီဆို၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ် အယူအဆများထက်မြက်လာရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်စေရန်နှင့် စာပေနှင့်ရင်းနှီးပြီး စာဖတ်ခြင်းတွင် ပျော်မွေ့တတ်လာစေရန် ရည်ရွယ်ကျင်းပသည့် ကလေးစာပေပွဲတော်ကြီးကို သမိုင်းအစဉ်အလာကြီးမားသည့် မန္တလေးမြို့၌ စီစဉ်ကျင်းပသည့်အတွက် လွန်စွာဝမ်းသာပီတိဖြစ်ရပါကြောင်း။

မကြာသေးမီက ကလေးစာပေပွဲတော်ကို နေပြည်တော်၌ စည်စည်ကားကား ကျင်းပနိုင်ခဲ့ပြီး နိုဘယ်လ်-မြန်မာစာပေပွဲတော်ကိုလည်း ရန်ကုန်မြို့၌ စည်စည်ကားကား ကျင်းပခဲ့ကြသည်ကို တွေ့ရသည့်အတွက် ပြည်သူများ အသိပညာ မြင့်မားအောင်၊ မြန်မာစာပေမြင့်မားတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းအသီးသီးကို ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာ့ပုံပြင်များ၊ မြန်မာ့ကလေးကဗျာများ၊ မြန်မာ့ကျေးလက် အငွေ့အသက်များအကြားတွင် ကြီးပြင်းလာခဲ့သည့် မိမိတို့အတွက် ကလေးစာပေများသည် အမြဲတမ်း ရှင်သန်သက်ဝင်နေမည့် စာပေများဖြစ်ကြောင်း။

ထိုကဗျာများ၊ စာပေများကြောင့် နိုင်ငံချစ်စိတ်များပေါ်ပေါက်လာခဲ့ကြောင်း၊ တိုင်းကျိုး ပြည်ကျိုးထမ်းဆောင်လိုစိတ်များ မြင့်တက်လာခဲ့ကြောင်း၊ ဘဝအခက်အခဲများကို ရဲရင့် မှန်ကန်စွာကျော်ဖြတ်လိုသည့် အားမာန်သတ္တိများ ရလာခဲ့သည်ဟု မိမိတို့ဆိုကြရမည်ဖြစ်ကြောင်း။

ကလေးစာပေများသည် တစ်ခေတ်တစ်ခါက မြန်မာစာပေဧည့်ခန်းဆောင်ကြီးထဲတွင် ဂုဏ်သရေရှိစွာပေါ်ထွက်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အားပျော့မှေးမှိန်ခဲ့ရသည်ကို ဝမ်းနည်းဖွယ် တွေ့မြင်ရမည်ဖြစ်ကြောင်း။

ကလေးစာပေများ မဖွံ့ဖြိုးမတိုးတက်ခြင်းသည် ကလေးများ၏ အနာဂတ်ကိုသာမက နိုင်ငံ၏အနာဂတ်ကိုပါ ရိုက်ချိုးဖျက်ဆီးရာ ကျစေနိုင်သည့်အတွက် မိမိတို့အနေဖြင့် ကလေးများဖွံ့ဖြိုးတိုးတက်အောင်၊ ကလေးစာပေများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့လိုအချိန်အခါမျိုးတွင် မိမိတို့၏ ကလေးငယ်များကို အတွေးအခေါ် အယူအဆများ၊ ပြုမူပြောဆိုပုံများ ယိမ်းယိုင်ပျက်ယွင်းစေမည့် နည်းလမ်းများသည် ဖျော်ဖြေရေးနည်းများ၊ ကစားနည်းများ အဖြစ် ပုံဖျက်စည်းရုံးရောက်ရှိနေကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးတွင် ကလေးများ စာပေဖတ်ရှုလာအောင်၊ စာကြည့်တိုက်ဝန်းကျင်တွင် မွေ့လျော်လာအောင် စည်းရုံးဆောင်ရွက်ရန် လွယ်ကူမည်မဟုတ်ပါကြောင်း၊ သို့သော်လည်း မိမိတို့ကလေးများ၏အနာဂတ်များ တိုးတက်ကောင်းမွန်လာရန်အတွက် မဖြစ်မနေဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ကလေးများဖွံ့ဖြိုးတိုးတက်စေရေး၊ ကလေးစာပေနှင့် ကလေးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏အနာဂတ်အပေါ် သက်ရောက်မှုများစွာ ရှိလာနိုင်သည့်အတွက် ဝိုင်းဝန်းကူညီ ဖော်ဆောင်ပေးကြစေလိုကြောင်း၊ ကလေးများစာပေနှင့် ရင်းနှီးပြီး စာပေဝန်းကျင်တွင် မွေ့လျော်လာအောင် အဖွဲ့အစည်းအသီးသီးက ပူးပေါင်းပါဝင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ကလေးစာပေပွဲတော်သို့ တက်ရောက်လာကြသည့် ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲရက်များတွင် ဖျော်ဖြေရေးအစီအစဉ်များ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စက္ကူခေါက်ချိုးပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ ဂိမ်းကစားပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ စာပေဟောပြောပွဲ၊ စာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲအပါအဝင် ပြပွဲပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဆရာကြီး မင်းသုဝဏ် အမှတ်တရပြခန်းကို လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)



ကလေးစာပေပွဲတော်တွင် ကလေးများ ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

# မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၇**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (JCCI)၏ ဥက္ကဋ္ဌ မစ္စတာ အကီအို မီမူရ ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျပန်နိုင်ငံ JCCI ၏ ဥက္ကဋ္ဌ မစ္စတာ အကီအို မီမူရ ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# သုတရသစုံလင် ပျော်ရွှင်စွာဆင်နွှဲနေကြတဲ့ ကလေးစာပေပွဲတော်အပေါ် သူတို့အမြင်ကို ဖွင့်ပြောနေကြပြီ

မင်းထက်အောင်
(မန်းကိုယ်ပွား)

**မန္တလေးမြို့၌ မကျင်းပခင်ကတည်းက သတင်းစကား ပျံ့နှံ့နေသည့် ကလေးစာပေပွဲတော်ကြီးကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများသာမက မိဘပြည်သူများပါ တက်ကြွသောခြေလှမ်းများဖြင့် ပျော်ရွှင်စွာ လာရောက်ဆင်နွှဲလျက်ရှိသည်။ ပွဲတော်ကျင်းပသည့် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် အတွင်းအပြင်တစ်ဝိုက် အထူးစည်ကားလျက်ရှိသည်နှင့်အညီ သုတရသပြည့်စုံသည့် ကလေးစာပေပွဲတော် ခင်းကျင်းပြင်ဆင်ပြသထားရှိမှုအစီအစဉ်များအပေါ် ကျေနပ်ပီတိရရှိမှုများကို ယခုလိုပြောကြားခဲ့ကြသည်။**



ဒေါက်တာဇော်မြင့်မောင်



ဒေါ်သန်းသန်းနွယ်



မရွှန်းလဲ့ထွန်း



မောင်ထူးအောင်ဝေ



ကိုရန်နိုင်



နန်းစုစုစံ

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်**

အခု မန္တလေးမှာ ကျင်းပတဲ့ ကလေးစာပေပွဲတော်က ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးပြီး နိုင်ငံတော်အဆင့် ဆောင်ရွက်တာဖြစ်ပါတယ်။ ကျန်တာတွေကိုလည်း လိုအပ်ရင်လိုအပ်သလို လုပ်ရမယ်။ အခုဟာက ဒေသအနေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့က လုပ်တယ်။ နိုင်ငံတော်ကလည်း ပညာရေးအနေနဲ့ လုပ်နေတယ်။ ကျောင်းသင်ရိုးညွှန်းတမ်းတွေမှာ သင့်တော်ရာတွေကိုထည့်ဖို့ ပြန်ပြီးလုပ်ပါ့မယ်လို့ ပြောထားတာရှိသလို ဆက်လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ တဖြည်းဖြည်း ပြန်ပေါ်လာပါလိမ့်မယ်။ အချိန်အခါအားလျော်စွာ တိမ်မြုပ်သွားပေမယ့် ပြန်ပေါ်လာပါလိမ့်မယ်။ ကလေးတွေအတွက် အကျိုးရှိတဲ့ ကဗျာစာပေတွေ ပေါ်လာလိမ့်မယ်။

**ဒေါက်တာဇော်မြင့်မောင် (မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်)**

အခုတွေ့ရတဲ့ မြင်ကွင်းကြီးက စာပေပန်းခင်းကြီးတစ်ခုလိုပါပဲ။ နိုင်ငံအနာဂတ်ဟာ ကလေးသူငယ်တွေ ရှင်သန်ဖွံ့ဖြိုးမှုအပေါ်မှာ အများကြီးမူတည်ပါတယ်။ ကျွန်တော်တို့ရဲ့ အနာဂတ်ဆိုတာ ကလေးတွေရဲ့ ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တပြည့်ဝတဲ့ နိုင်ငံ့သားကောင်းတွေအပေါ်မှာ မူတည်ပါတယ်။ သူတို့ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မိသားစုတစ်စုထဲကပဲ လုပ်ရမလားဆိုတော့ မဟုတ်ပါဘူး။ နိုင်ငံတော်အပိုင်းကလည်း တာဝန်ယူဆောင်ရွက်ရမယ့် အပိုင်းတွေ ရှိပါတယ်။ ရုပ်ပိုင်းတွင်မက စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ကလေးစာပေတွေက အရေးပါတယ်။

ဒါကြောင့် ကလေးစာပေဟာ မြှင့်တင်ပေးရမယ့် ကဏ္ဍတစ်ခု ဖြစ်တယ်လို့ ထင်မြင်မိပါတယ်။ ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ဖို့ရည်ရွယ်ပြီး ဆောင်ရွက်တဲ့ ယနေ့ပွဲတော်ကြီးကို မန္တလေးမှာ ဆောင်ရွက်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောလိုပြီး သမ္မတကြီးကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးတဲ့အတွက်လည်း မန္တလေးလူထုကိုယ်စား သမ္မတကြီးနဲ့ ဇနီးတို့ကို ကျေးဇူးတင်ကြောင်း သတ်သတ်မှတ်မှတ် ပြောလိုပါတယ်။

**မရွှန်းလဲ့ထွန်း ( အဋ္ဌမတန်း - မင်းမြန်မာ ကိုယ်ပိုင်ကျောင်း)**

ကစားနည်းပြိုင်ပွဲအစုံရှိတဲ့အပြင် သမီးတို့ကြိုက်တဲ့ စာအုပ်တွေလည်း အများကြီးတွေ့ခဲ့ရတယ်။ သမီးအခု အရုပ်ဆက်၊ စကားပုံဆက်ပြိုင်ပွဲနဲ့ ပန်းချီပြိုင်ပွဲတွေ ဝင်ပြိုင်ခဲ့ပါတယ်။ မနက်ဖြန်ကျောင်းကလည်း ထပ်ပြီးလိုက်ပို့ပေးမယ်လို့ပြောပါတယ်။ သူများတွေ ပျော်နေတာကိုကြည့်ပြီး သမီးလည်းပျော်ပါတယ်။ သမ္မတကြီးနဲ့ ရုပ်ရှင်မင်းသမီး ယွန်းယွန်းကို တွေ့ခွင့်ရလို့ အလွန်ပျော်နေတယ်။ ဖြစ်နိုင်ရင် တစ်နေကုန်နေပြီး ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ချင်ပါတယ်။

**နန်းစုစုစံ ( ဆဋ္ဌမတန်း- ကံတက်ကုန်း မစိုးရိမ် ဘ/က ကျောင်း)**

သမီးဒီကိုရောက်ရောက်ချင်း အရုပ်ကြီးနဲ့တွဲပြီး ဓာတ်ပုံရိုက်ခဲ့တယ်။ ဂိမ်းပြိုင်ပွဲတွေလည်းပြိုင်ခဲ့တယ်။ သမီးရော သူငယ်ချင်းတွေရော အားလုံးပျော်နေကြပါတယ်။ မနက်ဖြန် အမေနဲ့လာရင် ဝယ်ခိုင်းဖို့ ကာတွန်းနဲ့ ကဗျာစာအုပ်တွေကြည့်ခဲ့တယ်။ သမီး ကျောင်းပေါင်းစုံက ကျောင်းသားကျောင်းသူတွေအစုံနဲ့ ပျော်ရွှင်စရာ ကစားနည်းမျိုးစုံကို ဒီလိုတစ်ခါမှ မကြုံခဲ့ဖူးဘူး။ ဒီကပြန်ရင် သူငယ်ချင်းတွေကို ပျော်စရာကောင်းတဲ့အကြောင်းကို ပြောပြမှာပါ။

**ဒေါ်သန်းသန်းနွယ် ( အထက - ၂၂)**

ကျောင်းသား ကျောင်းသူတွေ အများကြီး ဒီလိုပျော်ရွှင်နေကြတာကို မြင်ရတာ ကြည်နူးစရာ ကောင်းပါတယ်။ သူတို့ကိုကြည့်ရတာ လွတ်လပ်ပေါ့ပါးတက်ကြွနေကြတယ်။ ပြခန်းမှာ ပြသထားတဲ့ ပစ္စည်းတွေကလည်း ကလေးတွေအတွက် ဗဟုသုတ ရစရာတွေ အများကြီးဖြစ်စေတဲ့အတွက် ဒီပွဲလုပ်ပေးတာကို အလွန်ဝမ်းသာနေပါတယ်။ ကလေးတွေအတွက် တကယ့်ကို ရှိသင့်တဲ့ ပွဲတော်တစ်ခုပါပဲ။ ဒါကြောင့်မိဘတိုင်း ကိုယ့်သားသမီးရဲ့ နောင်ရေးအတွက် ဒီပွဲတော်ကို မဖြစ်မနေပို့ပေးဖို့ ပြောလိုပါတယ်။

**မောင်ထူးအောင်ဝေ ( နဝမတန်း- CAE ကိုယ်ပိုင်အထက်တန်းကျောင်း)**

ကျွန်တော်တို့ပြခန်းမှာ သိပ္ပံပြခန်း၊ သင်္ချာပြခန်း၊ အင်္ဂလိပ်စာပြခန်းဆိုပြီး အပိုင်းသုံးပိုင်းခွဲပြီး ပြထားပါတယ်။ ကလေးတွေအများကြီးလာပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ လေ့လာကြတယ်။ ပြခန်းမှာရှိတဲ့ စာလုံးဆက်နည်းတွေကို လာပြိုင်နေကြတာတွေ့တော့ ကျွန်တော်တို့လည်း သူတို့လို ပျော်ရွှင်နေပါတယ်။ ဉာဏ်စမ်းဆိုတာ ဉာဏ်ရည်ကိုထက်မြက်စေပြီး ပျော်စရာကောင်းတဲ့ ပြိုင်ပွဲဖြစ်လို့ နောက်ရက်တွေလည်း လာပြီးပြိုင်ပွဲဝင်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**ကိုဇော်မင်းဦး( ကျောင်းသားမိဘ - ပြည်ကြီးတံခွန်မြို့နယ် )**

ဒီပွဲတော်ကျင်းပမယ့် သတင်းတွေကို တီဗွီနဲ့ သတင်းစာတွေမှာ ဖော်ပြတာတွေ့ရကတည်းက စိတ်ဝင်စားနေတာပါ။ ဒါကြောင့် သားနဲ့သမီးကို ပွဲတော်ဖွင့်ဖွင့်ချင်းပဲ လိုက်ပို့ဖြစ်တာပါ။ သူတို့က အရုပ်ဆက်ပြိုင်ပွဲနဲ့ ပန်းချီပြိုင်ပွဲတွေမှာ ဝင်ပြိုင်ပြီး ဆုတွေလည်းရခဲ့တယ်။ သူတို့လိုချင်တဲ့ စာအုပ်တွေလည်း ဝယ်ပေးခဲ့တယ်။ အလွန်သဘောကျတယ်ဗျာ။ ကလေးတွေအတွက် တကယ်ကို လုပ်ပေးသင့်တဲ့ လိုအပ်ချက်တစ်ခုပါ။ ဒါကြောင့် သူတို့ကို လိုက်ပို့ပေးရတာ ကျေနပ်ပါတယ်။ နောက်ရက်တွေလည်း အားရင်အားသလို လိုက်ပို့ပေးဦးမှာပါ။ မိဘတိုင်း ကျွန်တော့်လို မဖြစ်မနေလိုက်ပို့ကြမယ်လို့ ထင်ပါတယ်။

**ကိုရန်နိုင်( နိုင်နိုင်စာပေ)**

ရန်ကုန်ကနေ မန္တလေးကိုပထမဆုံးအကြိမ် လာဖွင့်တာပါ။ ပွဲတော်ကလည်း ကြက်ပျံမကျ စည်ကားသလို ယူလာတဲ့စာအုပ်တွေလည်း တစ်နေ့ထဲနဲ့ ကုန်သွားလို့ နောက်နှစ်ရက်အတွက် ထပ်မှာထားရပါတယ်။ ကျွန်တော့်ဆိုင်မှာ အဓိကရောင်းပေးတာက ကလေးအကြိုက်စာပေဖြစ်တဲ့ ပုံပြင်တို့၊ ဗုဒ္ဓသမိုင်းစာအုပ်တို့၊ ကလေးတွေ ဉာဏ်ရည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမယ့် စာအုပ်တို့ကို ရောင်းချပါတယ်။ ဒီနေ့တစ်နေ့ထဲ အုပ်ရေ ၄၀၀၀ ကျော် ငွေ ငါးသိန်းကျော်ဖိုး ရောင်းရပါတယ်။ ရောင်းဈေးတွေကတော့ တစ်အုပ်ကို ၃၀၀ကျပ်နဲ့ တစ်ထောင်ကြား ပုံမှန်ဈေးအတိုင်း ရောင်းပေးပါတယ်။ သမ္မတကြီးကိုယ်တိုင် လာရောက်ဖွင့်လှစ်ပေးတယ်။ ကျောင်းတွေကလည်း ကားတွေနဲ့စုစုစည်းစည်း လိုက်ပို့ပေးတဲ့အပြင် မိဘတွေကလည်း ကလေးတွေပူဆာသမျှ ဝယ်ပေးနေတာ တွေ့ရပါတယ် ။



# တူရကီနိုင်ငံမှ ရသေ့တောင်မြို့နယ် ကျေးရွာသုံးရွာသို့ စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်း

**ရသေ့တောင် ဇန်နဝါရီ ၂၇**

တူရကီနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေး ကိုယ်စားလှယ် Ms. Nilufer, Karmer, Esra, Zora တို့ အဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင်ရသေ့တောင်မြို့နယ် ခြေရာတော်ဘုရားသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား ဆန်အိတ် ၂၀ လှူဒါန်းကာ မြသီတာ(နတလ) ကျေးရွာအတွက် ဆန်အိတ် ၅၀ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ကြာပင်ရင်းကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ ဆန်အိတ် ၁၀၀၊ ဘေထုပ်တစ်ထုပ် ၂၅၀ ဂရမ်သီးစုံတစ်အိတ်နှင့် ၁၉၀ ဂရမ်သီးစုံတစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် အနောက်ပြင်ကျေးရွာသို့ ထွက်ခွာခဲ့ရာ အမကကျောင်း၌ အနောက်ပြင်ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ဆန်အိတ် ၁၀၀၊ ဘေထုပ်တစ်ထုပ်၊ ၂၅၀ ဂရမ် သီးစုံတစ်အိတ်နှင့် ၁၉၀ဂရမ်သီးစုံတစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်

**ထိန်တော ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ထိန်တောမြို့ လျှပ်စစ်မှူးရုံးနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် လူစည်ကားရာနေရာဖြစ်သော ထိန်တောဈေးရှေ့တွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းကို ဇန်နဝါရီ ၂၄ ရက်က မြို့လျှပ်စစ်မှူး ဦးဇာနည်မျိုး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ပြီး ထိန်တောမြို့ ဈေးအတွင်းတွင် ပြည်သူများ လျှပ်စစ်အသုံးပြု လျှင် သတိပြုဖွယ်ရာအချက်များ ပါဝင်သော အသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# ရက် (၁၈၀)စီမံချက် ထရန်စဖော်မာ တပ်ဆင်

**ရန်ကုန် ဇန်နဝါရီ ၂၇**

မင်္ဂလာဒုံမြို့နယ် ရေကြည်အိုင်ရပ်ကွက် သစ္စာလမ်းနှင့် ဂန္ဓမာလမ်းထောင့်တွင် ရပ်ကွက်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများကို ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဒုတိယရက် (၁၈၀) စီမံချက်ဖြင့် 200 KVA ထရန်စဖော်မာ တစ်လုံးကို မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်ကျော်ထွန်း ဦးဆောင်၍ တာဝန်ရှိသူများက ဇန်နဝါရီ ၂၇ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲရန် ဗို့အားပြည့်ဓာတ်အားများ အောင်မြင်စွာ ထုတ်လွှင့်ပေးနိုင်ကြောင်း သိရသည်။

**(ဝင်းမင်း)**






# ကလေးစာပေပွဲတော် ပထမနေ့ လာရောက်သူများဖြင့် စည်ကားများပြား



**မန္တလေး ဇန်နဝါရီ၂၇**

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပထမနေ့ကို မန္တလေးမြို့ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (MIIT) တွင် ကျင်းပရာ ပြပွဲစတင်ချိန် နံနက်ပိုင်းမှ ပြပွဲသိမ်းချိန် ညနေ၅နာရီအထိ လာရောက်လေ့လာသူများ၊ ပါဝင်ဆင်နွှဲသူများနှင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် မန္တလေးမြို့ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေး အစီအစဉ် ၂၆၊ ဒေါ်မမနိုင် ရုပ်သေးအဖွဲ့မှ ဖျော်ဖြေတင်ဆက်မှု၊ မျက်လှည့်ဆရာများ၏ တင်ဆက်မှုများကို ပွဲတော်လာသူများက တစ်ခဲနက်အားပေးခဲ့ကြသည်။ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများမှ ပါဝင်ယှဉ်ပြိုင်ကြသည့် ပုံပြင်ပြောပြိုင်ပွဲ၊ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည့် ကျပန်းစကားပြောပြိုင်ပွဲ၊ ကျောင်းသားကျောင်းသူများနှင့် ပွဲတော်လာကလေးများ၏ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပဟေဠိပြိုင်ပွဲများနှင့် စုပေါင်းယှဉ်ပြိုင်ရသည့် ပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး တာဝန်ရှိသူများက အမှတ်ပေးခြင်း၊ ဆုများပေးအပ်ခြင်းများဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

စာရေးဆရာညီစေမင်းက တိုင်းရင်းသားစည်းလုံးမှုကို ဖော်ညွှန်းနေသော တိုင်းရင်းသားပုံပြင်များ၊ ကဗျာဆရာမင်းနဒီခက "ကျွန်တော်နှင့် ကလေးကဗျာဖြတ်သန်းမှု" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲကို လည်းကောင်း ဆရာအောင်မြင့်ဦး၊ ဆရာမမကို၊ ဆရာမနှင်းဆီအောင်တို့က "ကလေးအားလုံးခိုလှုံစေချင် စာကြည့်တိုက်ရင်ခွင်" ခေါင်းစဉ်ဖြင့် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို လည်းကောင်း ကျင်းပခဲ့ရာ ပွဲတော်လာရောက်သူများက စိတ်ဝင်တစားနားထောင်ခဲ့ကြသည်။

ပွဲတော်ကို အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ နှုတ်မှုရေးရာစွမ်းရည်များ မြင့်မားလာစေရန်နှင့် စာပေနှင့်ရင်းနှီးပြီးပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးပေးရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး မန္တလေးမြို့ပေါ်ရှိ ပုဂ္ဂလိကကျောင်းများ၊ အသင်းအဖွဲ့များနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ စာကြည့်တိုက်များ မန္တလေးမြို့ အ. ထ. က (၂၆)မှ ခင်းကျင်းပြသည့် လိပ်ပြာမျိုးစုံ၊ အင်းဆက်များပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးပြခန်းများ၊ စာအုပ်ထုတ်ဝေရေးနှင့်ဖြန့်ချိရေးလုပ်ငန်းများမှ စာအုပ်အရောင်းဆိုင်များ၊ စားသောက်ဖွယ်ရာ အရောင်းဆိုင်များ ဖွင့်လှစ်ပြသရောင်းချခဲ့ကြကြောင်း တွေ့ရသည်။

**အေးမြ (မန္တလေး)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်(ရွှေဈေး) ၈၆၁၀၀၀ - ၈၆၁၀၀၀ မန္တလေး(ရွှေဈေး) ၈၆၁၀၀၀ - ၈၆၁၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၆၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၇. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၅. ၄၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၀၉၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၉၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၇၃၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၇၃. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄. ၈၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၃. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၃. ၉၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

**○ ကျောဖုံးမှ**

နိုင်ခဲ့သော်လည်း ၃၃ မိနစ်တွင် ရန်ပိုင်ဖန်တီးပေးသော ဘောလုံးကို အနိုင်ဂိုးအဖြစ် ပြောင်းလဲပေးခဲ့သည်။ ဒုတိယပိုင်းတွင် မကွေးအသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ရတနာပုံ ခံစစ်ပိုင်းဆင့်ကဲဆင့်ကဲ ဖျက်ထုတ်ခဲ့ရသည်။ ၈၁ မိနစ်တွင် နောက်ခံလူ မိုက်ကယ်ပိတ်သွင်းယူခဲ့သော်လည်း လူကျွံဘောဖြစ်နေသောကြောင့် မကွေးအသင်း နစ်နာခဲ့ရသည်။ ပွဲပြီးခါနီးတွင် မကွေးကွင်းလယ်ကစားသမား မောင်မောင်စိုးနှစ်ဝါ၊ တစ်နီဖြင့်ထုတ်ပယ်ခံခဲ့ရသည်။ မကွေးအသင်းသည် ရာသီအစသုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၂)ဒုတိယနေ့ကို ဇန်နဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်နှင့်ဧရာဝတီ၊ အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် ရှမ်းယူနိုက်တက်၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်နှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

# မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအား အကောင်အထည်ဖော်ရေး

## ဒေါက်တာဝါဝါမောင် (စီမံ/ဘဏ္ဍာ)

ယနေ့ ကမ္ဘာ့နိုင်ငံများ၏ အဓိကအရေးအကြီးဆုံးသော ဦးတည်ချက်မှာ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးပင် ဖြစ်သည်။ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများကလည်း မိမိတို့နိုင်ငံကို ဆိုးသွမ်းသံသရာလည်ပတ်မှုမှ ထိုးဖောက်လွတ်မြောက်ရန် ကြိုးပမ်းနေကြသကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများကလည်း ရရှိပြီးသားဖွံ့ဖြိုးမှုကို ဆက်လက်တည်တံ့နိုင်စေရေးအတွက် ကြိုးပမ်းနေကြသည်ပင်။

ယခုအခါ ဖွံ့ဖြိုးမှု၏အဓိပ္ပာယ်မှာ ပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။ ဖွံ့ဖြိုးမှုဟုဆိုရာတွင် စီးပွားရေးရှုထောင့် (Economic Aspect)၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကောင်းကျိုး (Material Well-being)တို့နှင့်သာရှုမြင်၍ မပြည့်စုံနိုင်ဘဲ စိတ်ပိုင်းဆိုင်ရာခံစားမှုများ (Spiritual and Mental Well-being) တို့ကိုပါ ထည့်သွင်းကာ ဖွံ့ဖြိုးမှုကို အရည်အသွေးရှုထောင့် (Quality Aspect) မှလည်း စဉ်းစားလာခဲ့ကြပြီဖြစ်သည်။ သို့ဖြစ်ရာ ဖွံ့ဖြိုးမှုဆိုသည်မှာ လူနေမှုဘဝ အရည်အသွေးတိုးတက်လာခြင်း (Promoting quality of life) ပင် ဖြစ်ပါသည်။

**ကမ္ဘာ့ဖွံ့ဖြိုးမှု အစီအစဉ်အရွေ့**

ကမ္ဘာ့ကုလသမဂ္ဂမှ ထောင်စုနှစ်အသစ်တစ်ခုသို့ ကူးပြောင်းမှုကို ဆင်နွှဲသည့်အနေဖြင့် လူသားဖွံ့ဖြိုးမှု (Human Development) တိုးတက်ဖြစ်ပေါ်စေရေးအတွက် ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များ ( Millennium Development Goals-MDGs) အား ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ချမှတ်အကောင်အထည်ဖော်ခဲ့ကြပါသည်။ **၂၁ ရာစုသို့ ရောက်ရှိလာချိန်တွင် Globalization အသီးအပွင့်တို့ကို ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာခွဲဝေခံစားနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ၏ ရာစုသစ်ကြေညာချက် (Millennium Declaration)အဖြစ် ကြေညာခဲ့သည့် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များသည် ၂၀၁၅ ခုနှစ်အကုန်တွင် ပြီးဆုံးခဲ့ပြီဖြစ်သည်။** ယခုအခါ ကမ္ဘာ့ဖွံ့ဖြိုးမှုပန်းတိုင်များသည် ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များ ( MDGs) အဖြစ်မှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) အဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ စတင်အသက်ဝင်ခြင်း**

ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံများအနေဖြင့် ၂၀၀၀ ပြည့်နှစ်က ချမှတ်ခဲ့သည့် ထောင်စုနှစ်ပန်းတိုင်များအား အကောင်အထည်ဖော်ဆောင်ခဲ့ရာတွင် အောင်မြင်မှုများ တည်ရှိခဲ့သလို အချို့သော စိန်ခေါ်မှုများကိုလည်း ဆက်လက်၍ ရင်ဆိုင်ရဦးမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂစုံညီအစည်းအဝေးတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals -SDGs)အား အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ အသက်ဝင်ခဲ့ပြီ ဖြစ်သည်။

**၂၀၁၅ ခုနှစ်အလွန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ**

ကမ္ဘာ့နိုင်ငံများအတွက် ထောင်စုနှစ်ပန်းတိုင်များအား ပြည့်မီစွာမအောင်မြင်ခဲ့သော နိုင်ငံများအနေဖြင့် ဆောင်ရွက်ရန် ကျန်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများအပါအဝင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ **၂၀၃၀ ပြည့်နှစ်အထိ ကမ္ဘာ့ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် အကောင်အထည်ဖော်ရန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များမှာ** အောက်ပါအတိုင်း ဖြစ်ပါသည်-

- **ပန်းတိုင်(၁)**- နေရာအနှံ့ ဆင်းရဲမှုပုံစံအားလုံး အဆုံးသတ်ရေး (Goal 1 - End poverty in all its forms everywhere)
- **ပန်းတိုင် (၂)**- ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝမှု တိုးတက်ရေးနှင့် စဉ်ဆက်မပြတ် စိုက်ပျိုးရေးဖြစ်ပေါ် တိုးတက်စေရေး (Goal 2- End hunger, achieve food security and improved nutrition, and promote sustainable agriculture)
- **ပန်းတိုင် (၃)**- လူတိုင်းစေ့ကျန်းမာရေးနှင့် သာယာဝပြောရေး (Goal 3 - Ensure healthy lives and promote well-being for all at all ages)
- **ပန်းတိုင်(၄)**- လူသားအားလုံး အကျိုးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေး ( Goal 4 - Ensure inclusive and equitable quality education and promote life-long learning opportunities for all )
- **ပန်းတိုင်(၅)**- ကျား၊ မ တန်းတူညီမျှရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေး ( Goal 5- Achieve gender equality and empower all women and girls)
- **ပန်းတိုင်(၆)**- လူသားတိုင်း သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး (Goal 6- Ensure availability and sustainable management of water and sanitation for all)
- **ပန်းတိုင်(၇)**- လူသားတိုင်းတတ်နိုင်သော၊ စိတ်ချရသော၊ ရေရှည်တည်တံ့ခိုင်မြဲသော၊ ခေတ်မီစွမ်းအင်ရရှိရေး ( Goal 7- Ensure access to affordable, reliable, sustainable, and modern energy for all)
- **ပန်းတိုင်(၈)**- စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်တိုးတက်ဖြစ်ပေါ်ရရှိစေရေး (Goal 8- Promote sustained, inclusive and sustainable economic growth, full and productive employment and decent work for all.)
- **ပန်းတိုင်(၉)** - ကြံ့ခိုင်သော အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း၊ အားလုံးအကျုံးဝင်ပြီးရေရှည်တည်တံ့သည့် စက်မှုထူထောင်ခြင်းနှင့် တီထွင်ဆန်းသစ်မှုများအား အားပေးမြှင့်တင်ရေး (Goal 9- Build resilient infrastructure, promote inclusive and sustainable industrialization and foster innovation)
- **ပန်းတိုင်(၁၀)**- နိုင်ငံတွင်းနှင့် နိုင်ငံများအကြား မညီမျှမှုလျှော့ချရေး (Goal 10- Reduce inequality within and among countries)
- **ပန်းတိုင်(၁၁)**- အားလုံးအကျုံးဝင်ပြီး လုံခြုံစိတ်ချစွာဖြင့် ကြံ့ခိုင်ပြီး ရေရှည်စဉ်ဆက်မပြတ် တိုးတက်မှုကို ဖြစ်စေမည့် မြို့ပြများနှင့် အခြေချနေထိုင်မှုများ ဖြစ်ပေါ်စေရေး (Goal 11- Make cities and human settlements inclusive, safe, resilient and sustainable)
- **ပန်းတိုင်(၁၂)**- ရေရှည်တည်တံ့စေမည့် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများ ဖြစ်ပေါ်စေရေး ( Goal 12- Ensure sustainable consumption and production patterns)
- **ပန်းတိုင်(၁၃)**- ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏ အကျိုးသက်ရောက်မှုများကို လျော့ပါးစေရေးအတွက် အရေးကြီးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး (Goal 13- Take urgent action to combat climate change and its impacts)
- **ပန်းတိုင် (၁၄)**- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေသယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး (Goal 14- Conserve and sustainably use the oceans, seas and marine resources for sustainable development.)
- **ပန်းတိုင် (၁၅)** - ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းကာ ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေး၊ သဲကန္တာရများ ဖြစ်ပေါ်စေမှုအား ပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းပျက်စီးမှု ရပ်တန့်စေရေး၊ ဇီဝမျိုးစုံ၊ မျိုးကွဲ ပြုန်းတီးမှုရပ်တန့်စေရေး၊ (Goal 15- Protect, restore and promote sustainable use of terrestrial ecosystems, sustainably manage forests, combat desertification, and halt and reverse land degradation and halt biodiversity loss)
- **ပန်းတိုင်(၁၆)**- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး၊ အားလုံးအတွက် တရားမျှတမှု ဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော လူတိုင်းအကျုံးဝင်သည့် အဖွဲ့အစည်းများ ထူထောင်ရေး (Goal 16- Promote peaceful and inclusive societies for sustainable development, provide access to justice for all and build effective, accountable and inclusive institutions at all levels.)
- **ပန်းတိုင် (၁၇)**- အကောင်အထည် ဖော်ဆောင်မှုအား ဖြစ်ပေါ်စေမည့် အထောက်အပံ့များ အားကောင်းစေခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အားကောင်းစေရေး (Goal 17- Strengthening the means of implementation and revitalize the Global Partnership for Sustainable development.)




**စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအား လေ့လာပါက အသေးစိတ်ကာ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရမည့်အနေအထားဖြစ်ပြီး အားလုံးအတွက် ညီညွတ်မျှတသည့် ဖွံ့ဖြိုးမှုအဆင့်အား ပိုမိုမြှင့်တင်ရမည့် ရည်မှန်းချက်ပန်းတိုင်များဖြစ်ပါသည်။ စုစုပေါင်း ပန်းတိုင် ၁၇ ခုတွင် ရည်မှန်းချက်ပေါင်း ၁၆၉ ခုရှိပြီး တိုင်းတာမည့် ညွှန်းကိန်းပေါင်း ၂၄၂ ခု ရှိမည်ဖြစ်သည်။**

သို့ဖြစ်ပါ၍ အသစ်ပြဋ္ဌာန်းလိုက်သည့် **စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအား လေ့လာပါက အသေးစိတ်ကာ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရမည့် အနေအထားဖြစ်ပြီး အားလုံးအတွက် ညီညွတ်မျှတသည့် ဖွံ့ဖြိုးမှုအဆင့်အား ပိုမိုမြှင့်တင်ရမည့် ရည်မှန်းချက်ပန်းတိုင်များ ဖြစ်ပါသည်။ စုစုပေါင်း ပန်းတိုင် ၁၇ ခုတွင် ရည်မှန်းချက်ပေါင်း ၁၆၉ ခုရှိပြီး တိုင်းတာမည့် ညွှန်းကိန်းပေါင်း ၂၄၂ ခု ရှိမည်ဖြစ်သည်။ နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့်အလိုက် စီမံချက်အကောင်အထည်ဖော်မှုများအား ရေးဆွဲဖော်ဆောင်ကြရန် ကမ္ဘာ့ကုလသမဂ္ဂမှ လမ်းညွှန်ထားပါသည်။ နိုင်ငံတိုင်း၏ နှစ်တိုနှစ်ရှည် စီမံကိန်းများတွင် အဆိုပါပန်းတိုင်များ အောင်မြင်စေရေးအတွက် စီမံချက်များ၊ အောင်မြင်မှုကို တိုင်းတာနိုင်သည့် ညွှန်းကိန်းများ တိုးတက်စေရေးကိစ္စများ ပါဝင်စေရန်** လိုအပ်ပါသည်။

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် မြန်မာ**

**မိမိတို့နိုင်ငံအနေဖြင့် ထောင်စုနှစ်ပန်းတိုင်များအား အကောင်အထည်ဖော်ဆောင်ရာတွင် ပညာရေး၊ ကျန်းမာရေး အစရှိသည့် နယ်ပယ်များတွင် အောင်မြင်တိုးတက်မှုများရှိခဲ့သော်လည်း ဆက်လက်၍ အရည်အသွေးပြည့်ဝစွာ တိုးတက်စေရန် လိုအပ်လျက်ရှိပါသည်။ ထောင်စုနှစ်ပန်းတိုင်များ၏ အဓိကဖြစ်သည့်** ဆင်းရဲမှုလျော့နည်းကျဆင်းရေးအတွက် ပထမ ငါးနှစ်စီမံကိန်း၏ ဦးစားပေးအဖြစ် **ဆင်းရဲမှုလျော့နည်းကျဆင်းရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး** တို့အတွက် အောက်ခြေ (Grassroots Level)အထိ ရောက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တိုးတက်မှုများရှိသော်လည်း တစ်နိုင်ငံလုံး ပျံ့နှံ့မှုအတိုင်းအတာအားဖြင့် **ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လုပ်ငန်းများစွာ ကျန်ရှိနေပါသေးသည်။ ကျေးလက်ဒေသဆင်းရဲမှု(Rural Poverty) သာမက တိုးတက်ကျပ်သိပ်လာသည့် လူဦးရေနှင့်အတူ ဖြေရှင်းရမည့် မြို့ပြဆင်းရဲမှု (Urban Poverty) ကိုလည်း လျစ်လျူရှု၍ မရနိုင်ပါသဖြင့် ဘက်ညီမျှတစွာ တိုးတက်မှုအတွက်လည်း ဖောင်းပေးဆောင်ရွက်ရန်ဖြစ်ပါသည်။**

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး (Graduation from LDCs) အတွက် ကြိုးပမ်းရာတွင် ရယူနိုင်သည့် ခံစားခွင့်များ (Priveliges for LDCs) အားလုံးကို အသုံးချကာ ကမ္ဘာ့စီးပွားရေးအဆောက်အအုံနှင့်ချိတ်ဆက်၍ ကုန်သွယ်မှုအထူးအခွင့်အရေးများ ရယူကာ ကုန်သွယ်မှုတိုးတက်စေခြင်းမှ တစ်ဆင့်** သင့်တော်မျှတသော ယှဉ်ပြိုင်မှုဖြင့် ဈေးကွက်ရရှိစေခြင်း၊ လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်တစ်ရပ် ဖြစ်ပေါ်စေခြင်း၊ လိုအပ်သည့် အခြေခံအဆောက်အအုံ ထူထောင်ခြင်း၊ ကုန်သွယ်ရေးအတွက် အကူအညီ (Aid for Trade) ရယူကာ ကုန်သွယ်မှုတိုးမြှင့်ခြင်းအားဖြင့် ဆင်းရဲမှုလျော့နည်းစေရန် ဆောင်ရွက်ခြင်း၊ နိုင်ငံခြားအကူအညီအထောက်အပံ့နှင့် နည်းပညာရယူခြင်းတို့အား ဆောင်ရွက်ရန်ဖြစ်ပါသည်။

**စာမျက်နှာ ၁၂ သို့ ○**

# ရန်ကုန်မြို့၌ ခေတ်မီအမှိုက်လှည်း၊ အမှိုက်သိမ်းယာဉ်များအသုံးပြုမည်



**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့တော်သန့်ရှင်းရေးလုပ်ငန်းများအား ပြောင်းလဲလာသော စနစ်နှင့်အညီ အမှိုက်လှည်း၊ အမှိုက်သိမ်းစနစ် အဆင့်မြှင့်တင်နိုင်ရန် လိုအပ်လာသည့်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံမှ ဝယ်ယူရောက်ရှိလာသော ခေတ်မီအမှိုက်သိမ်းယာဉ်၊ အမှိုက်လှည်းယာဉ်နှင့် အမှိုက်သိမ်းယန္တရား ၄၂ စီးအား မြို့နယ်များအတွင်း အသုံးပြုသွားမည့် အခြေအနေများနှင့်ပတ်သက်၍ မီဒီယာရှင်းလင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှေ့မျက်နှာစာ မဟာဗန္ဓုလလမ်း၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး တက်ရောက်ပြီး ပြည်ပမှ ရောက်ရှိလာသော ခေတ်မီအမှိုက်သိမ်းယာဉ် အမျိုးမျိုးအား ကြည့်ရှုစစ်ဆေးကာ ဌာနအတွင်း သိမ်းဆည်းထားသည့် ပုံစံစနစ်မဟုတ် ဘဲ မြို့တော်သန့်ရှင်းရေးအတွက် အချိန်နှင့်တစ်ပြေးညီ သုံးစွဲသွားရန် တာဝန်ရှိသူအဆင့်ဆင့်ကို မှာကြားသည်။

ယနေ့ ရန်ကုန်မြို့တော်အတွင်း လာရောက်အခြေပြုမှီတင်းနေထိုင်မှုသည် အချိန်နှင့်အမျှ တိုးပွားလျက်ရှိနေသလို မှီတင်းနေထိုင်သော မြို့တော်သူ မြို့တော်သားများ၏ နေထိုင်မှု အဆင့်အတန်းကလည်း အမြဲ ပြောင်းလဲနေသည့်အတွက် ပြောင်းလဲမှုနှင့်အတူ သန့်ရှင်းရေး သုံးစက်ပစ္စည်း ယာဉ်ယန္တရားများကိုလည်း ခေတ်စနစ်နှင့်အညီ ဖြည့်ဆည်းသုံးစွဲခြင်းဖြစ်ကြောင်း၊ မြို့တော်တစ်ခုလုံး အမြဲထာဝရ သန့်ရှင်းအောင်ဆောင်ရွက်ရန်အတွက် မြို့တော်နေပြည်သူများအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးမှသာ မြို့တော်ကြီးသန့်ရှင်းရေးလုပ်ငန်းများ အောင်မြင်လာမည်ဖြစ်ကြောင်း မီဒီယာများမေးမြန်းမှုကို ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၏ ဖြေကြားချက်အရ သိရသည်။

ရန်ကုန်မြို့တော် သန့်ရှင်းရေးလုပ်ငန်းသုံး အမှိုက်သိမ်းယာဉ်၊ အမှိုက်လှည်းယာဉ်၊ ယန္တရားယာဉ်အမျိုးမျိုးကို ပြည်ပနိုင်ငံမှ မှာယူဖြည့်တင်းရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းမြန်မာကျပ်ငွေ ၆ ဒသမ ၁၁ ဘီလီယံကျော်ရှိပြီး ယခုရောက်ရှိသည့် အမှိုက်လှည်းယာဉ်လေးစီး၊ အမှိုက်သိမ်းယာဉ်ငယ် အစီး ၃၀၊ ယန္တရားရှစ်စီး စုစုပေါင်း ၄၂ စီးကို ပြသရှင်းလင်းခြင်းဖြစ်သည်။ ပြည်ပတွင်မှာယူထားသည့် အစီး ၁၁၄ စီးအနက် ၄၂ စီးကို ပြသခြင်းဖြစ်သည်။ စုစုပေါင်းမှာယူထားသည့် ယာဉ်များအနက် ယခုလက်တွေ့ပြသသော အမှိုက်လှည်းယာဉ်သည် ဂျာမနီနိုင်ငံမှ ဝယ်ယူခြင်းဖြစ်သည်။ ၎င်းယာဉ်သည် INDOOR တွင်သာမက OUTDOOR တွင်လည်း အမှိုက်များ၊ ဖုန်များကို သွက်လက်မြန်ဆန်စွာ သိမ်းဆည်းပေးနိုင်ခြင်း၊ လမ်းပေါ်တွင် ထင်ကျန်ရစ်သော ဆီကွက်များ၊ အညစ်အကြေးများကိုလည်း ရေဖြင့်ပွတ်တိုက်ဆေးကြောပေးနိုင်ခြင်း၊ စိမ်းလန်းသော ပန်းခြံမြက်ခင်းများတွင် မြက်ရိတ်စက်ဖြင့် အသုံးပြုနိုင်ခြင်း၊ လမ်းလယ်ကျွန်းမြက်ခင်းပေါ်တွင်ကျသော အမှိုက်များကိုလည်း သိမ်းဆည်းနိုင်ခြင်း၊ အမှိုက်လှည်း ယာဉ်ငယ်ဖြစ်သည့်အတွက် ယာဉ်သွားလာမှုကို အနှောင့်အယှက်မဖြစ်ဘဲ အချိန်တိုအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်နိုင်သော စက်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဦးသန်းဌေး၏ ရှင်းပြမှုအရသိရသည်။

လက်ရှိအသုံးပြုနေသော လက်တွန်းလှည်းသုံး အမှိုက်သိမ်းလှည်းနေရာများတွင် ခေတ်မီအမှိုက်သိမ်းစက်တပ်ယာဉ်ငယ်များ အစားထိုး အသုံးပြုနိုင်ရန် သုံးဘီးမော်တော်ဆိုင်ကယ်နှင့် ချိတ်ဆက်ထားသော အမှိုက်သိမ်းယာဉ်ငယ်များကိုလည်း ပြည်ပတွင် အစီး ၁၀၀ ကျော် မှာယူထားကြောင်း သိရသည်။ **(စောသိန်းဝင်း)**

**✱ လားရှိုးမှ**

အဆိုပါ လားရှိုးလေဆိပ်အဆောက်အအုံသစ်သည် အလျား ပေ ၂၀၀၊ အနံ ပေ ၈၀ (ပင်မအဆောက်အအုံ)၊ အလျား ပေ ၁၂၀၊ အနံ ၂၅ ပေ၊ (Landside Portico)၊ အလျား ပေ ၁၈၀၊ အနံ ၂၅ ပေ (Airside Verandah)၊ အလျား ပေ ၁၂၀၊ အနံ ၁၂ ပေ (Landside Verandah) ပါပြီး သံကူကွန်ကရစ် တစ်ထပ်အမျိုးအစားဖြစ်ကာ ကြမ်းခင်းဧရိယာ စုစုပေါင်း စတုရန်းပေ ၂၅၇၄၀ ရှိသည်။ (Reinforced Concrete Roof Slab) နှင့် (Steel Structure Amcan Roof) ကို အမိုးအဖြစ်အသုံးပြုလျက် ကြွေပြားခင်းကြမ်းခင်း၊ အုတ်နံရံ Glass Partition Composite Parapet Wall Aircon (5) ton 6 nos CCTV 12 nos, PA System, Speaker Box (7) nos, X-ray 2 nos နှင့် Toilet 24 nos တို့ကို ထည့်သွင်းတည်ဆောက်ထားသည်။

လေဆိပ်အဆောက်အအုံသစ်တည်ဆောက်ခြင်းနှင့် လေဆိပ်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သန်း ၆၀၀ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သန်း ၁၅၀၀ စုစုပေါင်း ငွေကျပ် သန်း ၂၁၀၀ ကုန်ကျခဲ့သည်။

ယခုအခါတွင် လေကြောင်းလိုင်း ခြောက်လိုင်းဖြင့် ခရီးသည်များဝင်ထွက်သွားလာရန်အတွက် လုံလောက်မှုမရှိတော့သဖြင့် လေယာဉ်များဆိုက်ရောက်သည့်အချိန် ၁ နာရီအတွင်း အဝင်ခရီးသည် ၂၀၀ နှင့် အထွက် ခရီးသည် ၂၀၀ တစ်ပြိုင်တည်း အသုံးပြုနိုင်သည့် လေဆိပ်အဆောက်အအုံသစ် ပေ (၂၀၀×၈၀) တစ်ထပ်သံကူကွန်ကရစ် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာလမှစတင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် လေဆိပ်အဆောက်အအုံသစ်နှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**(ဝ၀၁)**

# 2017 Leopalace 21 မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့ ကြီးမှူး၍ မြန်မာပီဂျီအေ၊ Asian Tourနှင့် Japan Golf Tour တို့ ပူးပေါင်းကာ Leopalace 21 ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် 2017 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပရာ ဂျပန်ကစားသမား Yusaku MIYAZATO က ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ဒုတိယနေ့အပြီးတွင် Yusaku MIYAZATO (ဂျပန်) က သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက် လျှော့ရိုက်ကာ ထိပ်ဆုံးမှဦးဆောင်နေပြီး Keith HORNE (တောင်အာဖရိက) က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ပြီး ဒုတိယ၊ K.T. KIM (တောင်ကိုရီးယား)နှင့် Makoto INOUE (ဂျပန်) တို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက် လျှော့ရိုက်ကာ တတိယနေရာတို့တွင် ရပ်တည်နိုင်ခဲ့သည်။ Miguel TABUENA (ဖိလစ်ပိုင်)၊ Masahiro KAWAMURA(ဂျပန်)၊ Sihwan KIM (အမေရိကန်)၊ Michio MATSUMURA (ဂျပန်)၊ Richard T. LEE (ကနေဒါ)၊ Kyungnam KANG (တောင်ကိုရီးယား)နှင့် Junggon HWANG (တောင်ကိုရီးယား)တို့က သတ်မှတ်ရိုက်ချက်ထက်ခြောက်ချက်ဖြင့်နောက်မှလိုက်နေသည်။ ဒုတိယနေ့အပြီးတွင် လက်ကျန်ပွဲများအတွက် Cut သတ်မှတ်ရာ လက်ရှိချန်ပီယံ ရှောင်နောရစ်(တောင်အာဖရိက)၊ မြန်မာကစားသမားများမှာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ပြိုင်ပွဲတတိယနေ့ပွဲစဉ်များကို ဇန်နဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(ရဲရင့်ရှိန်း)**

■

❍ စာမျက်နှာ ၁၁ မှ

ထို့ကြောင့် **ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံအနေဖြင့် မိမိတို့ရရှိနိုင်မည့် အခွင့်အရေးများအား သိရှိနားလည်ပြီး ကျွမ်းကျင်လိမ္မာစွာဖြင့် မိမိနိုင်ငံအတွက် အခွင့်အရေးကို အကျိုးရှိစွာ ရယူနိုင်ရန်ဖြစ်ပါသည်။**

**ထို့ပြင် မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များစွာအား ချဉ်းကပ်ဖောင်းပေးဆောင်ရွက်နိုင်ရေးအတွက် ညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် မရှိမဖြစ်အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ဖွံ့ဖြိုးမှုနှင့်သက်ဆိုင်သည့် ပါဝင်ပတ်သက်သူများအားလုံးတို့ ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိပါသည်။**

**နိုင်ငံသားတိုင်း၏ မိမိနိုင်ငံအတွက်ထားရှိသည့် လိုအင်ဆန္ဒများ**

စီးပွားရေးကောင်းမွန်ခြင်း ( A Good Economy)၊ လူ့အဖွဲ့အစည်းကောင်းတစ်ရပ် ထူထောင်လိုခြင်း (A Good Society)၊ နိုင်ငံရေးဖြစ်စဉ်များ ကောင်းမွန်ခြင်း (A Good Political Process) တို့သည် လူသားတိုင်း၊ နိုင်ငံသားတိုင်း၏ မိမိတို့နိုင်ငံအတွက် ဖြစ်စေလိုသည့် ဆန္ဒများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ **မိမိတို့နိုင်ငံသည် နောက်ကျကျန်နေခဲ့ရသည့် နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာဆောင်ရွက်ရန် လိုအပ်နေသည်ဖြစ်ရာ စုစည်းညီညွတ်မှု၊ ပေါင်းစည်းမှု၊ စိတ်ရှည်သည်းခံမှု၊ ဒီမိုကရေစီ၏ အနှစ်သာရအား စည်းကမ်းရှိစွာဖြင့် လက်တွေ့ကျင့်သုံးနိုင်မှုများနှင့်အတူ အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်သည့် အကျိုးရလဒ်နှင့် ဖွံ့ဖြိုးမှုများဖြစ်ပေါ်စေရေးအတွက် အခြားကမ္ဘာ့နိုင်ငံများနှင့်အတူ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင် တုံ့ဆိုင်းခြင်းမရှိစေဘဲ ခပ်သော့သော့နှင့် အရောက်လှမ်းနိုင်ရေးမှာ အရေးပါလှပေသည်။ နိုင်ငံများအကြား ယှဉ်ပြိုင်မှု (Competitiveness) ဆိုသည်မှာ အဆိုပါနိုင်ငံများ၏ ပြုပြင်ပြောင်းလဲမှုများ၏အရည်အသွေး (Quality) နှင့် အရှိန်အဟုန်(Speed)တို့အား ယှဉ်ပြိုင်ခြင်းဖြစ်ပါသည်။**

**မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအား အကောင်အထည်ဖော်ရေး**

၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် အချက်အလက်အသုံးပြုသူများ၊ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်း၍ SDGs indicators တွက်ချက်ဖော်ထုတ်နိုင်ရေးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များဆိုင်ရာ အသိပညာဖြန့်ဝေသည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများကို ကျင်းပပြုလုပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ ကလေးသူငယ်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်စေရန်အတွက် လိုအပ်သည့် မူဝါဒဆိုင်ရာ ထည့်သွင်းစဉ်းစားရန် အချက်များပေါ်ပေါက်စေရန် ရည်ရွယ်၍ ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့ပူးပေါင်း၍ "မြန်မာ့ကလေးများဖွံ့ဖြိုးဖို့ မျှော်မှန်းချက်သစ်နှင့် ရလဒ်သစ်များဖြင့် အားထုတ်စို့"ဆောင်ပုဒ်ဖြင့် အဆင့်မြင့်ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲမှ ပေါ်ထွက်လာသည့် မူဝါဒတင်ပြချက်များအား အစိုးရအဖွဲ့သို့ တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ကဏ္ဍဆိုင်ရာ နှစ်စဉ်စီမံကိန်းများ၊ နှစ်လတ်နှင့် နှစ်ရှည်စီမံကိန်းများတွင် ထည့်သွင်းအကောင်အထည်ဖော်ရေးအတွက် လမ်းညွှန်ထားပြီးဖြစ်ပါသည်။

ထို့အပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ညွှန်ကိန်းအသစ်များတိုင်းတာနိုင်ရန် မြန်မာနိုင်ငံ၏ စာရင်းအင်းရရှိနိုင်မှုအခြေအနေအား အကဲဖြတ်မှုအစီရင်ခံစာ( SDGs Data Assessment Report for Myanmar) ကို ဗဟိုစာရင်းအင်းအဖွဲ့နှင့် UNDP တို့ ပူးပေါင်းထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ အစီရင်ခံစာအရ အရန်သင့်အသုံးပြုနိုင်သော ညွှန်ကိန်း ၄၄ ခု၊ အနည်းငယ် အားထုတ်မှုပြုပြီးနောက် ရရှိနိုင်သည့် ညွှန်ကိန်း ၇၈ ခုနှင့် ပိုမိုအားထုတ်ပြီးမှ ရရှိနိုင်သော ညွှန်ကိန်း ၁၉ ခုရှိပါသည်။

အဆိုပါ အချက်အလက် အကဲဖြတ်မှုအစီရင်ခံစာကို ထုတ်ဝေပြီးနောက် SDGs Indicators Baseline report for Myanmar ဆက်လက်ထွက်ရှိနိုင်ရေးအတွက် ဗဟိုစာရင်းအင်းအဖွဲ့နှင့် UNDP တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မူကြမ်းထွက်ရှိပြီးဖြစ်ပါသည်။ Baseline report ကို ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းတွင် ထွက်ရှိနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

Baseline Report ထွက်ရှိနိုင်ရေးအတွက် Technical Workshop on SDGs Indicator Baseline Report for Myanmar အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ဗဟိုစာရင်းအင်းအဖွဲ့မှ ကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့အပြင် SDGs Indicator များတွက်ချက်ဖော်ထုတ်သည့်နည်းလမ်းများ သိရှိစေရန်အတွက် ဗဟိုစာရင်းအင်းအဖွဲ့နှင့် UNDP တို့ပူးပေါင်း၍ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများအား စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ညွှန်ကိန်းများအနက် အဓိကကျသည့် ညွှန်ကိန်းများအလိုက် ဆွေးနွေးပွဲချရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

နောင်လာမည့် ကာလများတွင်လည်း UNDP နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် မြန်မာနိုင်ငံမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စစ်တမ်းများကောက်ယူရာတွင်လည်းကောင်း၊ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များတွင်လည်းကောင်း ပိုမိုအနီးကပ် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်ခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအား အကောင်အထည်ဖော်ဆောင်ရန်မှာ **နိုင်ငံသားတိုင်း၊ Stakeholder တိုင်းနှင့် သက်ဆိုင်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားတိုင်း၊ Stakeholder တိုင်းက မိမိတို့နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ အရှိန်အဟုန်ဖြင့် အသော့နှင်နိုင်ရေးအတွက် နိုင်ငံသားကောင်းပီသစွာဖြင့် ကျရာနေရာမှ အချိတ်အဆက်မိမိဖြင့် ပူးပေါင်းတာဝန်ယူ ပါဝင်ဆောင်ရွက်ကြရန်မှာ အလွန်အရေးကြီးပါသည်။ ॥**

# အီးအက်ဖ်အယ်လ်ဖလား နောက်ဆုံးဗိုလ်လုပွဲ မန်ယူအသင်းနှင့် ဆောက်သမ်တန်အသင်း တွေ့မည်





ဟားလ်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွင် မန်ယူအသင်းက ဟားလ်စီးတီးအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် အီးအက်ဖ်အယ်လ်ဖလား နောက်ဆုံးဗိုလ်လုပွဲတွင် မန်ယူအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ထိပ်တိုက်တွေ့မည်ဖြစ်သည်။

မန်ယူအသင်းသည် ပထမအကျော့ အိမ်ကွင်းအိုးထရက်ဖို့ဒ်တွင် နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ယခုဒုတိယအကျော့တွင် ဟားလ်စီးတီးအသင်း၏ အိမ်ကွင်းကေစီအိုအင်မ်ကွင်းကြီးထဲ၌ နိုင်ပွဲရရှိရေးအတွက် ရုန်းကန်ခဲ့ရသည်။ ယင်းပွဲစဉ်တွင် ဟားလ်စီးတီးအသင်းသည် ပွဲကစားချိန် ၃၅ မိနစ်တွင် ရရှိခဲ့သည့် ပင်နယ်တီသွင်းဂိုးဖြင့် ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၆၆ မိနစ်ရောက်မှသာ ကွင်းလယ်ကစားသမား ပေါ့ဘာက မန်ယူအသင်းအတွက် အဖိုးတန်ချေပဂိုးကို ပြန်လည်သွင်းယူနိုင်ခဲ့သည်။ သို့ရာတွင် ပွဲကစားချိန် ၈၅ မိနစ်တွင် ဟားလ်စီးတီးအသင်း နောက်ထပ် တစ်ဂိုးရရှိခဲ့ခြင်းကြောင့် ဒုတိယအကျော့တွင် မန်ယူအသင်းနှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ထိုသို့ ဒုတိယအကျော့ရှုံးခဲ့သော်လည်း ပထမအကျော့တွင် နှစ်ဂိုးပြတ်နိုင်ပွဲရရှိထားခဲ့ခြင်းကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် မန်ယူအသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဆောက်သမ်တန်အသင်းက လီဗာပူးအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် နောက်ဆုံးဗိုလ်လုပွဲတွင် မန်ယူအသင်းနှင့် ဆောက်တမ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမည်ဖြစ်ပြီး အဆိုပါဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **(ငွေကြယ်)**

# လက်ရည်ညီတဲ့ပြိုင်ဘက်ကို မျှော်လင့်နေတဲ့ ဖက်ဒဲရာ



ဆွစ်ဇာလန် တင်းနစ်အကျော်အမော် ဖက်ဒဲရာက သူဟာ နာဒဲလ်ရဲ့ နံပါတ်(၁) ပရိသတ်ဖြစ်သလို နာဒဲလ်ဟာ သူ့အတွက် လက်ရည်ညီတဲ့ ပြိုင်ဘက်လည်း ဖြစ်တယ်လို့ ဝေါ်ရင်ကာကို အနိုင်ယူခဲ့တဲ့ ဩစတြေးလျအိုးပင်း အကြိုဗိုလ်လုပွဲစဉ်အပြီးမှာ ပြောကြားလိုက်ပါတယ်။ ဖက်ဒဲရာက ဩစတြေးလျအိုးပင်း အကြိုဗိုလ်လုပွဲစဉ်မှာ တစ်နိုင်ငံတည်းသား စတန်းဝေါ်ရင်ကာကို အနိုင်ယူနိုင်မှုနဲ့အတူ ဗိုလ်လုပွဲကို တက်ရောက်သွားပြီးနောက် ပြိုင်ဘက်ကောင်းဖြစ်ခဲ့ဖူးတဲ့ စပိန်သား ရာဖေးလ်နာဒဲလ်နဲ့ တွေ့ဆုံဖို့ မျှော်လင့်နေတာပါ။ ဖက်ဒဲရာက နာဒဲလ်-ဒီမီထရော့ဗ်တို့ပွဲစဉ်မှ အနိုင်ရရှိသူနဲ့ ယှဉ်ပြိုင်ပြီး ဖလားလုရမှာပါ။ ဒါပေမယ့် ဖက်ဒဲရာ ဒီလိုစကားကို ပြောကြားခဲ့တာကို ထောက်ရှုခြင်းအားဖြင့် ဗိုလ်လုပွဲမှာ ဒီမီထရော့ဗ်ထက် နာဒဲလ်ကိုသာ တွေ့ဆုံလိုတယ်ဆိုတာ ထင်ရှားပါတယ်။

ဖက်ဒဲရာက ဒီမီထရော့ဗ်နဲ့ ငါးကြိမ်တွေ့ဆုံဖူးပြီး အကြိမ်တိုင်း အနိုင်ရထားတာကြောင့် ဗိုလ်လုပွဲမှာ ဒီမီထရော့ဗ်နဲ့သာ တွေ့ဆုံမယ်ဆိုရင် ဖက်ဒဲရာအတွက် ပိုမိုကောင်းတဲ့ တွေ့ဆုံမှုလည်း ဖြစ်လာပါလိမ့်မယ်။ နာဒဲလ်နဲ့ ဖက်ဒဲရာ ၃၄ ကြိမ် ပြိုင်ဘက်တွေအဖြစ် တွေ့ဆုံခဲ့ရာ ဖက်ဒဲရာက ၁၁ ကြိမ်နိုင်၊ ၂၃ ကြိမ် ရှုံးဆိုတဲ့ မှတ်တမ်း တစ်ရပ်ကို ရရှိထားပါတယ်။ ဒါကြောင့် ဖက်ဒဲရာအနေနဲ့ အစဉ်အလာပိုင်းမှာ အသာရလေ့ရှိတဲ့ ဒီမီထရော့ဗ်ကို မတွေ့ဆုံလိုပဲ နာဒဲလ်ကို ဘာကြောင့် တွေ့ဆုံလိုနေတာလဲဆိုတာ စဉ်းစားကြည့်ကြရအောင်ပါ။

နာဒဲလ်ကလည်း ဗိုလ်လုပွဲတက်ရောက်သွားပြီဖြစ်တဲ့ ဖက်ဒဲရာနဲ့ ပြန်လည်ဆုံတွေ့ရဖို့ ရည်ရွယ်ထားပေမယ့် ဒီမီထရော့ဗ်ဟာ ယုံကြည်မှုပြင်းပြင်းထန်ထန်နဲ့ ကစားတတ်သူဖြစ်တာကြောင့် သူ့ရဲ့အကောင်းဆုံး လက်စွမ်းပြသနိုင်ပါမှ ပြိုင်ဘက်ကို ကျော်ဖြတ်နိုင်မယ်လို့လည်း ဆိုခဲ့ပါတယ်။

**ဖက်ဒဲရာရရှိခဲ့တဲ့ဂရင်းစလင်းချန်ပီယံဆုများ**

| ဩစတြေးလျအိုးပင်း | ပြင်သစ်အိုးပင်း | ဝင်ဘယ်လ်ဒန်အိုးပင်း | ယူအက်စ်အိုးပင်း |
|---|---|---|---|
| ၄ | ၁ | ၇ | ၅ |

နာဒဲလ်သာ ဒီမီထရော့ဗ်ကို အနိုင်ယူပြီး ဗိုလ်လုပွဲကို တက်ရောက် နိုင်ရင် ဖက်ဒဲရာနဲ့ နာဒဲလ်တို့ရဲ့ ဂရင်းစလင်းဗိုလ်လုပွဲ ကိုးကြိမ်မြောက် ထိပ်တိုက်တွေဆုံမှုလည်း ဖြစ်လာပါလိမ့်မယ်။ ပြင်သစ်အိုးပင်းမှာ သုံးကြိမ်၊ ဝင်ဘယ်လ် ဒန်အိုးပင်း သုံးကြိမ်၊ ဩစတြေးလျအိုးပင်း တစ်ကြိမ်နဲ့ ယူအက်စ်အိုးပင်းတစ်ကြိမ် စုစုပေါင်း ရှစ်ကြိမ်အထိ တွေ့ဆုံခဲ့ပြီးဖြစ်ပါတယ်။ သူတို့ နှစ်ဦး ဂရင်းစလင်း ဗိုလ်လုပွဲအဖြစ် နောက်ဆုံး တွေ့ဆုံခဲ့တာက ၂၀၁၁ ခုနှစ် ပြင်သစ်အိုးပင်း မှာဖြစ်ပြီး ဒီပွဲစဉ်မှာ နာဒဲလ်ကဖက်ဒဲရာကို အနိုင်ယူပြီး ဗိုလ်စွဲနိုင်ခဲ့တာ ဖြစ်ပါတယ်။

တကယ်လို့ နာဒဲလ်သာ ဗိုလ်လုပွဲတက်ရောက်နိုင်မယ်ဆိုရင် ဖက်ဒဲရာ-နာဒဲလ်တွေ့ဆုံမှုက တင်းနစ်သမိုင်းအတွက် အင်မတန် အရေးကြီးတဲ့ ပွဲစဉ်တစ်ပွဲ ဖြစ်လာလိမ့်မယ်လို့ ယူအက်စ်အိုးပင်းချန်ပီယံဟောင်းဖြစ်တဲ့ ရော့ဒစ်က သုံးသပ်အဖြေထုတ်ထားပါတယ်။ မှန်ပါတယ်။ ဖက်ဒဲရာက ဂရင်းစလင်း ဖလားကို ၁၇ ကြိမ်အထိ ရယူထားပြီး နာဒဲလ်ကလည်း ဂရင်းစလင်းဖလား ၁၄ ကြိမ် အထိရယူထားနိုင်သူ ဖြစ်တာကြောင့် နှစ်ဦးစလုံးက တင်းနစ်လောကရဲ့ လက်ရည်ညီတဲ့ကစား သမားတွေအဖြစ် သတ်မှတ် ခံထားရသူတွေ ဖြစ်ပါတယ်။

လက်ရှိကမ္ဘာ့အဆင့်(၁) နဲ့ (၂) နေရာကို ရယူထားနိုင်တဲ့ ဂျိုကိုဗစ်ချ်နဲ့ အန်ဒီမာရေး နှစ်ဦးပေါင်း ဂရင်းစလင်းဖလား အရေအတွက်ကတောင် ဖက်ဒဲရာ တစ်ဦးတည်း ရယူနိုင်တဲ့ ဂရင်းစလင်းဖလား အရေအတွက်ကို လိုက်မီခြင်း မရှိသေးပါဘူး။ ဖက်ဒဲရာက တင်းနစ်လောကရဲ့ ထာဝရ အကောင်းဆုံးကစားသမားဖြစ်တယ်ဆိုရင် နာဒဲလ်က မြေစေးကွင်းဘုရင်အဖြစ် တင်းနစ်လောကကို ပြောင်းလဲနိုင်ခဲ့သူပါ။ ဒါကြောင့် ဖက်ဒဲရာအနေနဲ့ ဒီမီထရော့ဗ်ကို တွေ့ဆုံရင် သူ့အတွက် (၁၈) ကြိမ်မြောက် ဂရင်းစလင်းဖလားကို ရယူနိုင်ဖို့ ပိုမိုအခွင့်အရေးသာမှာဖြစ်ပေမယ့် နာဒဲလ်ကိုသာ ပြိုင်ဘက်အဖြစ် ရင်ဆိုင်ဖို့ မျှော်လင့်နေတာဟာ အမြင့်ဆုံးပြိုင်ပွဲမှာ လက်ရည်ညီတဲ့ ပြိုင်ဘက်ကိုသာ ရင်ဆိုင်ချင်တာက ကစားသမားကောင်း တစ်ဦးရဲ့ စိတ်ဓာတ်လို့သာ သတ်မှတ်ရတော့မှာ ဖြစ်ပါတယ်။

**(မေလှဲ့သင်း)**




# ရီးယဲလ်ဆိုစီဒက်ကို အနိုင်ရရှိသည့် ဘာစီလိုနာအသင်း စပိန်ကိုပါဒယ်ရေးဖလား အကြိုဗိုလ်လုပွဲအဆင့်တက်လှမ်း

ဘာစီလိုနာအသင်းနှင့် ရီးယဲလ်ဆိုစီဒက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်ကိုပါဒယ်ရေးဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် ပထမအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားခဲ့ရာမှ ဒုတိယအကျော့တွင် ငါးဂိုး-နှစ်ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့သည်။ ယခုယှဉ်ပြိုင်ကစားခဲ့သည့် ဒုတိယအကျော့တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ဒန်းနစ်ဆွာရက်ဇ် (၁၇ မိနစ်၊ ၈၂ မိနစ်)၊ မက်ဆီ(၅၅ မိနစ်၊ ပင်နယ်တီ)၊ လူးဝစ်ဆွာရက်ဇ် (၆၃ မိနစ်)နှင့် တူရန်(မိနစ် ၈၀)တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

စပိန်ကိုပါဒယ်ရေးဖလား အကြိုဗိုလ်လုပွဲသို့ ဘာစီလိုနာအသင်း၊ အက်သလက်တီကိုမက်ဒရစ်အသင်း၊ ဆယ်လ်တာဗီဂိုအသင်းနှင့် အလာဗက်စ်အသင်းတို့ တက်လှမ်းလာခဲ့ပြီး အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းလာခဲ့သည့် အသင်းများအနက် ဘာစီလိုနာအသင်းသည် ချန်ပီယံဆုဖလားကို ၂၈ ကြိမ် ဆွတ်ခူးထားပြီး အက်သလက်တီကိုမက်ဒရစ်အသင်းမှာ ၁၀ ကြိမ်ဆွတ်ခူးထားသည်။ ဆယ်လ်တာဗီဂိုအသင်းနှင့် အလာဗက်စ်အသင်းတို့မှာ တစ်ကြိမ်မှ ဆွတ်ခူးထားခြင်း မရှိသေးပေ။

ဘာစီလိုနာအသင်းသည် ခုနစ်နှစ်ဆက်တိုက် စပိန်ကိုပါဒယ်ရေးဖလား အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး နာမည်ကြီးရီးယဲလ်မက်ဒရစ်အသင်းမှာ ဆယ်လ်တာဗီဂိုအသင်းကို ရှုံးနိမ့်ကာပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ **(ငွေကြယ်)**

## အနော်ရထာလမ်းမပေါ်၌ မော်တော်ယာဉ်မီးလောင်မှုဖြစ်ပွား



**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းမပေါ်၌ ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက မော်တော်ယာဉ်တစ်စီးမီးလောင်မှုဖြစ်ပွားခဲ့သည် ။

ဖြစ်စဉ်မှာ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းမပေါ်၌ ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က King Service Wisdon ကုမ္ပဏီပိုင် ယာဉ်မောင်းကိုဘုန်းသော်(၂၅)နှစ် မောင်းနှင်လာသည့် ယာဉ်အမှတ်(5G....)Carry Box အမျိုးအစား အဖြူရောင် မော်တော်ယာဉ်မှာပုဇွန်တောင်မှဆူးလေသို့မောင်းလာစဉ် ဗိုလ်တထောင်မြို့နယ် အမှတ်(၉)ရပ်ကွက် အနော်ရထာလမ်းမပေါ်ရှိ အထက (၆) ဗိုလ်တထောင်ရှေ့အရောက်တွင်ကားဒက်ရှ်ဘုတ်ရှိအတွင်းဝါယာကြိုးများအပူလွန်ကဲရာမှ စတင် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှစကားပြောစက်ဖြင့် သတင်းပေးပို့သောကြောင့် မီးလောင်ရာသို့ ကျောက်တံတားမြို့နယ်မီးသတ်စခန်းမှမီးငြိမ်းသတ်ယာဉ် တစ်စီးနှင့်တာမွေမြို့နယ်မှ မီးငြိမ်းသတ်ယာဉ် တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်အကြာတွင်မီးငြိမ်းသတ်နိုင်ခဲ့ပြီး အဆိုပါယာဉ်တွင် ဆောင်ထားသည့် DCP(2-kg) မီးသတ်ဆေးဘူးဖြင့်လည်း ကနဦးမီးငြိမ်းသတ်ခဲ့ကြောင်းသိရသည်။

မီးလောင်မှုကြောင့် ဒက်ဘုတ်ရှ်ဆိုဖာထိုင်ခုံနှင့် လေကာမှန်များ မီးလောင်ခံရပြီး ယာဉ်မောင်းကိုဘုန်းသော်အား ဗိုလ်တထောင်မြို့မရဲစခန်းက (ပ)၂၆/၂၀၁၇/ပုဒ်မ-၂၈၅ ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်း - စိုးဝင်း(MLA)**
**ဓာတ်ပုံ - Ma Shwe Kyar (ရှင်/ကူ)**

## မီးငြိမ်းသတ်



ဇန်နဝါရီ ၂၇ ရက် ည ၁၀ နာရီကျော်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ မီးရထားရပ်ကွက် လမ်းဗိုလ်ခြံတွင် မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။

**ငွေအောင်(ကြေးမုံ)**

## ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ဆောက်လက်စအဆောက်အအုံ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်အတွင်းရှိဆောက်လက်စအဆောက်အအုံ၌ ဇန်နဝါရီ ၂၇ ရက်မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၇ ရက်မွန်းလွဲ ၁၂ နာရီခွဲက ပန်းဘဲတန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ ရွှေတောင်ဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်နေသည့် ဆောက်လက်စ Junction City Tower အဆောက်အအုံ၊ အကျယ်အဝန်းပေ(၅၈၀×၂၅၀)၊ Basement နှစ်ထပ်+အာရ်စီ (၂၃)ထပ်၏ Basement(2)ရှိ WiFi အင်တာနာ ပစ္စည်းများနှင့် တယ်လီဖုန်းကေဘယ်ကြိုးများ သိုလှောင်ထားသည့် (၁၂×၂၀)ပေ အခန်း၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးသတ်ဦးစီးဌာနမှ မွန်းလွဲ၁၂ နာရီ မိနစ် ၄၀ တွင် မီးလောင်နေကြောင်း သတင်းအရ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရနှင့် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးကြည်ဝင်းတို့၏အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်များမှ မီးငြိမ်းသတ်ယာဉ် ၂၄ စီး၊ အထောက်အကူပြု ယာဉ် ၁၂ စီး၊ ကွပ်ကဲမှုယာဉ် ၄စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၇၃ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀၊ ကြက်ခြေနီ တပ်ဖွဲ့ဝင် ၇၀ တို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၁ နာရီ ၃၃ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရပြီး မီးလောင်မှုအားဝန်ထမ်းများက မီးသတ်ဆေးဘူး ၁၂ ဘူးဖြင့်လည်း ကနဦး မီးငြိမ်းသတ်ခဲ့ကြောင်းသိရသည်။

မီးလောင်မှုကြောင့် တယ်လီဖုန်းကေဘယ်ကြိုးအနည်းငယ်နှင့် မတပ်ဆင်ရသေးသည့် WiFi အင်တာနာပစ္စည်းများမီးလောင်ခဲ့ကြောင်းနှင့် မီးလောင်မှုဖြစ်ပွားရသည့် အရေးယူခံရသူနှင့် (ပ) နံပါတ်တို့ကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - ငွေအောင်(ကြေးမုံ)**



### ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)
### သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေးအခမ်းအနားကို အလိုတော်ပြည့်ကျောင်းတိုက်၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၌ ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသည်။ အခမ်းအနားတွင် စာအောင်သံဃာတော်များ၊ အသက်(၇၅)နှစ် အထက်သက်ကြီးများ၊ ၂၀၁၅-၁၆ခုနှစ်၊ အခြေခံပညာအထက်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား/သူများနှင့် အခြားထူးခြားထူးချွန်သူများကို ဂုဏ်ပြုမည်ဖြစ်ပါသည်။

စာအောင်သံဃာတော်များသည် ရသေ့တောင်မြို့နယ် သံဃာအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကုဏ္ဍာစာရ ဖုန်း-၀၉၄၅၀၀၁၀၈၄၀သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ပါသည်။

သက်ကြီးများ၊ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် အခြားထူးခြား၊ ထူးချွန်သူများသည် မှတ်ပုံတင်မိတ္တူ၊ အမှတ်စာရင်းမိတ္တူများနှင့်အတူ ၄-၂-၂၀၁၇ရက် နောက်ဆုံးထားပေးပို့ရပါမည်။ အသင်းသားများနှင့် မြို့နယ်သူ/သားများ တက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက အောက်ပါ ပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။**

၁။ ဦးစံလှမောင် (ဥက္ကဋ္ဌ) -၀၉-၂၆၁၂၇၈၂၂၉
၂။ ဦးရဲမြင့်(ဒု-ဥက္ကဋ္ဌ) -၀၉၄၅၀၅၇၀၄၂၇
၃။ ဦးမောင်လှဝင်း(တွဲဖက်အတွင်းရေးမှူး) -၀၉-၄၃၁၆၄၂၈၁
၄။ ဒေါ်ဒေစီသန်း(ဘဏ္ဍာရေးမှူး) -၀၉-၅၀၆၂၈၉၆
၅။ ဦးတင်သန်း (စာရင်းစစ်) -၀၉-၇၉၅၇၃၆၂၃၆

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)

ရွှေဒိပ်တာန်း ကျိုက်ထီးရိုး/ရောင်းသာ (နေ့စဉ်)
+ ကျောက်ကြီးရေတံခွန်၊ ရှင်သိဝလိခြေတော်ရာ၊ ဝက်မင်းညီနောင်၊ ဆင်မတောင်ဘုရား(မုဒုံ)
+ ရွှေစက်တော်၊ စဉ်ကြီးနဲ့တဲ၊ နဂါးရွက် နှင့် လမ်းတစ်လျှောက်ရှိဘုရားဖူး
+ ဓာတ်လောင်းတော်ကသဲပ၊ မဥ္ဇရေး၊ စစ်ကိုင်း၊ မုံရွာ (သီးသန့်)
+ မော်လမြိုင်၊ ကျိုက်ကမီ၊ ဇက်ဆိုက်ကမ်းခြေ၊ ဗွားလမိုးဆံတော်ရှင်
+ ပုဂံ၊ ရွှေဆံတော်လေးဆူ၊ ပုပ္ပါး၊ မန္တလေး-သီပေါနှင့်ရှင်
01-701015, 09-5403844, 09-5044830 ကားမျိုးစုံငှားရမ်းပေးသည်

The VOICE weekly



အပတ်စဉ် စနေနေ့တိုင်း ထွက်ပြီ

သတင်း : 01- 242424, 389207, 09 9772 04248.
ကြော်ငြာ : 09 4211 07770, 09 517 6835.
ဖြန့်ချိရေး : 09 4211 18327
webiste : http//www.thevoicemyanmar.com



ဗိုလ်မှူးကြီးတင်ခ (ငြိမ်း) တက္ကသိုလ်တင်ခ (ဦးဆောင်ညွှန်ကြားရေးမှူး - ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း) ၊ (မြန်မာစာအဖွဲ့ဝင်)၏ ၂၇-၁-၂၀၁၇ ရက်တွင်ပြည့်မြောက်သော (၇၇) နှစ်မြောက် မွေးနေ့အတွက် တစ်နေ့တာဆွမ်းကျွေးအလှူအဖြစ် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးတွင် လှူဒါန်းရခြင်းအတွက် သာဓုအနုမောဒနာခေါ် ဆိုရပါသည်။

လျှော့ဈေးဖြင့်အမြန်ရောင်းမည်
(40'x60') အောင်ချမ်းသာတိုး၍ သန်လျင်မြို့နယ်၊
(40'x60') ၊ ၁၅၁-ရပ်ကွက်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊
09-73202824, 09-5372370

ဝန်ထမ်းအလိုရှိသည်
စားဖွယ်စုံဆိုင်အတွက်
အသက်(၃၅)ဝန်းကျင်
အမျိုးသမီး(၅)ဦး
အလိုရှိသည်။
ဖုန်း-၀၉-၅၁၁၀၄၁၁

ပျောက်ဆုံးကြောင်း
မောင်ဇေယျာလင်းထက်၏ DSD (Designated Security Duty) လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ Ph:09-73009946

အမှားပြင်ဆင်ချက်
၂၆-၁-၂၀၁၇ရက်၊ ကြေးမုံသတင်းစာကြော်ငြာ စာမျက်နှာ(၄)တွင်ပါသော စမ်းချောင်းမြို့နယ်၊ အင်ဂူလမ်း၊ အမှတ်(၂၄)ရှိ (၅)လွှာ (ခေါင်းရင်းခန်း) အစား (ခြေရင်းခန်း)ဝယ်ယူရန်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။
ဦးဘုန်းမြင့်(ငါးသိုင်းချောင်း) (LL.B)၊ တရားလွှတ်တော်ရှေ့နေ(၁၁၄၈/၈၅)၊
Ph:09-789877799, 09-420710888

တစ်ဦးတည်းဖြစ်ကြောင်း
ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်(၈၅)၊ မြေညီထပ်(ဘီ)နေ (အဖ) ဦးဖုန်းမြင့်၏သား အမည်မှာ မင်းဝဏ်ဖုန်း(ခ)ထင်ကျော်ဖြစ်ပါကြောင်း။

Teacher Nila
SAT.TOEFL.IELTS
Ph:095128799

ရောင်းမည်
၁။ ၄၉လမ်း၊အလယ်ဘလောက်၊ဓာတ်လှေကားပါ (၁၃×၆၀)ပေ။
၂။ နေပြည်တော်စည်ပင်ရိပ်သာဘေး၊ အောင်ဇမ္ဗူရပ်ကွက်၊ ပျဉ်းမနားတောင်ညိုလမ်း(ဂုတ်ကွက်)၊ ဇမ္ဗူသီရိဆေးရုံ၊ ရောဝတီဘဏ်၊ ACE Villa တို့နှင့် မျက်နှာချင်းဆိုင်၊ ပေ(၆၀ × ၆၀) ပတ်လည်ထောင့်ကွက်၊ စီးပွားရေးလုပ်ရန် အလွန်နေရာကောင်း။
ဖုန်း-၀၉-၂၅၀၀၆၄၅၇၁

သင့်သွေးဖြင့် အသက်ကယ်ပါ

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ် ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ် ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာ ဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

## တရားမနစ်နာမှုသာ ဖြစ်သင့်တယ်

မြန်မာလိုတော့ "အသရေဖျက်မှု"လို့ ဝေါဟာရတစ်လုံးသာရှိပေမယ့် သိုးဆောင်း ဘာသာစကားမှာတော့ သိက္ခာချတာ (defamation)၊ အသရေဖျက်တာ (libel)၊ အမနာပပြောတာ (slander) ရယ်လို့ သုံးမျိုးရှိပါတယ်။ တကယ့်တကယ်ကျတော့ ဘယ်လိုပဲ အသရေဖျက်ဖျက်၊ သိက္ခာချချ၊ အမနာမ ပြောပြော၊ ရာဇဝတ်ပြစ်မှု ဟုတ်ကို မဟုတ်ပါဘူး။ တရားမနစ်နာမှု (Tort) သာ ဖြစ်ပါတယ်။ ဒါပေမယ့် အင်္ဂလိပ်တို့ရဲ့ ရှေးဖြတ်ထုံးကို လိုက်နာကျင့်သုံးခဲ့ကြတဲ့ အင်္ဂလန်နိုင်ငံနဲ့တကွ အင်္ဂလိပ်တို့ရဲ့ နယ်ချဲ့ကျွန်ပြုတာကို ခံခဲ့ရတဲ့ ကိုလိုနီနိုင်ငံဟောင်းတချို့မှာတော့ အဲဒါကို ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်ထားကြဆဲဖြစ်တာလည်း ငြင်းလို့မရတာ အမှန်ပါ။

အမှန်တော့ အသရေဖျက်မှု ဥပဒေဟာ အရေးနှစ်ရေးကြားမှာ ဟန်ချက်ညီအောင် အားထုတ်ကြရစမြဲသာ ဖြစ်ပါတယ်။ လူတစ်ယောက်နဲ့ ပတ်သက်လို့ မဟုတ်တမ်းတရားတွေ ပြောပြီး အဲဒီလူရဲ့ ဘဝကို ဘယ်သူကမှ မဖျက်သင့်ဘူး ဆိုတာက အရေးတစ်ခုပါ။ တဖက်ကလည်း လက်လွတ်စပယ်ပြောမိသမျှ၊ သဘောထားကွဲလွဲမှု မှန်သမျှ၊ စကားမှားတာမှန်သမျှအတွက် တရားတပေါင် ဖြစ်လာမှာကို ဘယ်သူတစ်ဦးတစ်ယောက်ကမှ စိုးရိမ်နေဖို့ မလိုဘဲ လူတိုင်းဟာ လွတ်လွတ်လပ်လပ် ပြောနိုင်စွမ်းရှိနေဖို့ လိုပါတယ်။ ပြောပိုင်ခွင့်နဲ့ စော်ကားမှုကြား ဟန်ချက်ထိန်းတာ အသရေဖျက်မှု ဥပဒေတွေပဲပေါ့။

## ကွဲလွဲမှုက တန်ဖိုးရှိ

နိုင်ငံရေး၊ လူမှုရေးအရ သဘောထားကွဲလွဲမှုဟာ လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံမှာ အင်မတန် အရေးကြီးလှပါတယ်။ သည်နေရာမှာ "လွတ်လပ်တဲ့" ဆိုတဲ့ ဝေါဟာရဟာ တိုင်းတပါးလက်အောက်ခံ ဘဝကလွတ်လပ်ပြီး အချုပ်အချာ အာဏာပိုင်တာကို မဆိုလိုပါဘူး။ နိုင်ငံသူနိုင်ငံသားတွေအားလုံး ဘာကိုမှ၊ ဘယ်သူ့ကိုမှ ကြောက်နေစရာ မလိုဘဲ လွတ်လွတ်လပ်လပ် သွားနိုင်လာနိုင်၊ စားနိုင်သောက်နိုင်၊ ပြောနိုင်ဆိုနိုင်၊ ရေးနိုင်သားနိုင်၊ လုပ်နိုင်ကိုင်နိုင်တဲ့ လွတ်လပ်မှုကိုသာ ဆိုလိုရင်းဖြစ်ပါတယ်။ ဘာ့ကြောင့် နိုင်ငံရေး၊ လူမှုရေး သဘောထားကွဲလွဲတာ လွတ်လပ်တဲ့နိုင်ငံမှာ အရေးကြီးနေရတာလဲဆိုရင် အဖြေက ရှင်းပါတယ်။ လူတွေနဲ့ ဖွဲ့စည်းထားလို့ပါပဲလို့သာ အတိုဆုံးဖြေရမှာပါ။ လူဆိုတာကတော့ တစ်မိပေါက်တည်း ဖြစ်နေဦးတောင် တစ်ယောက်နဲ့ တစ်ယောက် သဘောထားချင်း၊ အယူအဆချင်း၊ ခံယူချက်ခြင်း၊ ယုံကြည်တာချင်း အခါခပ်သိမ်းတူနေကြတာမှ မဟုတ်တာလေ။ အဲတော့ ကွဲလွဲတယ်၊ အမြင်မတူဘူးဆိုတာ လူဆန်တာသာ ဖြစ်ပါတယ်။

## ဒါတွေပါမှ အသရေဖျက်ရာရောက်မှာ

အသရေဖျက်ခံရပါတယ်လို့ စွပ်စွဲသူအနေနဲ့ အောက်ပါအချက်တွေကို အလေးထားသင့်ပါတယ်။

၁။ "ပြောဆိုချက်"ရှိရပါမယ်။ အဲဒီ ပြောဆိုချက်ဟာ ပါးစပ်နဲ့၊ စာနဲ့၊ ရုပ်ပုံနဲ့၊ အမူအရာနဲ့ ဖြစ်နေနိုင်ပါတယ်။ နှုတ်တစ်ရာ စာတစ်လုံးလို့ ဆိုတဲ့အတိုင်း စာနဲ့ ရေးလိုက်တာဟာ ပါးစပ်နဲ့ ပြောတာထက် ပိုပြီး တာရှည်ခံပါတယ်။ ဒါ့ကြောင့် တရားရုံးတွေ၊ တရားသူကြီးတွေက စာနဲ့ ရေးထားတဲ့ အသရေဖျက်မှုဟာ ပါးစပ်နဲ့ အမနာပပြောတာထက် ပိုပြီး ထိခိုက်စေတယ်လို့ ယူဆတတ်ကြပါတယ်။

၂။ "ပြောဆိုချက်"ကို "ဖြန့်"ဖို့ လိုပါတယ်။ ဆိုလိုတာက အသရေဖျက်တယ်လို့ အစွပ်စွဲခံရသူက စာနဲ့ ရေးလိုက်တာကိုဖြစ်ဖြစ်၊ ပါးစပ်နဲ့ ပြောလိုက်တာကိုဖြစ်ဖြစ် မြင်သူ၊ ကြားသူ နောက်တစ်ဦးရှိရမှာပါ။ အသရေဖျက်တယ်လို့ စွပ်စွဲသူပဲ ကြားရင် အဲဒါ ဖြန့်ရာ မရောက်ပါဘူး။ ပြောတဲ့သူက သူပြောချင်တဲ့သူရဲ့ မျက်နှာကို တည့်တည့်ကြည့်ပြီးပဲဖြစ်ဖြစ်၊ အဲဒီသူ တစ်ဦးတစ်ယောက်ဆီကိုပဲ ဦးတည်ကာ စာနဲ့ ရေးပြီးဖြစ်ဖြစ် ဖွင့်ဟတာဆိုရင် ကြားလူတစ်ယောက်က မသိနိုင် မကြားနိုင်ပါဘူး။ ဒါဆို ဖြန့်ရာ မရောက်တော့ဘူး။ အဲဒါကိုမှ ခံရသူက အရပ်တကာလည်ပြောတာကိုလည်း ဖြန့်တာလို့ သတ်မှတ်လို့ မရနိုင်တော့ဘူးခင်ဗျ။ ပြောသူ၊ ရေးသူက လုပ်တာမဟုတ်ဘဲ ခံရသူက လုပ်တာမို့ လူသိရှင်ကြားဖြစ်ကုန်အောင် လုပ်သူက ကာယကံရှင်ကိုယ်တိုင်သာဖြစ်နေပြီး အသရေ ဖျက်တယ်ဆိုဦးတောင်မှ ကိုယ့်အသရေ ကိုယ့်ဘာသာ ဖျက်ရာရောက်နေတာမို့ပါ။ ဖြန့်တယ်ဆိုရာမှာ စာနဲ့ရေးတာ၊ အသံလွှင့်တာ၊ လူပုံ အလယ်မှာ ပြောဆိုတာ၊ ရုပ်မြင်သံကြားက ပြောတာ၊ အင်ထနက်ပေါ်မှာ ပြောတာ ရေးတာတွေ အကုန်လုံးပါဝင်ပါတယ်။

၃။ ပြောဆိုချက်ဟာ "မဟုတ်မမှန်တာ"ဖြစ်ဖို့လည်း လိုပြန်ပါတယ်။ ဟုတ်တယ်ဆိုရင် ဘာအသရေမှ ပျက်စရာ အကြောင်းမရှိပါဘူး။ တအားကို ဆိုးရွားယုတ်ညံ့တဲ့ အရေးအသားတွေ၊ မှိုချိုးမှျစ်ချိုးပြောဆိုရေးသားတာတွေတောင်မှ ဟုတ်မှန်နေရင် အသရေဖျက်တယ်လို့ ဆိုလို့ မရဘူး။ အမြင်တွေအတော်များများကို အသရေဖျက်တာလို့ သတ်မှတ်လို့ မရတာဟာ အဲဒါကြောင့်ပါပဲ။ တစ်ယောက်ယောက်ရဲ့ အမြင်ဟာ မဟုတ်မမှန်ပါဘူးလို့ သက်သေပြဖို့ မလွယ်ကူဘူးလေ။ ဆိုကြပါစို့၊ ဝေဖန်ရေးဆရာတစ်ယောက်က ရေးလိုက်တယ်။ "ကျွန်ုပ်ကြည့်ဖူးသမျှ ဇာတ်ကားထဲတွင် ဤဇာတ်ကားမှာ ချာတူးအလန်ဆုံး ဖြစ်တော့သည်"လို့။ သည်ဝေဖန်ရေးဆရာက ရုပ်ရှင်ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ သရုပ်ဆောင်တွေကို အသရေဖျက်တာ မဟုတ်ပါဘူး။




ဘာလို့ဆို အဲဒီဇာတ်ကား ချာတူးအလန်ဆုံး မဟုတ်ပါဘူးလို့ သက်သေပြဖို့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်လို့ပါပဲ။

## မြန်မာနိုင်ငံရဲ့ တည်ဆဲအသရေဖျက်မှုဥပဒေ

အင်္ဂလိပ်ရဲ့ ကိုလိုနီဖြစ်ခဲ့တဲ့ ကျွန်တော်တို့ နိုင်ငံမှာလည်း အင်္ဂလိပ်တွေ ၁၈၆၁ ခုနှစ် မေလ ၁ ရက်နေ့က ပြဋ္ဌာန်းသွားခဲ့တဲ့ ရာဇသတ်ကြီးက ယနေ့ထက်တိုင် တည်ဆဲဖြစ်ပါတယ်။ ဆိုခဲ့တဲ့အတိုင်း အင်္ဂလိပ်များက အသရေဖျက်မှုကို ရာဇဝတ်ပြစ်မှုအဖြစ် ယူဆတာမို့ ရာဇသတ်ကြီးထဲမှာတော့ အသရေဖျက်မှုကို အခန်း ၂၁ မှာ ပုဒ်မ ၄ ခုနဲ့ တသီးတခြား ထည့်သွင်းထားပါတယ်။ ပုဒ်မ ၅၀၀ လို့ လူသိများပေမယ့် အသရေဖျက်မှုအတွက်၊ ရှင်းလင်းချက်၊ ကင်းလွတ်ချက်တွေကို တိတိလင်းလင်း ဖွင့်ဆိုဖော်ပြထားတဲ့ ပုဒ်မက ပုဒ်မ ၄၉၉ ဖြစ်ပါတယ်။

အင်္ဂလိပ်ဥပဒေပြုသူများကလည်း ဥပဒေပြဋ္ဌာန်းရာမှာ လက်ကြားမယိုဘဲ ထောင့်စေ့အောင် ပြုခဲ့ကြတာမို့ အဲဒီဖွင့်ဆိုချက်က တော်တော်ပြည့်စုံပါတယ်။ အထူးသဖြင့် ကင်းလွတ်ချက် ဆယ်ချက်ကို ပြဋ္ဌာန်းထားပြီး ဘယ်လိုဟာတွေဆိုရင် အသရေဖျက်ရာ မရောက်ဘူးလို့ ဥပမာနဲ့တကွ အတိအကျ ပြောထားတာတွေပါ။

## မှန်လည်းမှန်၊ အများအကျိုးလည်း သန်ရင်

အထက်က ပြောခဲ့တဲ့အချက် ၃ ပါ မဟုတ်မမှန် စွပ်စွဲပြောဆိုတာနဲ့ ပတ်သက်လို့ ရာဇသတ်ကြီးကလည်း အလားတူ ကင်းလွတ်ခွင့်ပြုထားပါတယ်။ မှန်ကန်တဲ့ စွပ်စွဲချက်ကို အများပြည်သူအကျိုးအတွက် ပြုလုပ်ရန်၊ ကြေညာရန် သင့်ရင် အဲသလို စွပ်စွဲချက်ဟာ အသရေဖျက်မှု မမြောက်ဘူးလို့ ပဌမ ကင်းလွတ်ချက်မှာ အတိအလင်း ဖော်ပြထားပါတယ်။ ဥပမာပြောရင် လုပ်ငန်းတစ်ခုက လူအများဆီက ငွေတွေလိမ်နေတယ်။ အလိမ်ခံလိုက်ရသူကဖြစ်စေ၊ အဲဒီလုပ်ငန်း လိမ်နေမှန်း သိတဲ့သူကဖြစ်စေ အဲဒီလုပ်ငန်းက လိမ်လည်နေပါတယ်လို့ ပြောဆိုရေးသားခြင်းဟာ (၁) မှန်ကန်တဲ့ စွပ်စွဲချက်ဖြစ်သလို (၂) အများပြည်သူအကျိုးဖြစ်တဲ့ နောက်လူတွေ အလိမ်မခံရရေးကို ရည်ရွယ်တာမို့ အသရေဖျက်တာ မဟုတ်တော့ပါဘူး။

## တာဝန်ရှိသူတွေကို ဝေဖန်ခွင့်

ဒုတိယကင်းလွတ်ချက်ကတော့ ပြည်သူ့ဝန်ထမ်းလို့ ရေးထားပါတယ်။ ဆိုလိုတာက အစိုးရတာဝန်ရှိသူက တာဝန်ထမ်းဆောင်ရာမှာ အဲဒီ တာဝန်ရှိသူရဲ့ အပြုအမူ၊ အကျင့်စာရိတ္တကို တစ်ယောက်ယောက်က သဘောရိုးနဲ့ ကိုယ့်ထင်မြင်ချက်ကို ပြောဆိုရေးသားတာဟာလည်း အသရေဖျက်မှု မဟုတ်ဘူးလို့ အတိအလင်း ဖော်ပြထားတယ်။ဆက်စပ်နေတဲ့ တတိယကင်းလွတ်ချက်ကတော့ အများပြည်သူရဲ့ ပြဿနာနဲ့ ပတ်သက်ပြီး တစ်ယောက်ယောက်က လုပ်ကိုင်ဆောင်ရွက်ရာမှာ အဲဒီလူရဲ့ အပြုအမူ၊ အကျင့်စာရိတ္တကို သဘောရိုးနဲ့ ကိုယ့်ထင်မြင်ချက်ကို ပြောတာဟာလည်း အသရေဖျက်မှု မမြောက်တာကို ပြောထားပါတယ်။ စတုတ္ထ၊ ပဉ္စမကင်းလွတ်ချက်တွေကတော့ တရားရုံးကကိစ္စတွေမို့ ကျော်လိုက်ပါ့မယ်။

## လူအများရှေ့မှောက် ချပြထားလို့ အဝေဖန်ခံရတာ အကျုံးမဝင်ပါ

စိတ်ဝင်စားစရာ ကောင်းတာက ဆဋ္ဌမကင်းလွတ်ချက်ပါ။ အလွယ်ဆုံးပြောရင်တော့ လူပုံအလယ်မှာ ချပြသမျှအရာတိုင်းအတွက် ဝေဖန်ချက်တွေဟာ အသရေဖျက်မှု မမြောက်ဘူးလို့ ပြောရမှာပါ။ စာအုပ်ထုတ်တာ၊ သီဆိုကပြတာ၊ လူအများရှေ့ မိန့်ခွန်းပြောတာတွေကို နမူနာ ပေးထားပါတယ်။ ခုခေတ်နဲ့ဆို လူမှုမီဒီယာမှာ တင်လိုက်တာလည်း ပါတာပေ့ါ။ ရုပ်ရှင်လည်း ပါတာပေ့ါ။ အဲသလို လူအများရှေ့ချပြတာကို လူအများက ဝေဖန်နိုင်တယ်။ အဲသလို ဝေဖန်တာဟာ အသရေဖျက်ရာ မရောက်ဘူးလို့ သည်ကင်းလွတ်ချက်မှာ ပြောထားပါတယ်။ ဒါပေမယ့် လူကို တိုက်ခိုက်တာမဟုတ်ဘဲ သူချပြတာကို ပြောမှသာ ကင်းလွတ်ခွင့်ရနိုင်ကြောင်း ဥပမာနဲ့ ရှင်းထားတာက အတော်လှပါတယ်။

မောင်မဲက စာအုပ်ရေးပြီး ထုတ်လိုက်တယ်။ မောင်မဲရဲ့ စာအုပ်ကအကျိုးမရှိဘူး၊ မဖတ်သင့်ဘူး၊ မောင်မဲဟာ ပညာသိပ်မတတ်ဘူး၊ သူ့စာအုပ်က ညစ်ညမ်းတယ်၊ မောင်မဲဟာ သဘောထားမဖြူတဲ့သူစသဖြင့် ပြောတာဟာ မောင်မဲရေးထားတဲ့ စာအုပ်ထဲမှာ ပေါ်လွင်နေတဲ့ အချက်တွေဖြစ်တာမို့ ကင်းလွတ်ခွင့်ထဲမှာ အကျုံးဝင်ပါတယ်။ ဒါပေမယ့် အဲသလိုမဟုတ်ဘဲ မောင်မဲဟာ ပညာမတတ်၊ ကာမဂုဏ်လည်း လိုက်စားတဲ့လူဖြစ်တာမို့ သူ့စာအုပ်က အကျိုးမရှိ၊ မဖတ်အပ်၊ ညစ်ညမ်းနေတာ အံ့သြစရာ မဟုတ်ဘူးလို့ ပြောရင်တော့ ကင်းလွတ်ချက်ထဲမှာ အကျုံးမဝင်တော့ဘဲ အသရေဖျက်မှု မြောက်သွားပါပြီ။

စာဖတ်သူ လူကြီးမင်း ရှုပ်သွားပြီလားခင်ဗျာ။ အရပ်စကားနဲ့ ပြောရင်တော့ အဲဒီစာအုပ်ပါ ဘယ်အချက် ဘယ်အချက်တွေကြောင့် ရေးသူ မောင်မဲဟာ ပညာသိပ်မတတ်တာကို ပြဆိုနေတယ်၊ ဘယ်အချက်တွေကြောင့် သူ သဘောထားမဖြူဘူး ဆိုတာကို ပြနေတယ်လို့ ဝေဖန်တာဟာ အသရေဖျက်ရာ မရောက်ပါဘူး။ စာအုပ်ထဲက အချက်တွေကြောင့် ပေါ်လွင်နေတယ်လို့ မြင်တာကို ပြောတာမို့ပါ။ အဲသလို မဟုတ်ဘဲ သူက ပညာမတတ်၊ သဘောထားမမှန်တဲ့ သူမို့ သူ့စာအုပ်က ချာနေတာလို့ ရေးချလိုက်ရင်တော့ သူ့ကို အသရေဖျက်ရာ ရောက်သွားပါပြီ။ စာအုပ်ထဲက အကြောင်းကို အခြေမခံဘဲ သူ့ကို တိုက်ရိုက်ပုတ်ခတ်တာ ဖြစ်သွားလို့ပါပဲ။ တကယ့်ပါးပါးလေး ကွဲလွဲနေတာမို့ အများသတိထားနိုင်အောင်သည် ဆဋ္ဌမကင်းလွတ်ချက်ကို အလေးထားပြီး တတ်သလောက် ရှင်းပြရတာ ဖြစ်ပါတယ်။

သတ္တမကင်းလွတ်ချက်ကတော့ ဥပဒေအရ အခွင့်အာဏာရှိတဲ့သူက သဘောရိုးနဲ့ အပြစ်ဆိုတာကို ကင်းလွတ်ခွင့်ပေးတာမို့ အများနဲ့ သိပ်မသက်ဆိုင်ပါဘူး။ ဒါ့ကြောင့် ကျော်လိုက်ပါဦးမယ်။ အဋ္ဌမကလည်း အခွင့်အာဏာရှိသူကို သဘောရိုးနဲ့ တစ်ယောက်ယောက်အကြောင်း ပြောဆိုတင်ပြတာကို ကင်းလွတ်ခွင့်ပေးတာဖြစ်ပြန်တာမို့ ကျော်လိုက်ပါရစေခင်ဗျ။

## ကိုယ့်အကျိုး၊ သူတပါးအကျိုး၊ အများအကျိုးအတွက် စွပ်စွဲခွင့်၊ သတိပေးခွင့်

နဝမကလည်း စိတ်ဝင်စားစရာ ကင်းလွတ်ချက်ပါပဲ။ လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တကို ထိခိုက်အောင် စွပ်စွဲရာမှာ ကိုယ့်အကျိုးကိုဖြစ်ဖြစ်၊ သူတစ်ပါးရဲ့ အကျိုးကိုဖြစ်ဖြစ် ကာကွယ်ဖို့၊ လူအများရဲ့ အကျိုးအတွက် စွပ်စွဲတာဆိုရင် အဲဒါအသရေဖျက်မှု မမြောက်ပါဘူး။ အဲဒီကင်းလွတ်ချက်က ကျွန်တော်ကိုယ်တိုင်တစ်ခါက ခံရဖူးပါတယ်။ ကျွန်တော်ဟာ မိန်းမမှု ပွေလီသူ ဖြစ်တယ်၊ ကျွန်တော်နဲ့ ဆက်ဆံရင် သတိထားပါလို့ မိန်းမပျိုတစ်ယောက်ကို လူတစ်ယောက်က သွားပြောပါတယ်။ သူက အဲဒီမိန်းမပျိုရဲ့အကျိုးကို ကာကွယ်ဖို့ ကျွန်တော့်ကို စွပ်စွဲလိုက်တာ ဖြစ်နေတာမို့ အသရေဖျက်ရာ မရောက်မှန်း ကျွန်တော်သိနေတဲ့အပြင် ကျွန်တော်ပွေတယ်လို့ သူပြောတာလည်း မဟုတ်မမှန်ကြောင်းကျွန်တော့်ဘက်က သက်သေပြနိုင်ဖို့ ခက်လွန်းလေတော့ကာ အောင့်သက်သက်နဲ့ ခံခဲ့ရဖူးတာပေ့ါ ခင်ဗျာ။ ရယ်စရာပေမယ့် အဟုတ်ပြောတာနော်။ တကယ်ဖြစ်ခဲ့ဖူးတာပါ။

နောက်ဆုံး ဒသမကင်းလွတ်ချက်ကလည်း အလားတူပါပဲ။ တစ်ယောက်ယောက်ကို သတိပေးလိုက်တယ်။ သတိပေးတာကလည်း သတိပေးခံရသူရဲ့ အကျိုးအတွက်ဖြစ်တယ်၊ ဒါမှမဟုတ် သတိပေးခံရသူ ချစ်ခင်သူ၊ ပတ်သက်နေသူရဲ့ အကျိုးအတွက်ဖြစ်တယ်၊ ဒါမှမဟုတ် အများပြည်သူရဲ့ အကျိုးအတွက် ဖြစ်နေတယ်ဆိုရင်လည်း ကင်းလွတ်ခွင့် ရှိပါတယ်။ အထက်က နဝမ ကင်းလွတ်ချက် ဥပမာမှာ သတိပေးတာဖြစ်ပေမယ့် ကျွန်တော့်ရဲ့ အကျင့်စာရိတ္တကို ထိခိုက်အောင် စွပ်စွဲတာဖြစ်တဲ့ ကျွန်တော် ပွေတယ်လို့ ပြောတာပါပါတယ်။ အဲဒါမပါဘဲလည်း ကျွန်တော့်ကို သတိထားလို့ ပြောတာမျိုးဟာ ဒသမ ကင်းလွတ်ချက်မှာ အကျုံးဝင်ပါတယ်။ အသရေဖျက်မှု မမြောက်ပါဘူး။

## အပိုဒ် ၁၉ အဖွဲ့ရဲ့အဆိုတချို့

ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အပိုဒ် ၁၉ က လူသားတိုင်းရဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဖော်ပြထားတာဖြစ်ပါတယ်။ အဲဒီအပိုဒ် ၁၉ ဆိုတဲ့ နာမည်နဲ့ အမြတ်အစွန်းအတွက် မဟုတ်တဲ့ အဖွဲ့အစည်းတခုကို ထူထောင်ထားပြီး အဲဒီအဖွဲ့က ကမ္ဘာတဝှန်းမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက် လွတ်လပ်ခွင့်များ တိုးပွား လာအောင် ဆောင်ရွက်နေပါတယ်။ အဲဒီအဖွဲ့ရဲ့ အဆိုလေးတွေကိုလည်း တင်ပြချင်ပါတယ်။

တစ်ဖက်သားကို ထိခိုက်စေတယ်ဆိုတဲ့ အပြောတွေဟာ မှားယွင်းကြောင်းကိုပဲဖြစ်ဖြစ်၊ အမှားတွေမှန်း အမှန်တကယ် သိလျက်နဲ့ ပြောတာလို့ပဲဖြစ်ဖြစ်၊ မှန်သလား မှားသလား မဆင်ခြင်ဘဲ ပြောလိုက်တာလို့ပဲဖြစ်ဖြစ်၊ အသရေဖျက်ခံရပါတယ်လို့ ဆိုသူကို တိတိပပ ထိခိုက်စေလိုတဲ့ ရည်ရွယ်ချက်နဲ့ ပြောလိုက်ပါတယ်လို့ဖြစ်ဖြစ် သက်သေထင်ရှား မပြနိုင်သမျှ ကာလပတ်လုံး ရာဇဝတ်ကြောင်းအရ အသရေဖျက်မှု ကျူးလွန်တယ်လို့ မစီရင်အပ်ပါဘူး။

အသရေဖျက်ခံရတယ်လို့ တင်ပြလာသူရဲ့ ရာထူးအဆင့်က ဘယ်လိုဖြစ်နေနေ၊ အစိုးရထိပ်တန်းတာဝန်ရှိသူပဲ ဖြစ်နေစေဦးတော့၊ ရဲ၊ အစိုးရ ရှေ့နေတို့အပါအဝင် အစိုးရအာဏာပိုင်တွေအနေနဲ့ ရာဇဝတ်ကြောင်းအရ အသရေဖျက်မှုကို စတင်ရာ၊ စွဲဆိုရာမှာ ဘယ်အခန်းကဏ္ဍကမှ မပါဝင်သင့်ဘူး။

ကုလသမဂ္ဂ၊ ဥရောပမှ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အမေရိကန်နိုင်ငံများ အသင်း (အနောက်ကမ္ဘာခြမ်းနိုင်ငံများအသင်း) အစရှိတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေက သည်လို ဆိုပါတယ်။"ရာဇဝတ်ကြောင်းအရ အသရေဖျက်မှုဆိုတာဟာ လွတ်လပ်စွာ ဖော်ထုတ်ခွင့်ကို ဆင်ခြေကန် တားဆီးကန့်သတ်နိုင်တာမျိုး မဟုတ်ဘူး။ ရာဇဝတ်ကြောင်းအရ အသရေဖျက်မှု ဥပဒေအားလုံးကို ဖျက်သိမ်းပြီး လိုအပ်ရင် သင့်လျော်တဲ့ တရားမကြောင်း အသရေဖျက်မှုဥပဒေတွေနဲ့ အစားထိုးသင့်ပါတယ်"တဲ့။(မူရင်း စာရဲ့ လင့်(ခ်)https://goo.gl/eP6i1A)

## ကိုယ်တွေ့

ကျွန်တော်ကတော့ ထိခနဲဆို အီစကိုလို့ ပြောရအောင် လူပြောသူပြော ဒဏ်ကို ငယ်ကတည်းက မလွတ်တမ်းခံခဲ့ရသူ ဖြစ်ပါတယ်။ လူတစ်ယောက်ဖြစ်နေတဲ့အတွက် ကိုယ့်ကို အကောင်းပြောရင် ပီတိဖြာတတ်သလို မကောင်းပြောရင်လည်း ဆွေ့ဆွေ့ခုန်တတ်တာလည်း အမှန်ပါ။ သို့ပေမယ့် ငယ်ငယ်ကတည်းကပဲ ကျွန်တော်က အရေထူပါတယ်။ ပြောစမ်း ကြိုက်သလောက်၊ အသားပဲ့ပါသွားတာမှ မဟုတ်တာဆိုပြီး ဆွေ့ဆွေ့ခုန်တဲ့ကြားကပဲ ဆန်စင်ရာ ကျည်ပွေ့မလိုက်မိအောင် သတိထားပါတယ်။

လူတစ်ယောက်က ကိုယ့်ကို အမနာပပြောလို့၊ ရေးလို့ သူပြောတာ ရေးတာ အမှန်တကယ် အသရေဖျက်မှုမြောက်နေဦးတောင် ကျွန်တော်ကဖြင့် သူ့ကို ရာဇဝတ်ကြောင်းအရဖြစ်ဖြစ်၊ တရားမကြောင်းအရဖြစ်ဖြစ် စွဲဆိုအပြစ်ပေးဖို့ တစ်ခါမှ မစဉ်းစားဖူးပါဘူး။

**စာမျက်နှာ ၁၆ သို့**

# သဘာဝဘေးအန္တရာယ်ကျရောက်မှုအတွက် ကူညီခြင်းနှင့် အရေးပေါ်ဖြစ်စဉ်များအား ဥပဒေနှင့်အညီဆောင်ရွက်ခြင်းများဆွေးနွေး

**နွားထိုးကြီး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် အမှတ်(၅)ရပ်ကွက် အင်ကြင်းကမ္ဘာခန်းမ၌ သုခချမ်းသာနှင့် စိမ်းလန်းစိုပြည်(နွားထိုးကြီး)၏ သဘာဝဘေးအန္တရာယ်ကျရောက်မှုအတွက် ကူညီခြင်းနှင့် အရေးပေါ်ဖြစ်စဉ်များအား ဥပဒေနှင့်အညီဆောင်ရွက်ခြင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲ၌ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က အဖွင့်အမှာစကားပြောကြားပြီး သုခချမ်းသာကျန်းမာရေးစောင့်ရှောက်မှု လူမှုကူညီအထောက်အကူပြုအသင်းဥက္ကဋ္ဌ ဦးအေးလွင်က လူမှုအထောက်အကူပြုအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

နွားထိုးကြီးမြို့နယ် Green For All ဦးထွန်းဆန်းက 'ကင်ဆာကြောက်ရင် ပလတ်စတစ်နဲ့ ဖော့ဘူးရှောင်'ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်ဦးက 'ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေနှင့် နည်းဥပဒေ'ကိုလည်းကောင်း၊ မြင်းခြံခရိုင် လူမှုဝန်ထမ်းရုံးမှ ဒေါ်ခင်ဝင်းက သိမှတ်ဖွယ်ရာ ကလေးတို့၏အခွင့်အရေးများအကြောင်းနှင့် ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းလွင်က သစ်ပင်စိုက်ပျိုးခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးကျော်ကျော်ဦးက ဆင်ခြေထောက်ရောဂါအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လင်းက မီးဘေးလုံခြုံရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ကြက်ခြေနီအသင်း ဒုတပ်ရင်းမှူး ဦးဇော်မြင့်က အခြေခံအသက်ကယ်အထောက်အကူပြုစုနည်းကို သုခချမ်းသာ လူငယ်မောင်မယ်များနှင့်ပူးပေါင်းပြီး သရုပ်ပြဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ်၊ ဦးစိန်ကျော်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့မရဲစခန်း ဒုရဲမှူးခင်မောင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သုခချမ်းသာအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော်**

❒

# အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် သန့်ရှင်းလတ်ဆတ်မှုရှိစေရေး အသိပညာပေး

**နေပြည်တော် ဇန်နဝါရီ ၂၇**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ အများပြည်သူများအတွက် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် သန့်ရှင်းစေရေးတို့အတွက် အသိပညာပေးဆွေးနွေးဟောပြောပွဲများကို မြို့နယ် အသီးသီးနှင့်ဈေးများတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက နေပြည်တော် ဥတ္တရသီရိမြို့၌ ကျင်းပခဲ့သည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ ဌာနမှူး ဒေါက်တာဝေဖြိုးအောင်နှင့် ဆရာဝန်များ၊ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးဟောပြောကြပြီး မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များမှ ဆိုင်ပိုင်ရှင်များနှင့် ဆိုင်ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲအခမ်းအနားတွင် တာဝန်ရှိသူများက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး (Food Safety) အဖြစ် သတ်မှတ်ထားသော အချက်(၅)ချက် Five Key to Safer Food ဖြစ်သည့် Keep Clean-လက်သန့်ရှင်းမှု၊ ပန်းကန်ခွက်ယောက်သန့်ရှင်းမှု၊ ချက်ပြုတ်ရာတွင် သန့်ရှင်းမှုအလေးထားခြင်း၊ Separate raw and cooked-မချက်ပြုတ်မီနှင့် ချက်ပြုတ်ပြီးအစားအသောက်များ၊ အသားစိမ်းငါးစိမ်းများနှင့် အခြားအစားအသောက်များကို သီးခြားစီခွဲထားခြင်း၊ Cook Thoroughly-အသားငါးများကို သေချာစွာပြင်ဆင်ချက်ပြုတ်ခြင်း၊ သင့်တော်သည့်အပူချိန်ဖြင့် အချိန်ကြာကြာ ကျက်အောင်ချက်ပြုတ်ခြင်း၊ Keep food at safe temperatures-ချက်ပြုတ်ပြီး အစားအစာများကို အခန်းအပူချိန်တွင် နှစ်နာရီထက် ပို၍မထားသင့်ခြင်း၊ အအေးခန်း ရေခဲသေတ္တာများတွင်လည်း ရက်ကာလကြာရှည်စွာမထားရခြင်း၊ Use safe water and raw materials-သန့်ရှင်းလတ်ဆတ်သော အစားအစာကုန်ကြမ်းများနှင့် သန့်ရှင်းသောရေကိုသာအသုံးပြုခြင်း၊ အသင့်စားသုံးနိုင်သည့် အသီးအရွက်များကို ရေဖြင့်သေချာစွာဆေးကြောရန်နှင့် ရက်လွန်သောအစားအသောက်များကို အသုံးမပြုခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုအမူအကျင့်များ၊ စားသောက်ဆိုင်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာများကိုရှင်းလင်းဟောပြောခဲ့ပြီး ကျန်ရှိသည့်မြို့နယ်များတွင်လည်း ကျန်းမာရေးပညာပေးဟောပြောပွဲများ ဆောင်ရွက်သွားမည်ဖြစ်သည်။

**ရွှေကုက္ကို**

# လူထုဗဟိုပြုစီမံကိန်းများဆောင်ရွက်ရန် နည်းပညာမှူးများနှင့် စည်းရုံးရေးမှူးများအား သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်းတွင်ပါဝင်သော ပျဉ်းမနားမြို့နယ်၏ လူထုဗဟိုပြုစီမံကိန်းများအတွက် လက်ထောက်နည်းပညာမှူးများနှင့် လူထုစည်းရုံးရေးမှူးများသင်တန်း အမှတ်(၁)ကို ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်အတွင်းရှိ ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းတွင် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းသန်း(နည်းပညာမှူး)မှ သင်တန်းသားများအား ကျေးရွာများသို့ကွင်းဆင်း၍ လူထုဗဟိုပြုစီမံကိန်းများ ဆောင်ရွက်ရာတွင် လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် သင်ကြားပို့ချပေးသည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချပေးသည့်သင်ခန်းစာများကို ကျွမ်းကျင်တက်မြောက်အောင် စိတ်ပါဝင်စားစွာဖြင့် သင်ကြားစေလိုကြောင်း၊ သို့မှသာ ကျေးရွာများသို့လက်တွေ့ကွင်းဆင်း၍ ကျေးလက်နေပြည်သူများအား ပြန်လည်သင်ကြားရာတွင် ထိရောက်အောင်မြင်မှာဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ်နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးထွန်းတင်က သင်တန်းတွင်ပို့ချမည့် သင်ခန်းစာများအား ရှင်းလင်းပြောကြားပြီး၊ ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပျဉ်းမနားမြို့နယ် လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ထမ်းဆောင်မည့် လက်ထောက်နည်းပညာမှူး ၁၀ ဦးနှင့် လူထုစည်းရုံးရေးမှူး ၁၉ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၁ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



# မဲဇာကျေးရွာ၌ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်မည်

**အင်းတော် ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာကျေးရွာ၌တည်ဆောက်မည့် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကို မဲဇာကျေးရွာနှင့် နန့်သဲကျေးရွာသွားကားလမ်းမကြီးနံဘေး အဆိုပါတိုက်နယ်ဆေးရုံဆောက်လုပ်မည့်မြေနေရာ၌ ဇန်နဝါရီတတိယပတ်က ကျင်းပခဲ့သည်။

ပန္နက်ရိုက်မင်္ဂလာကျင်းပရာတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းဒေသကြီးအတွင်းရေးမှူး ဦးမြင့်ကြည်(ရွှေဘို)၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်ဒုတိယဥက္ကဋ္ဌ ဦးစိန်ငွေး(အင်းတော်)နှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ ပန္နက်ရိုက်ပေးခဲ့ကြောင်း သိရသည်။

မဲဇာကျေးရွာ၌တည်ဆောက်မည့် (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံကို GALAHY MONYWA ကုမ္ပဏီမှ ခွင့်ပြုငွေကျပ်သန်း ၆၂၀ ဖြင့် တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

**ကိုမင်း(အင်းတော်)**

**စာမျက်နှာ ၁၅ မှ**

လောကမှာ အနိုင်ယူနိုင်တဲ့ နည်းတွေ အများကြီးရှိပါတယ်။ အဲဒီထဲကမှ ကျွန်တော် အကြိုက်ဆုံး နည်းကတော့ ကိုယ့်ကို ထိုးနှက်သူရဲ့ ဩဇာအာဏာ ကိုယ့်အပေါ် မသက်ရောက်အောင် နေတဲ့နည်းပါပဲ။ သူက ကိုယ့်ကို ဆွေ့ဆွေ့ခုန်စေချင်တယ်။ ဆောရီးပါ၊ မခုန်ပါဘူး၊ လှည့်တောင် မကြည့်ပါဘူးဆိုရင် ဘယ်သူ ပြန် ဆွေ့ဆွေ့ခုန်ရမှာတုံး။ အဲသလိုတွေးပြီး ဘာကိုမှ ထိမထင်သလို နေလိုက်တာချည်းပါပဲ။ အကျိုးသင့်အကြောင်းသင့် ရှင်းစရာ ရှိရင် ရှင်းပေးလိုက်မယ်၊ ဝန်ခံစရာရှိ ဝန်ခံလိုက်မယ်။ မဟုတ်တမ်းတရားတွေအတွက်တော့ ကျွန်တော့်အချိန်၊ ကျွန်တော့်စိတ်၊ ကျွန်တော့်အာရုံတွေကို အနှောက်မခံနေတော့ဘူး။

**သူတစ်ပါးပေးတဲ့ သင်ခန်းစာတွေ**

ဒါ့အပြင် တခြားလူတွေကို ကြည့်ပြီးလည်း သင်ခန်းစာတွေ ရပါတယ်။ အစက ဘာမှ မဟုတ်တာ၊ လူသိပ်မသိတာကိုမှ ကိုယ်က မခံမရပ်နိုင်တွေ ထဖြစ်ပြီး တရားတွေ ဘာတွေ စွဲပြီဆိုတော့မှ အစက လူတစ်ထောင်၊ နှစ်ထောင်လောက်ပဲသိတဲ့ ကိုယ့်အမှုကို လူတစ်သိန်း၊ နှစ်သိန်း ပိုသိကုန်အောင် လုပ်သလို ဖြစ်သွားတတ်တာကိုလည်း တချို့က သတိမထားမိဘူး။

နောက်တစ်ချက်က ပါးကိုက်ရင် နားကိုက်မယ်ဆိုတာ အိပ်ခြင်း၊ စားခြင်း၊ မေထုန်မှီဝဲခြင်းမှတပါး အခြားမသိရှာလေတဲ့ အဟိတ်တိရစ္ဆာန်တွေရဲ့ အမူအကျင့်ပဲ။ ကိုယ့်ကို ပြောလိုက် ရေးလိုက်သူကို တရားစွဲတာပဲဖြစ်ဖြစ်၊ တခြားနည်း တုံ့ပြန်တာ တမျိုးမျိုးကဖြစ်ဖြစ် ကိုယ့်ရဲ့ အငုံ့စိတ်ဟာ အိပ်၊ စား၊ ကာမ ဤသုံးဝထက် ပိုပြီး မတွေးတတ်တာကို ဖော်ပြရာ ရောက်နေ လေမလားဆိုတာ တော်တော်တန်တန် မစဉ်းစားမိဘူး ထင်ပါတယ်။တို့ကတော့ မဟုတ်မခံဘဲဟေ့၊ ကိုယ့်ထိရင်တော့ ပြန်ဆော်ရမှာပဲတို့ သက်ရောက်မှုတိုင်းမှာ တူညီတဲ့ တန်ပြန်သက်ရောက်မှုတွေ ရှိတယ်ဆိုတဲ့ ချူထန်နိယာမကြီး ထအော်တာတို့ဟာ တကယ့်တကယ်ကျ ဆင်ခြင်ဉာဏ်မဲ့သူတွေ လုပ်တဲ့ အလုပ်လို့သာ ယူဆမိပါတယ်။

**ထိတိုင်းဖြင့် မနာနိုင်ပေါင်**

ကိုယ့်ကို ထိလာသလား၊ ထိတိုင်း နာစရာ မလိုပါဘူးဗျာ။ ပါးစပ်ကလေးနဲ့ ပြောတာ၊ စာကလေးနဲ့ ရေးတာအပေါ် နာမယ်၊ မနာဘူးလို့ ကိုယ့်ဘာသာ ဆုံးဖြတ်နိုင်ပါတယ်။ ကျွန်တော့်ကို တိုက်ခိုက်နေတာတွေနဲ့ ပတ်သက်လို့ တချို့က လာလက်တို့တယ်။ ကျေးဇူးပါပေါ့။ စေတနာနဲ့ လက်တို့တာလည်း ဖြစ်ချင်ဖြစ်မယ်၊ ကျွန်တော့်ကို ဆွတာလည်း ဖြစ်ချင်ဖြစ်မယ်။ ကျွန်တော့်ဘက်က ရှင်းတယ်။ ကျွန်တော့်မှာ နေရမယ့်ရက်က သိပ်များများ မကျန်တော့ဘူး။ မသေခင် လုပ်သွားချင်တာတွေက အများကြီး။ အဲသလို ကျွန်တော့်ကို တိုက်ခိုက်နေတာတွေအတွက် အချိန်၊ အာရုံ ပေးလိုက်ရရင် နှမျောစရာ။ ကျွန်တော့်နည်းတူပါပဲ၊ ပရိသတ်ရှေ့မှောက်ကို ရောက်ရှိနေကြတဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး နယ်ပယ်က ပုဂ္ဂိုလ် အသီးသီးအနေနဲ့လည်း မိမိတို့ကို တိုက်ချင်တိုက်၊ ခိုက်ချင်ခိုက်၊ ကဲ့ရဲ့ချင် ကဲ့ရဲ့၊ ချီးမွမ်းချင် ချီးမွမ်း၊ အဲဒါတွေကို ဂရုထားမနေတော့ဘဲ ကိုယ့်အလုပ်ကို မှန်မှန်ကန်ကန် လုပ်သွားရင်းနဲ့ အမနာပပြောသူတွေ မမှန်ကြောင်း ခိုင်ခိုင်မာမာ သက်သေပြသွားနိုင်ကြမယ်ဆိုရင် အလွန်ပင်မင်္ဂလာရှိတဲ့ လူ့ဘောင်ကြီး ဖြစ်နေပါလိမ့်မယ်။

အသရေဖျက်မှုဟာ ရာဇဝတ်မှုပဲဖြစ်ဖြစ်၊ တရားမှုပဲဖြစ်ဖြစ် တကယ်တမ်း သေချာ စဉ်းစားကြည့်မယ်ဆိုရင် အသရေကို ဖျက်သူက သူတစ်ပါး မဟုတ်ပါဘူး၊ ကိုယ်ကိုယ်တိုင်သာ ဖြစ်ပါတယ်။ ဆိုကြပါစို့၊ မိန်းကလေးတစ်ယောက်ကို အရပ်ပျက်မပါလို့ လူတကာက ဝိုင်းပြောတဲ့အတွက် အဲဒီမိန်းကလေး ပျက်မသွားပါဘူး။ မပျက်အောင် သူ့ကိုယ်သူ ထိန်းသိမ်းထားနိုင်ပါတယ်။ အဲသလို ဝိုင်းပြောနေကြတယ်တော့ဆိုပြီး မခံနိုင်ဖြစ်ကာ တောင်လုပ် မြောက်လုပ် လျှောက်လုပ်တာမှသာ အသရေက ပျက်သထက် ပျက်သွားနိုင်တာကို တွေးစရာနောက်တချက်အဖြစ် မရဲတရဲနဲ့ပဲ စာတစ်စောင်ပေတစ်ဖွဲ့ ဝိတ္တာရချဲ့လိုက်ပါတယ်။ ကျွန်တော် ပြောတိုင်း လက်ခံဖို့ မဟုတ်ပါဘူး။ ကျွန်တော် ပြောတာ သင့် မသင့်၊ တန် မတန် မိမိတို့ကိုယ်ပိုင်ဆင်ခြင်ဉာဏ်များနဲ့ ဝေဖန်ပိုင်းခြားကြည့်ဖို့ပါပဲ။ ထုံးစံအတိုင်း အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်စုံတစ်ရာ ရသွားမယ်လို့ မျှော်လင့်နေမိရကြောင်းပါ ခင်ဗျား။ ။

○○○

# ရေနံရှာဖွေရေးအတွက် ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းနှင့် သီးနှံလျော်ကြေးပေးရေး ရှင်းလင်းဆွေးနွေး

**ဗန်းမောက် ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်း ရေနံရှာဖွေရေးအတွက် ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းနှင့် သီးနှံလျော်ကြေးပေးရေးလုပ်ငန်းရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် ONGC Videsh Ltd မှ Assistant Manager ဦးဆန်းအောင်က ဗန်းမောက်မြို့နယ်အတွင်း ရေနံလုပ်ကွက် Block psc-B-2 ဧရိယာအတွင်း ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းနှင့် သီးနှံနစ်နာကြေးပေးချေနိုင်ရေး၊ ရေနံရှာဖွေရေးနှင့်ပတ်သက်သည့်အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ကနန်းဒေသစိတ်အတွင်းရှိ ကျေးရွာခုနစ်ရွာတို့တွင် ရေနံလုပ်ကွက် Block psc-B-2 ဧရိယာအတွင်း ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းဆောင်ရွက်ရာတွင် ၎င်းကျေးရွာများမှ လယ်ယာမြေပျက်စီးဆုံးရှုံးမှုရှိပါက သီးနှံနစ်နာကြေးပေးချေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် နစ်နာကြေးအဖြစ်ပေးချေဆောင်ရွက်ရာတွင် ဒေသသီးနှံပေါက်ဈေးကိုသာ ပေးချေဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ´SINOPEC ကုမ္ပဏီမှ ကိုယ်စားလှယ် ဦးအောင်မြင့်က ပြောသည်။

ဆက်လက်၍ NOGE မှတာဝန်ခံ ဦးအောင်ကျော်ဆွေက ဗန်းမောက်မြို့နယ်စမ်းသပ်ရေနံလုပ်ကွက် Block psc-B-2 ဧရိယာအတွင်း ဆိုက်စမစ် တိုင်းတာရေးလုပ်ငန်းများအကြောင်းအား မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါလုပ်ငန်းနှင့်ပတ်သက်၍ ဒေသအတွင်း၌ မည်သို့အကျိုးပြုနိုင်ပုံနှင့် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေရေးတို့ကို အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဝင်းနိုင်တို့က ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

## အီတလီစီးရီးအေရင်ခုန်သံ-၂၂

# အိမ်ကွင်းမှာ နိုင်ပွဲရယူသွားဖို့သေချာနေတဲ့နာပိုလီ

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၂၂ ကိုလာမယ့် ဇန်နဝါရီ ၂၈၊ ၂၉၊ ၃၀ ရက်နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ နာပိုလီက အိမ်ကွင်းပွဲကစားရမယ့်အပြင် တန်းမဆင်းရဖို့ ရုန်းကန်နေရတဲ့ ပါလာမိုနဲ့သာရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲရယူ သွားနိုင်ဖို့ရှိနေပါတယ်။



**ရှိုင်း မင်း မင်း**

### ထိပ်တန်းဂိုးသွင်းရှင်များ

- အစ်ကာဒီ(အင်တာမီလန်) - ၁၅ ဂိုး
- ဘာလော့တီ(တိုရီနို) - ၁၄ ဂိုး
- ဟီဂွအင်(ဂျူဗင်တပ်) - ၁၄ ဂိုး
- ဇက်ကို(ရိုးမား) - ၁၄ ဂိုး
- မာတန်စ်(နာပိုလီ) - ၁၂ ဂိုး

### အီတလီစီးရီအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျူဗင်တပ် | ၂၀ | ၁၆ | ၀ | ၄ | ၄၂ | ၁၆ | ၂၆ | ၄၈ |
| ၂ | ရိုးမား | ၂၀ | ၁၅ | ၂ | ၄ | ၄၂ | ၁၈ | ၂၄ | ၄၇ |
| ၃ | နာပိုလီ | ၂၀ | ၁၃ | ၅ | ၃ | ၄၇ | ၂၄ | ၂၃ | ၄၄ |
| ၄ | လာဇီယို | ၂၀ | ၁၂ | ၄ | ၅ | ၃၅ | ၂၄ | ၁၁ | ၄၀ |
| ၅ | အင်တာမီလန် | ၂၀ | ၁၂ | ၃ | ၆ | ၃၄ | ၂၃ | ၁၁ | ၃၉ |
| ၆ | အတ္တလန္တာ | ၂၀ | ၁၂ | ၂ | ၇ | ၃၃ | ၂၄ | ၉ | ၃၈ |
| ၇ | အေစီမီလန် | ၂၀ | ၁၁ | ၄ | ၅ | ၃၁ | ၂၄ | ၇ | ၃၇ |
| ၈ | ဖီအိုရင်တီးနား | ၂၀ | ၉ | ၆ | ၅ | ၃၃ | ၂၅ | ၈ | ၃၃ |
| ၉ | တိုရီနို | ၂၀ | ၈ | ၆ | ၇ | ၃၈ | ၃၁ | ၇ | ၃၀ |
| ၁၀ | ဘိုလော့နာ | ၂၀ | ၇ | ၅ | ၈ | ၂၀ | ၂၅ | -၅ | ၂၆ |
| ၁၁ | ကယ်ဂလီယာရီ | ၂၀ | ၈ | ၂ | ၁၁ | ၃၁ | ၄၅ | -၁၄ | ၂၆ |
| ၁၂ | အူဒီးနီးစ် | ၂၀ | ၇ | ၄ | ၁၀ | ၂၅ | ၂၈ | -၃ | ၂၅ |
| ၁၃ | ချီယေဗို | ၂၀ | ၇ | ၄ | ၁၀ | ၂၀ | ၃၀ | -၉ | ၂၅ |
| ၁၄ | ဆာစူအိုလို | ၂၀ | ၇ | ၃ | ၁၁ | ၃၁ | ၃၅ | -၄ | ၂၄ |
| ၁၅ | ဂျီနိုအာ | ၂၀ | ၆ | ၆ | ၉ | ၂၄ | ၂၉ | -၅ | ၂၄ |
| ၁၆ | ဆမ်ဒိုးရီးယား | ၂၀ | ၆ | ၆ | ၉ | ၂၂ | ၂၇ | -၅ | ၂၄ |
| ၁၇ | အမ်ပိုလီ | ၂၀ | ၅ | ၆ | ၁၀ | ၁၂ | ၂၆ | -၁၄ | ၂၀ |
| ၁၈ | ခရိုတိုနီ | ၂၀ | ၂ | ၄ | ၁၄ | ၁၆ | ၃၆ | -၂၀ | ၁၀ |
| ၁၉ | ပါလာမို | ၂၀ | ၂ | ၄ | ၁၅ | ၁၇ | ၄၁ | -၂၄ | ၁၀ |
| ၂၀ | ပက်စ်ကာရာ | ၂၀ | ၁ | ၆ | ၁၃ | ၁၆ | ၃၉ | -၂၃ | ၉ |

### လာဇီယို - ချီယေဗို
**ည ၁၁း၃၀ (၂၈-၁-၁၇)**

လာဇီယိုရဲ့တိုက်စစ်ကကစားပုံကောင်းမွန်ပေမယ့် ဂိုးရရှိဖို့အတွက် တိုက်စစ်မှူး အင်မိုလ်ဘိုင်းအပေါ် အဓိကအားပြုနေရတယ်။ ဒါပေမယ့် ချီယေဗိုကလည်းအဝေးကွင်းမှာ နိုင်ပွဲသုံးပွဲသာ ရရှိထားသေးသလို အသင်းကြီးတွေနဲ့ဆုံတွေ့တဲ့ပွဲတွေမှာလည်း ကစားပုံ အားနည်းတတ်ပြီး ခံစစ်ကလည်း ပေးဂိုးများနေတာကြောင့် အိမ်ကွင်းမှာ အသင်းလိုက် ကစားပုံကောင်းတဲ့ လာဇီယိုကို ယှဉ်နိုင်ဖို့ ခက်တယ်။ လာဇီယိုပဲနိုင်ပွဲရမှာပါ။

### တိုရီနို - အတ္တလန္တာ
**ည ၆း၀၀ (၂၉-၁-၁၇)**

တိုရီနိုအသင်းရဲ့ အိမ်ကွင်းခြေစွမ်းပိုင်းမဆိုးသလို နောက်ဆုံးအိမ်ကွင်းပွဲမှာ အေစီမီလန်ကို သရေကစားနိုင်ခဲ့တယ်။ ဒါပေမယ့် တိုရီနိုရဲ့ ခံစစ်ကတော့ အနည်းငယ် အားနည်းမှုရှိတယ်။ အတ္တလန္တာအသင်းရဲ့ အဝေးကွင်း ရုန်းအား မဆိုးဘူးဆိုပေမယ့် တိုက်စစ်နဲ့ခံစစ်ကတော့အဝေး ကွင်းမှာတည်ငြိမ်မှုအနည်းငယ် အားနည်းနေလို့တိုရီနိုကို ဖိအား ပေးနိုင်ဖို့ ခက်တယ်။ တိုရီနိုအသင်းရုန်းကန်ရနိုင်ပေမယ့် တစ်ဂိုးအသာနဲ့ ကပ်နိုင်သွားနိုင်တယ်။

### ခရိုတိုနီ - အမ်ပိုလီ
**ည ၇း၃၀ (၂၉-၁-၁၇)**

တန်းဆင်းဇုန်ထဲက ခရိုတိုနီရဲ့ အိမ်ကွင်း ခြေစွမ်းသာမန်သာရှိပြီး အထူးသဖြင့် တစ်ပွဲတစ်ဂိုးသွင်းဖို့တောင် ရုန်းကန်နေရတဲ့တိုက်စစ်က အားနည်းလွန်းပါတယ်။ ဒါပေမယ့် အမ်ပိုလီကလည်း အဝေးကွင်းမှာ အကောင်းဆုံး ပုံစံရဖို့ရုန်းကန်နေရတာမို့ ခရိုတိုနီကို ပွဲချိန်ပြည့် ဖိအားပေးနိုင်ဖို့ခက်တယ်။ တန်းမဆင်းရဖို့ အားစိုက်ကစားလာကြမယ့် ဒီပွဲမှာ ခြေစွမ်းပိုင်းကွာဟမှုကျဉ်းမြောင်းနေတာကြောင့် သွင်းဂိုးနည်းနိုင် ကာသရေကျနိုင်ပါတယ်။

### ဆာစူအိုလို - ဂျူဗင်တပ်
**ည ၇း၃၀ (၂၉-၁-၁၇)**

ဆာစူအိုလိုက အိမ်ကွင်းမှာခြေစွမ်းပိုင်း အားနည်းပေမယ့် ခံစစ်ကစားပုံမဆိုးဘူး။ ဒါပေမယ့်တိုက်စစ်ကတော့အကောင်းဆုံးပုံစံမရှိလို့ ဂျူဗင်တပ်ခံစစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရမှာပါ။ ဂျူဗင်တပ်က ဒီပွဲမတိုင်ခင် အေစီမီလန်နဲ့ ကိုပါအီတာလီယာပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ ဒါပေမယ့် အသင်းလိုက်ကစားပုံကောင်းတဲ့ ဂျူဗင်တပ်ကသာ ပွဲကို ထိန်းချုပ်ကစားနိုင်ဖို့ရှိနေကာ နိုင်ပွဲလည်း ရယူသွားနိုင်ဖို့သာ ရှိနေပါတယ်။

### ဆမ်ဒိုးရီးယား - ရိုးမား
**ည ၇း၃၀ (၂၉-၁-၁၇)**

ရိုးမားက လက်ရှိအချိန်မှာနိုင်ပွဲတွေရယူနေနိုင်တယ်ဆိုပေမယ့် တိုက်စစ်ပိုင်းကဂိုးသွင်းအားကျလာလို့ နိုင်ပွဲရအောင်ခက်ခက်ခဲရုန်းနေရတယ်။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ ရိုးမားရဲ့ တိုက်စစ်ကစားပုံက ပိုမိုအားနည်းတတ်တာကြောင့် ဆမ်ဒိုးရီးယားကို ခက်ခက်ခဲခဲ ရင်ဆိုင်ရနိုင်တယ်။ ဆမ်ဒိုးရီးယားက လက်ရှိခြေမငြိမ်ပေမယ့် အိမ်ကွင်းပွဲတွေမှာ ကစားပုံသိသိသာသာကောင်းမွန်တတ်တာကြောင့် ရိုးမားတို့ နိုင်ပွဲရရင်တောင်ဂိုးမပြတ်ဘူး။

### အင်တာ - ပက်စ်ကာရာ
**နံနက် ၂း၁၅ (၂၉-၁-၁၇)**

အင်တာမီလန်က စီးရီးအေပြိုင်ပွဲမှာ နောက်ဆုံးအိမ်ကွင်း ခြောက်ပွဲဆက် အနိုင်ရထားသလို ဖီအိုရင်တီးနား၊ လာဇီယိုတို့ လို ပြိုင်ဘက်ကောင်းတွေကိုတောင် အနိုင်ယူနိုင်ခဲ့တယ်။ အိုင်ကာဒီ၊ ပီရီဆစ်တို့ ဦးဆောင်တဲ့ တိုက်စစ်ကလည်းဂိုးသွင်းခြေရနေတယ်။ ပက်စ်ကာရာရဲ့ အဝေးကွင်းခြေစွမ်းကတော့ အားနည်းလွန်းနေသလို တိုက်စစ်ကလည်း စွမ်းဆောင်ရည်မတည်ငြိမ်ဘူး။ အိမ်ကွင်းမှာ အင်တာမီလန်သာ နိုင်ပွဲရမှာပါ။

### ကယ်ဂလီယာရီ - ဘိုလော့နာ
**ည ၇း၃၀ (၂၉-၁-၁၇)**

ကယ်ဂလီယာရီက အိမ်ကွင်းမှာရလဒ်ကောင်းရဖို့ အားစိုက်လာမှာဖြစ်ပြီး အသင်းလိုက်ကစားပုံလည်း မဆိုးဘူး။ ဒ့ါအပြင် အိမ်ကွင်းမှာ ကယ်ဂလီယာရီရဲ့တိုက်စစ်ကလည်းဂိုးသွင်းခြေရနေတယ်။ အိမ်ကွင်း စုစုပေါင်း ၁၀ ပွဲကစားခဲ့ရာမှာလည်း ခုနစ်ပွဲအထိ အနိုင်ရခဲ့တယ်။ ဘိုလော့နာက နောက်ဆုံး အဝေးကွင်းပွဲမှာ ခရိုတိုနီအသင်းကို အနိုင်ရခဲ့တယ်ဆိုပေမယ့်ခြေစွမ်းပိုင်းသာမန်သာရှိတာကြောင့် ကယ်ဂလီယာရီကိုယှဉ်နိုင်ဖို့ ခက်တယ်။

### ဖီအိုရင်တီးနား - ဂျီနိုအာ
**ည ၇း၃၀ (၂၉-၁-၁၇)**

ဖီယိုရင်တီနာဟာအိမ်ကွင်းမှာ နာပိုလီကို သရေ၊ ဂျူဗင်တပ်ကို အနိုင်ကစားနိုင်ခဲ့ပေမယ့် ဒီပွဲမတိုင်ခင်နာပိုလီနဲ့ ကိုပါအီတာလီယာ ဖလားပွဲ ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်တယ်။ ဂျီနိုအာအသင်းက နောက်ပိုင်းအဝေးကွင်းပွဲတွေမှာ အသင်းလိုက်ကစားပုံ အနည်းငယ် တိုးတက်မှုရှိလာသလို တိုက်စစ်ကလည်း စွမ်းဆောင်ရည်မဆိုးဘူး။ ဒါပေမယ့်ခံစစ်ပိုင်း အားနည်းနေမှုကြောင့် ဖီအိုရင်တီးနားနိုင်မယ်။

### အူဒီးနီးစ် - အေစီမီလန်
**ည ၇း၃၀ (၂၉-၁-၁၇)**

အခုနောက်ပိုင်းမှာ အူဒီးနီးစ်ခြေက ကျဆင်းလာတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေတည်ငြိမ်မှု အား နည်းလာတာကြောင့် အိမ်ကွင်းပွဲတွေမှာတောင် နိုင်ပွဲရယူနိုင်ဖို့အ တွက်ရုန်းကန်နေရပါတယ်။ ဒါပေမယ့်လည်း အေစီမီလန်ကလည်း နောက်ပိုင်းပွဲတွေမှာခြေစွမ်းကျဆင်းနေသလို အဝေးကွင်းပွဲတွေမှာလည်း စွမ်းဆောင်ရည်က တည်ငြိမ်မရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် အူဒီးနီးစ်တို့ သရေလောက်ရနိုင်ပါတယ်။

### နာပိုလီ - ပါလာမို
**နံနက် ၂း၁၅ (၃၀-၁-၁၇)**

နာပိုလီက အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်တတ်သလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေပိုမိုတည်ငြိမ်တတ်ပါတယ်။ အိမ်ကွင်းစုစုပေါင်း ၁၁ ပွဲကစားပြီးချိန်မှာ ရှုံးပွဲတစ်ပွဲသာရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ ပါလာမိုကတော့ တန်းမဆင်းရဖို့ အားစိုက်ကစားနေ သလို အဝေးကွင်းပွဲတွေမှာ ရလဒ်ပိုင်း ပိုမိုကောင်းမွန်တတ်တယ်ဆိုပေမယ့်လည်း နာပိုလီရဲ့အိမ်ကွင်းအားကိုတော့ထိန်းချုပ်နိုင်ဖို့ ခက်ခဲလွန်းပါတယ်။ နာပိုလီသာနိုင်ပွဲရသွားမှာပါ။

## ကိုယ်အလေးချိန်လျှော့မှ တိုရီနိုအတွက် ပြန်ကစားခွင့်ရမယ့် တိုက်စစ်မှူးမက်ဇီလိုပက်ဇ်

တိုရီနိုအသင်းနည်းပြ မီဟိုင်းလိုဗစ်က တိုက်စစ်မှူး မက်ဇီလိုပက်ဇ်ကို ကိုယ်အလေးချိန် မလျှော့ချနိုင်သရွေ့ အသင်းအတွက် ဝင်ရောက်ကစားခွင့်ရမည် မဟုတ်ကြောင်း သတိပေးစကား ထပ်မံပြောကြားလိုက်သည်။ တိုရီနိုအသင်းကဘိုလော့နာအသင်းကို နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည့်ပွဲစဉ်တွင် တိုရီနိုစုပါစတား ဘာလော့တီ ပွဲပယ်ပြစ်ဒဏ်ကြောင့် ဝင်ရောက်ကစားနိုင်ခြင်းမရှိခဲ့သည့်တိုင် မက်ဇီလိုပက်ဇ်ကို အသုံးပြုခဲ့ခြင်းမရှိရာ အဆိုပါ ကိစ္စရပ်အတွက် မီဒီယာများက မီဟိုင်းလိုဗစ်အပေါ် မေးခွန်းထုတ်ခဲ့ကြသည်။

မီဟိုင်းလိုဗစ်က ကစားသမားတစ်ဦးသည် ကလပ်အသင်းမှ ချမှတ်ထားသည့် စည်းမျဉ်းများကို လိုက်နာမှသာ ကစားခွင့်ပြန်လည်ရရှိမည်ဖြစ်ကြောင်း၊ အလေးချိန်ခုနစ်ကီလိုတက်နေသည့် ကစားသမားတစ်ဦးကို ပွဲထွက်ကစားသမားအဖြစ် အသုံးပြုမည်မဟုတ်ကြောင်း ဒေါသတကြီး တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ မီဟိုင်းလိုဗစ်က “ ကျွန်တော်တို့ သူ့ကို ကိုယ်အလေးချိန် လျှော့ချဖို့ ဟိုးလွန်ခဲ့တဲ့ လပေါင်းများစွာကတည်းက ပြောကြားခဲ့ပြီးပါပြီ။ ကျွန်တော်တို့အသင်းမှာ ဝင်ရောက်ကစားချင်တယ်ဆိုရင်တော့ ပြောထားတဲ့ လုပ်ဆောင်နိုင်မှုဖြစ်မယ်” ဟု ပြောကြားခဲ့သည်။

မီဟိုင်း လိုဗစ်သည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းကလည်း မက်ဇီလိုပက်ဇ်ကို ကိုယ်အလေးချိန် လျှော့ချရန် ပျက်ကွက်သည့် ကိစ္စအတွက် ဝေဖန်ခဲ့သေးသည်။

**မေလှဲ့သင်း**

# ပျားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**တောင်ငူ ဇန်နဝါရီ ၂၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပျားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့ ပသိဟိုတယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပျားမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် ရှေးဦးစွာ အမျိုးသားလွှတ်တော် (အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ) ဦးမင်းဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပျားလုပ်ငန်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇံထွေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဦးက ပျားနှင့် ပျားမွေးမြူရေးလုပ်ငန်းအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပျားမွေးမြူရေးဌာန တာဝန်ရှိသူများ၊ ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများက ပျားနှင့် ပျားထွက်ပစ္စည်းများပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ အစိုးရသစ်လက်ထက် အစိုးရဌာနဆိုင်ရာ ငွေကြေးမူဝါဒအနေဖြင့် အသုံးစရိတ်များကို အတတ်နိုင်ဆုံးလျှော့ချပြီး ဝင်ငွေများကို တိုးမြှင့်ရှာဖွေရေး သတ်မှတ်ချက်အရ ပျားလုပ်ငန်းအနေဖြင့် ပျားရည်ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ပိုမိုပါဝင်လာနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့ကြောင်း၊ ပျားလုပ်ငန်းသဘာဝကို လေ့လာကြည့်ပါက မွေးမြူရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှစ်ရပ်လုံးနှင့်ပတ်သက်ပြီး မွေးမြူရေးကဏ္ဍမှာ သားငါးထုတ်လုပ်ရေးတွင် မပါဝင်သော်လည်း အသားကဏ္ဍ၏ အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ပြီး နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေရရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအနေဖြင့်လည်း ပျားဖြင့် ဝတ်မှုန်ကူး ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ပျားကဝတ်မှုန်ကူးပေးသည့်အတွက် စိုက်ခင်းများအောင်မြင်၍ သီးနှံအထွက်တိုးခြင်းဖြစ်ကြောင်း၊ ပျားလုပ်ငန်းဌာနအနေဖြင့် အသိပညာသင်တန်းများ၊ ဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ပျားလုပ်ငန်းဌာနမှ သိရသည်။


ပန်းချီသန်းဝင်း(တောင်ငူ)

# ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းဆောင်ရွက်

**သံတွဲ ဇန်နဝါရီ ၂၇**
သံတွဲ-ရန်ကုန် ပြေးဆွဲသည့် အဝေးပြေးမော်တော်ယာဉ်များပေါ်တွင် လိုက်ပါစီးနင်းကြသည့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ လက်တွေ့သရုပ်ပြ ဟောပြောခြင်းကို ဇန်နဝါရီ ၂၅ ရက်က အမှတ်(၆၈) သစ်စက်စစ်ဆေးရေးဂိတ်မှနေ၍ သံတွဲမှ ရန်ကုန်သို့ထွက်သည့် အဝေးပြေးကားများပေါ်တွင် အမှတ်(၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သံတွဲ)၊ သံတွဲခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ သံတွဲမြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးစသည့်ပူးပေါင်းအဖွဲ့က လက်တွေ့သရုပ်ပြဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သံတွဲ) တပ်ဖွဲ့စုမှူး ရဲအုပ်သန်းစိုးအောင်က မော်တော်ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းကြရေး၊ အရေးပေါ်ထွက်ပေါက်အသုံးပြုပုံများကို ဟောပြောလက်တွေ့သရုပ်ပြဆောင်ရွက်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ကြီးကျော်စိုးနိုင်က မော်တော်ယာဉ်များပေါ်တွင် မီးသတ်ဆေးဘူးဆောင်ထားမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ခရီးသည်များအား အရေးပေါ်မီးသတ်ဆေးဘူး အသုံးပြုပုံတို့ကို လက်တွေ့သရုပ်ပြမှုများ ဆောင်ရွက်ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်ငွေထုတ်ပေး

**လှိုင်ကော် ဇန်နဝါရီ ၂၇**
အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ မြန်မာ့မီးရထားမှ ဦးထက်စိုးကို၏ ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေကျပ် ၂၂၅၀၀၀၀ ထုတ်ပေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲက ကယားပြည်နယ် လွိုင်ကော်မြို့ မြို့နယ်လူမှုဖူလုံရေးရုံးခန်း၌ကျင်းပရာ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးမော်မော်က "၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေတွင် အာမခံစနစ် ခြောက်မျိုးပြဋ္ဌာန်းပါရှိသော်လည်း ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရန်ပုံငွေဖူလုံမှု၊ လုပ်ငန်းဌာနများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအရ ဥပဒေပုဒ်မ (၁၀၀) နဲ့အညီ ကျန်းမာရေးနဲ့ လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှု အာမခံစနစ်၊ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်ဟူ၍ အာမခံစနစ်သုံးမျိုးဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုကျင်းပတဲ့အခမ်းအနားက အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်အရ အလုပ်ကိုအကြောင်းပြု၍ သေဆုံးသွားသော မြန်မာ့မီးရထားတိုင်း (၄) ကလောမြို့ မြို့ပြအင်ဂျင်နီယာဌာနမှ အာမခံအလုပ်သမား ဦးထက်စိုးကိုရဲ့ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ငွေ ထုတ်ပေးခြင်းဖြစ်ပါတယ်" ဟုပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဦးမော်မော်က အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ မြန်မာ့မီးရထားမှ ဦးထက်စိုးကို၏ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခဲ့ရာ ငွေကျပ် ၂၂၅၀၀၀၀ ကို သေဆုံးသူ၏ဇနီး ဒေါ်နုနုရီအား ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုင်း(လွိုင်ကော်)

# ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများ၏လိုအပ်ချက်များအား ဖြည့်ဆည်းနိုင်ရန် ကွင်းဆင်းလေ့လာ

**စစ်တွေ ဇန်နဝါရီ ၂၇**
ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းသည် ရခိုင်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီက စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ သွားရောက်ခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက် အလယ်တန်းကျောင်းခွဲတွင် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံသည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုအား လှည့်လည်ကြည့်ရှုအားပေးပြီး စစ်တွေမြို့နယ် သက္ကယ်ပြင်ကျေးရွာ အ. ထ. က(ခွဲ)နှင့် လှမချေကျေးရွာ အ. မ. က (လွန်) စာသင်ကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်မှ IDP စခန်းများအပြင် ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့များရှိ IDP စခန်းများမှ စာသင်ကျောင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကွင်းဆင်းလေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများမှ စာသင်ကျောင်းများတွင် ဆရာ၊ ဆရာမများ လုပ်ခလစာအချိန်မီရရှိရေး၊ ကျောင်းသား၊ ကျောင်းသူများကောင်းမွန်စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းအဆောက်အအုံများ ကောင်းမွန်ရေးနှင့် ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေးတို့အတွက် လိုအပ်ချက်များအား ဖြည့်ဆည်းနိုင်ရန် ကွင်းဆင်းလေ့လာခြင်းဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# a&p;D;vmaumif;rGef&;vkyfief;rsm;aqmif&Gf



**ရန်ကုန် ဇန်နဝါရီ ၂၇**
တောင်ဥက္ကလာပမြို့နယ် အမှတ်(၈)ရပ်ကွက်အတွင်း မိုးကာလ၌ ရေဝပ်ရေလျှံမှုများ ကင်းဝေးစေရေးအတွက် ကြိုတင်စီမံကိန်းချဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးနှင့် လမ်းတံတားတာဝန်ခံတို့ကြီးကြပ်လျက် ဝေဇယန္တာလမ်းနှင့် ဣစိတံချောင်းကြား ရေနုတ်မြောင်းများအား စက်ယန္တရားဖြင့် ဆယ်ယူရှင်းလင်းပေးခဲ့ကြသည်။ "အခုထဲက ကြိုတင်ဆောင်ရွက်တော့ မိုးတွင်းကျရင် ပူစရာမလိုတော့ဘူးလေ။ တောင်ဥက္ကလာပမြို့နယ်က မြေပြင်အနေအထားက အနိမ့်ပိုင်းဖြစ်နေတာကြောင့် ရေစီးရေလာကောင်းအောင် စနစ်တကျချိန်ညှိပြီး ဆောင်ရွက်ပေးရပါတယ်" ဟု အုပ်ချုပ်ရေးမှူးဦးမြင့်ဆွေဦးက ရှင်းပြသည်။ (၅၉၇)

# တက္ကသိုလ်နှင့်ကျောင်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရေးဆောင်ရွက်

**ဘားအံ ဇန်နဝါရီ ၂၇**
ကရင်ပြည်နယ် ဘားအံမြို့ နည်းပညာအထက်တန်းကျောင်းရှိ (NRC) မှ ဖွင့်လှစ်ပေးသော အသက်မွေးဝမ်းကျောင်း သင်တန်းသား၊ သင်တန်းသူ လူငယ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိစေပြီး ယာဉ်မတော်တဆမှုများ မရှိစေရေးအတွက် အမှတ်(၇၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါသင်တန်းကျောင်း၌ အသိပညာပေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ်တွင် ယာဉ်မတော်တဆဖြစ်ပွားမှု ၄၃၃ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိမှု ၁၈၈ ဦး၊ သေဆုံးမှု ၁၃၃ ဦး၊ တရားခံ ၅၀၆ ဦးရှိခဲ့ရာ ဘားအံမြို့ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် ရည်ရွယ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အသိပညာပေးခြင်းကို တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ သင်တန်းကျောင်းများနှင့် ကျေးရွာအလိုက် လိုက်လံပညာပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါနေ့က ဘားအံမြို့ နည်းပညာအထက်တန်းကျောင်းတွင် အမှတ်(၇၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူးအောင်မြင့်နှင့် ရဲအုပ်အောင်ကိုကိုဝင်းတို့က ဆိုင်ကယ်စီးနင်းပါက မေးသိုင်းကြိုးပါရှိသော ဆိုင်ကယ်စီးဦးထုပ်ဆောင်ရန်၊ နှစ်ဦးထက်ပို၍စီးနင်းခြင်းမပြုရန်၊ ဆိုင်ကယ်နှင့် မော်တော်ယာဉ်မောင်းသူတိုင်း ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များရှိရေးနှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေများစသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောကြရာ ဘားအံနည်းပညာအထက်တန်းကျောင်းအုပ် ဒေါက်တာချိုယုမွန်၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ၇၁ ဦးကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။


နေမျိုးလွင်(ဘားအံ)



# မင်းဘူးမြို့ရှိ နဂါးပွက်တောင်ပွဲတော် ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပမည်

**မင်းဘူး ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ နဂါးပွက်တောင်ပွဲတော်ကာလမှာ ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၇ ရက်ထိ ရက်ပေါင်း ၇၅ ရက်တိုင်တိုင် ကျင်းပသည့်ပွဲတော်ဖြစ်ပြီး အဆိုပါပွဲတော်ကာလတွင် ဈေးဆိုင်ခန်း ၂၇ ခန်းအတွက် မဲနှိုက်ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက နဂါးပွက်တောင်တော်ရှိ ဈေးဆိုင်တန်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"နဂါးပွက်တောင်ပွဲတော်ကာလမှာ ဈေးရောင်းချမယ့်သူတွေကို ဆိုင်ခန်းလျှောက်လွှာတစ်စောင် ငွေကျပ် ၂၅၀၀ ဖြင့် ရောင်းချပေးခဲ့ပြီး ဆိုင်ခန်းလျှောက်လွှာပေါင်း ၃၀၈၂ စောင် ရောင်းချခဲ့ရပါတယ်။ မဲပေါက်သူက တစ်ခန်းကို ငွေကျပ် ၁၅၀၀၀၀ အလှူငွေအဖြစ်ပေးသွင်းပြီးမှ ဇန်နဝါရီ ၃၀ ရက် မှစတင်ကာ ရောင်းချခွင့်ပြုထားပါတယ်" ဟု နဂါးပွက်တောင် သာယာလှပရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောသည်။

နဂါးပွက်တောင် သာယာလှပရေးအဖွဲ့ အတွင်းရေးမှူး ဦးရဲဝင်းက "ဒီနေ့ ဈေးဆိုင်ခန်းမဲနှိုက်တဲ့ အစီအစဉ်မှာ လျှောက်လွှာလျှောက်ထားတဲ့ ဈေးသည်တွေက မဲစိစစ်ရေးအဖွဲ့ရွေးထုတ်ကာ မဲစိစစ်ခိုင်းပါတယ်။ နောက် မဲကြီးကြပ်ရေးအဖွဲ့အနေနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက တာဝန်ရှိသူတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အထောက်အကူပြုအဖွဲ့တွေက မဲကြီးကြပ် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" ဟု ပြောသည်။

ပွဲတော်ကာလဈေးရောင်းချနေသူ မဌေးဌေးက "ကျွန်မတို့ ပွဲတော်ကာလ ဈေးရောင်းချလာခဲ့တာ ၁၈ နှစ်တိုင်ရှိပါပြီ။ ယခင်နှစ်တွေကလည်း ယခုလို လျှောက်လွှာတွေ မဲနှိုက်ဆောင်ရွက်ခဲ့တာပါ။ ယခုနှစ် ဈေးသည်တွေကို မဲစိစစ်ခိုင်းပြီးမှ မဲနှိုက်ခိုင်းတာပါ။ အားလုံးပဲကျေနပ်မှုရှိပါတယ်" ဟု ပြောပြသည်။

**ဖိုးပြည့်**

## ကုန်စည်ဒိုင်အသင်းဝင်အားလုံး အတွေးအခေါ် အယူအဆပြောင်းလဲမှသာ နိုင်ငံတကာကို အမီလိုက်နိုင်

**မုံရွာ ဇန်နဝါရီ ၂၇**

မုံရွာကုန်စည်ဒိုင်အနေဖြင့် မိမိတို့၏စီးပွားဖက်ဖြစ်သည့် တောင်သူလယ်သမားများ၏ဘဝ မြှင့်တင်ပေးရန်လိုသလို ပြည်ပနိုင်ငံများတွင် ကုန်စည်ဖလှယ်ပို့ဆောင်မှုကို မည်သို့ဆောင်ရွက်သည်ကိုလေ့လာပြီး ကုန်စည်ဒိုင်အသင်းဝင်အားလုံးသည် အတွေးအခေါ် အယူအဆပြောင်းလဲမှသာ နိုင်ငံတကာကို အမီလိုက်နိုင်မှာဖြစ်ကြောင်း ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက မုံရွာကုန်စည်ဒိုင်ခန်းမ၌ ကျင်းပသော ၂၀၁၆-၂၀၁၇ ခုနှစ် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ထည့်သွင်းပြောကြားသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက မြို့တွေကိုကြည့်ရင် မုံရွာမြို့ဟာ အချက်အချာကျပြီး ကုန်စည်ကူးသန်းရောင်းဝယ်ရာမှာ အချက်အချာကျတဲ့ နေရာဖြစ်ပါတယ်။ မုံရွာကနေ နိုင်ငံခြားကို ကုန်စည်ပို့ရင် ရန်ကုန်ကနေ ပို့လို့ရသလို တရုတ်နိုင်ငံကိုပို့ချင်ရင် မန္တလေးကတစ်ဆင့် သွားလို့ရပါတယ်။ အိန္ဒိယကုန်စည် ကူးသန်းရောင်းဝယ်ရေးဟာလည်း မုံရွာကိုဗဟိုပြုပြီး ချင်းတွင်းအထက်ပိုင်း ကုန်စည်တွေရဲ့ ဝင်ပေါက်၊ ထွက်ပေါက်ဟာလည်း မုံရွာကိုဗဟိုပြုနေတာပါ။ ရန်ကုန်ကုန်စည်ဒိုင်၊ မန္တလေးကုန်စည်ဒိုင်ပြီးရင် မုံရွာကုန်စည်ဒိုင်ဟာ တတိယအဖြစ် ရပ်တည်နေတယ်ဆိုတာကို တွေ့ရတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အားလုံးပံ့ပိုး လက်တွဲဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ကပြောကြားသည်။

မုံရွာမြို့ ကုန်သည်ပွဲစားစက်ပိုင်များ မဟာကထိန်တော်အသင်း ကုန်စည်ဒိုင်အပေါ် ထပ်အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၆-၂၀၁၇ ခုနှစ် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးတွင် သဘာပတိအဖြစ် ဦးညွန့်သောင်းကဆောင်ရွက်ကာ အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## စားသုံးသီးနှံများ၊ အစားအစာနှင့် တိရစ္ဆာန်အစာများတွင် မှိုအဆိပ် ပါဝင်နေမှုတို့ကို ထိန်းချုပ်တားဆီးရန်ပညာပေး

**မန္တလေး ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ၏ ဒေသအများစုတွင် စားသုံးသီးနှံများ၊ အစားအစာနှင့် တိရစ္ဆာန်အစာများတွင် မှိုအဆိပ် (Aflatoxin) ပါဝင်နေမှုနှင့်ပတ်သက်၍ ၎င်းအဆိပ်ကို ထုတ်လုပ်သော မှိုကြီးထွားမှု၊ ပေါက်ဖွားမှု၊ ပျံ့နှံ့မှုတို့ကို ထိန်းချုပ်တားဆီးနိုင်ရန်နှင့် Aflatoxin မှိုအဆိပ်၏ အန္တရာယ်ရှိမှုကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသော တောင်သူလယ်သမားများအား ထပ်ဆင့်ပညာပေးနိုင်ရန် ရည်ရွယ်၍ မှိုအဆိပ်ပါဝင်နိုင်သော သီးနှံများ (မြေပဲ၊ ငရုတ်၊ ပြောင်း) စသည့်တို့အား စိုက်ပျိုးစဉ်၊ ရိတ်သိမ်းစဉ်၊ သိုလှောင်စဉ်၊ သယ်ပို့စဉ်၊ လုပ်ငန်းစဉ်အဆင့်ဆင့်များတွင် ဆောင်ရွက်ရန်နည်းလမ်းများနှင့် Afatoxin မှိုအဆိပ်အကြောင်း ပညာပေးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲတွင် ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ ခရိုင်၊ မြို့နယ်များမှ သီးနှံကာကွယ်ရေးတာဝန်ခံများနှင့် သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်နုသွင်က Aflatoxin မှိုအဆိပ်ထုတ်လုပ်နိုင်သော မှိုအမျိုးအစားများအကြောင်း၊ Aflatoxin မှိုအဆိပ် အမျိုးအစားများနှင့် အန္တရာယ်ရှိမှု၊ အဆိုပါ မှိုအဆိပ်ပါဝင်မှုကို လျှော့ချနိုင်ရန် ဆောင်ရွက်သင့်သောနည်းလမ်းများ၊ အာဆီယံနိုင်ငံများတွင် သတ်မှတ်ထားသော နိုင်ငံအလိုက်၊ သီးနှံအလိုက် လက်ခံနိုင်သည့် မှိုအဆိပ်ပမာဏများ အကြောင်းတို့ကို အကျယ်တဝင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## အစိုးရနည်းပညာကောလိပ်(မြင်းခြံ)မှ မြေပိုင်ရှင်တောင်သူများအား မြေယာလျော်ကြေးပေးအပ်

**မြင်းခြံ ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အစိုးရနည်းပညာကောလိပ် ( မြင်းခြံ ) မှ သက်ဆိုင်ရာ မြေပိုင်ရှင်တောင်သူများအား မြေယာလျော်ကြေးပေးအပ်ခြင်းကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ က အစိုးရနည်းပညာကောလိပ် (မြင်းခြံ) ကျောင်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြေယာလျော်ကြေးပေးအပ်ပွဲတွင် မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ အစိုးရနည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာအောင်ဇော်ထွန်းက မြေယာလျော်ကြေးငွေများ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး တောင်သူကြီးတစ်ဦးက မြေယာလျော်ကြေးများ ယခုကဲ့သို့ပေးအပ်သဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောခဲ့သည်။

ထို့နောက် မြေယာလျော်ကြေးငွေများ ပေးအပ်ခြင်းကိုပြုလုပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ ကျောင်းအုပ်ကြီး ဒေါက်တာအောင်ဇော်ထွန်း၊ မြို့နယ်မြေယာလျော်ကြေးငွေ စိစစ်ရေးကော်မတီဝင်များ၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များက သက်ဆိုင်ရာ မြေပိုင်ရှင်တောင်သူ ၂၆ ဦး တို့အား တစ်ဧကလျှင်ကျပ်သိန်း ၂၀ နှုန်းဖြင့် လျော်ကြေးငွေ စုစုပေါင်းငွေကျပ် ၆၀၆၆၀၀၀၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ကျွန်းလှမြို့နယ်တွင် ဂျပန်ချဉ်ပေါင်လျှော်စိုက်ပျိုးသော တောင်သူများအကျိုးအမြတ်ရရှိ



**ကျွန်းလှ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ဂျပန်ချဉ်ပေါင်လျှော်များအောင်မြင်၍ တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

"ဒီနှစ် ဂျပန်ချဉ်ပေါင်လျှော်မျိုးကို မျိုးစေ့ထုတ်ကွက်အဖြစ် တစ်ဧကစိုက်ပျိုးထားပါတယ်။ တစ်ဧက မျိုးလေးပြည်စိုက်ပျိုးပြီး တစ်ပြည်ငွေကျပ် ၁၅၀၀ ပေးရပါတယ်။ မျိုးဖိုး၊ ထွန်ယက်ခ တစ်ဧက ငွေကျပ် ၄၀၀၀၀ ကျော်ကုန်ကျပါတယ်။ ယခုအစေ့ ၁၃ တင်းရရှိပြီး တစ်တင်းငွေကျပ် ၂၂၅၀၀ ရောင်းရ၍ငွေကျပ် ၃၀၀၀၀၀ ခန့်ရရှိပါတယ်။ ကုန်ကျစရိတ် သက်သာခြင်းကြောင့် တိုးချဲ့စိုက်ပျိုးရန်စီစဉ်ထားပါတယ်"ဟု ရွာသီကျေးရွာချဉ်ပေါင်လျှော်စိုက်တောင်သူ ဦးမြင့်သိန်းက ပြောပြသည်။

အဆိုပါ ချဉ်ပေါင်လျှော်စိုက်တောင်သူများအား ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့် ရွေးချယ်ပေးပြီး စိုက်နည်းစနစ်၊ လျှော်ထုတ်ပုံအဆင့်ဆင့်တို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**




## မီးဘေးလုံခြုံရေးအတွက် စက်သုံးဆီအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး

**ခင်ဦး ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်၊ မြို့နယ်မီသတ်ဦးစီးမှူး ကျော်စိုးပိုင်နှင့် စည်ပင်သာယာရေးအဖွဲ့တို့က မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် စက်သုံးဆီအရောင်းဆိုင် ၁၄ ဆိုင်ကို မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အရေးပေါ်မီးသတ်ဆေးဘူးများ ကောင်းမွန်ခြင်း ရှိ-မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# လူသိရှင်ကြားတွဲလာတဲ့ ခရစ်စတင်းစတူးဝပ်နဲ့ စတယ်လာမက်ဇ်ဝဲလ်



"Twilight" ဇာတ်လမ်းတွဲရုပ်ရှင်တွေနဲ့ အောင်မြင်မှုတွေရလာတဲ့ ဟောလိဝုဒ်ကြယ်ပွင့် မင်းသမီးချော ခရစ်စတင်းစတူးဝပ်ဟာ လတ်တလောမှာတော့ ဗစ်တိုးရီးယား စီကရက်ထ်မော်ဒယ်လ်တစ်ဦး ဖြစ်သူ စတယ်လာမက်ဇ်ဝဲလ်နဲ့ ပေါ်ပေါ်ထင်ထင်တွဲလာခဲ့ကာ သူတို့နှစ်ဦး အနမ်းတွေပေးနေကြတာကို တွေ့မြင်ခဲ့ရကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ခရစ်စတင်းစတူးဝပ်ဟာ သူ့ကိုယ်သူ လိင်တူစိတ်ဝင်စားသူ တစ်ဦးအဖြစ် ထုတ်ဖော်ပြောကြားပြီးတဲ့နောက် လိင်တူချစ်သူတွေ ထားရှိခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ စတယ်လာမက်ဇ်ဝဲလ်နဲ့ တွဲနေခဲ့ကြတာလည်း ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မီလန်သို့ အလည်အပတ်ထွက်ခဲ့ကြရာ လေဆိပ်သို့သွားရာလမ်းမှာ သူတို့စီးလာတဲ့ကားအတွင်း အနမ်းတွေခွေနေခဲ့ကြတာကို မီဒီယာတွေက တွေ့မြင်ခဲ့ကြတာဖြစ်ပါတယ်။

ယခင်က ပေါ့ပ်အဆိုတော် မိုင်လီဆိုင်းရပ်စ်ရဲ့ လိင်တူချစ်သူအဖြစ် လက်တွဲခဲ့ဖူးတဲ့ စတယ်လာမက်ဇ်ဝဲလ်ဟာ ခရစ်စတင်းစတူးဝပ်နဲ့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် မေလအတွင်း စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ ခရစ်စတင်းစတူးဝပ်ဟာ စတယ်လာမက်ဇ်ဝဲလ်အပြင် အခြားသော အမျိုးသမီးများစွာနဲ့လည်း ချစ်သူတွေအဖြစ် လက်တွဲခဲ့ဖူးသူပါ။ သူနဲ့တွဲခဲ့တဲ့ လိင်တူချစ်သူတွေထဲမှာ သူ့ရဲ့လက်ထောက်တစ်ဦးဖြစ်တဲ့ အယ်လစ်စီရာကာဂီး၊ ရော့ခ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "PVRIS " ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လင်န်ဂန်းနဲ့ ပြင်သစ်အဆိုတော်တစ်ဦးဖြစ်သူ ဆိုကိုတို့လည်း ပါဝင်ပါတယ်။

ခရစ်စတင်းစတူးဝပ်ဟာ "Twilight" ရုပ်ရှင်မှာ အတူတွဲဖက် သရုပ်ဆောင်ခဲ့တဲ့ ခေါင်းဆောင်မင်းသား ရောဘတ်ပတ်တီဆန်နဲ့ အချိန်အတော်ကြာချစ်သူတွေအဖြစ် လက်တွဲခဲ့ကြပါတယ်။ ရောဘတ်ပတ်တီဆန်နဲ့ လမ်းခွဲပြီးနောက်ပိုင်းမှာ ချစ်သူတွေများစွာထားခဲ့ပေမယ့် ဘယ်သူနဲ့မှ ကြာရှည်လက်တွဲခဲ့ခြင်းမရှိတော့ဘဲ တစ်ယောက်ပြီး တစ်ယောက် ပြောင်းလဲတွဲနေခဲ့တာဖြစ်ပါတယ်။

# အဖွဲ့ဖျက်သိမ်းကြောင်းတရားဝင်ကြေညာလိုက်တဲ့ Wonder Girls



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Wonder Girls ဟာ အဖွဲ့ကို ဖျက်သိမ်းတော့မှာဖြစ်ကြောင်း ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ သတင်းတွေထွက်လာခဲ့ပြီးနောက် လတ်တလောမှာတော့ အဖွဲ့ကို အပြီးသတ်ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၆ ရက်မှာတော့ Wonder Girls ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်က အဆိုပါတေးဂီတအဖွဲ့ရဲ့ စာချုပ်သက်တမ်းပြီးဆုံးခဲ့ပြီဖြစ်ကာ စာချုပ်သစ်ထပ်မံချုပ်ဆိုနိုင်ခြင်း မရှိတဲ့အတွက် အဖွဲ့ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ဂျေဝိုင်ပီအန်တာတိန်းမန့်က အွန်လိုင်းမီဒီယာတစ်ခုဖြစ်တဲ့ YouTube ပေါ်မှာ တေးဂီတအဖွဲ့ရဲ့ အမှတ်တရပုံရိပ်တွေပါဝင်တဲ့ ဗွီဒီယိုဖိုင်တစ်ခုဖြစ်တဲ့ "THANK YOU FOR BEING SO WONDERFUL" ကို ဇန်နဝါရီ ၂၆ ရက်က ထုတ်လွှင့်ခဲ့ပြီး Wonder Girls ပရိသတ်တွေကို နှုတ်ဆက်စကားဆိုခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် အဖွဲ့ဝင်တွေကလည်း အဖွဲ့ဖျက်သိမ်းရတာနဲ့ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲတစ်ခုပြုလုပ်ခဲ့ကာ အဆိုပါ သတင်းစာရှင်းလင်းပွဲမှာတော့ ယခုလိုအဖွဲ့ဖျက်သိမ်းလိုက်ရတဲ့အတွက် ပရိသတ်ကို နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ နှုတ်ဆက်သီချင်းတစ်ပုဒ်ကို ထုတ်လွှင့်သွားဖို့ စီစဉ်ထားကြောင်းထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါ့ကြောင့် Wonder Girls ဟာလည်း မကြာသေးမီက အဖွဲ့ဖျက်သိမ်းလိုက်တဲ့အနေနဲ့ နှုတ်ဆက်သီချင်း "Goodbye"ကို ထုတ်လွှင့်ခဲ့တဲ့ 2NE1ရဲ့ ခြေရာနောက်ကို လိုက်တယ်လို့ ဆိုရမလားပါပဲ။

"Wonder Girls" တေးဂီတအဖွဲ့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက စတင်ပြီး အဖွဲ့ဖျက်သိမ်းတော့မှာဖြစ်တယ်လို့ သတင်းတွေပေါ်ထွက်လာခဲ့ပေမယ့် အဖွဲ့ရဲ့အေဂျင်စီက အဆိုပါကောလာဟလတွေဟာ မမှန်ကန်ကြောင်းနဲ့ လတ်တလောမှာ ဘာကိုမှ ဆုံးဖြတ်ပြီးတာမရှိသေးဘဲ အဖွဲ့ဝင်တွေနဲ့ စာချုပ်သက်တမ်းဟာလည်း ဇန်နဝါရီ ၁၂ ရက်မှာမှ ကုန်ဆုံးမှာဖြစ်တဲ့အတွက် ဆွေးနွေးမှုတွေ ပြုလုပ်နေဆဲဖြစ်တယ်လို့ သတင်းတွေပေါ်ထွက်လာခဲ့စဉ်က ဆိုခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါ အေဂျင်စီနဲ့ ရင်းနှီးတဲ့သူတစ်ချို့ကတော့ Wonder Girls ဟာ အဖွဲ့ကို ဖျက်သိမ်းတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါတယ်။ အဲဒီနောက် ဇန်နဝါရီ ၂၆ ရက်မှာတော့ Wonder Girls ရဲ့ ဖျော်ဖြေရေးအေဂျင်စီက အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်။

ဂျေဝိုင်ပီအန်တာတိန်းမန့်က "ကျွန်တော်တို့နဲ့ ဆယ်နှစ်ကြာလက်တွဲလာခဲ့တဲ့ Wonder Girls တေးဂီတအဖွဲ့ဟာ နောက်ဆုံးမှာတော့ လမ်းခွဲဖို့ဖြစ်လာခဲ့ပါပြီ။ အဖွဲ့ဝင်တွေဟာ အချင်းချင်းရော အေဂျင်စီနဲ့ပါ ဆွေးနွေးမှုတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီးတဲ့နောက်မှာ ယခုလို ဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ အဖွဲ့ဝင်လေးဦး အနက်က ယူဘင်နဲ့ ဟေလင်းမ်တို့ကတော့ အေဂျင်စီနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့ပေမယ့် အခြားသောအဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ ရီအွန်းနဲ့ စန်းမီကတော့ အေဂျင်စီနဲ့ လမ်းခွဲလိုက်ပြီဖြစ်ပါတယ်။ Wonder Girls ကို အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို အထူးကျေးဇူးတင်ကြောင်းနဲ့ အဖွဲ့ဝင်တွေရဲ့ ရှေ့ဆက်မယ့် အနုပညာခရီးလမ်းမှာ သူတို့ကို ဆက်လက်အားပေးကြပါလို့ တောင်းဆိုချင်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် အဖွဲ့ဖျက်သိမ်းပြီးနောက် နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ အဖွဲ့ရဲ့နှုတ်ဆက်သီချင်းတစ်ပုဒ်ကိုလည်း Wonder Girls ရဲ့ အဖွဲ့တည်ထောင်ခြင်း(၁၀)ပြည့်နှစ်ပတ်လည်နေဖြစ်တဲ့ လာမယ့် ဖေဖော်ဝါရီ ၁၀ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ဘယ်လာဟာဒစ်ဒီနဲ့အတူ ပါတီပွဲဆင်နွှဲခဲ့တဲ့ G-Dragon

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG"မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ G-Dragon ဟာ လတ်တလောမှာ ပဲရစ်မှာ ရောက်ရှိနေပြီး ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဘယ်လာဟာဒစ်ဒီ အပါအဝင်အခြားသော နာမည်ကျော် အနုပညာရှင်တွေနဲ့တွဲဖက်ကာ ပါတီပွဲဆင်နွှဲခဲ့ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၆ ရက် ညပိုင်းမှာ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ အလည်အပတ်ထွက်ကြရင်း စားသောက်ဆိုင်တစ်ဆိုင်မှာ ပါတီပွဲအတူဆင်နွှဲခဲ့ကြတဲ့ ဘယ်လာဟာဒစ်ဒီနဲ့ G-Dragon တို့ရဲ့ ဓာတ်ပုံတွေကို G-Dragon က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အဆိုပါဓာတ်ပုံတွေမှာ သူတို့နှစ်ဦးအပြင် ဂျပန်နာမည်ကျော် လတ်ဝတ်ရတာနာဒီဇိုင်နာတစ်ဦးလည်း ပါဝင်နေတာတွေ့မြင်ခဲ့ကြရပါတယ်။

G-Dragon ဟာ ဖက်ရှင်ပြပွဲတစ်ခုအတွက် ပဲရစ်ကို ရောက်ရှိနေတာဖြစ်ပြီး ဘယ်လာဟာဒစ်ဒီနဲ့အတူ ဆင်နွှဲခဲ့တဲ့ အဆိုပါပါတီပွဲမှာ အခြားသော တောင်ကိုရီးယား နာမည်ကျော် အနုပညာရှင်တစ်ဦးဖြစ်တဲ့ ပါ့ခ်ရှင်ဟေးလည်း ပါဝင်ကြောင်း သိရပါတယ်။



# ကမ်မီလာကပ်ဘဲလိုရဲ့ တေးသီချင်းသစ် အွန်လိုင်းမီဒီယာပေါ်မှာ ပျံ့နှံ့





ယခင်က နာမည်ကျော် ဗြိတိန်အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Fifth Harmony"မှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ကမ်မီလာကပ်ဘဲလိုရဲ့ တေးသီချင်းသစ်တစ်ပုဒ်ဟာ မကြာသေးမီက အွန်လိုင်းမီဒီယာတွေအပေါ်မှာ ပျံ့နှံ့လာခဲ့ကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကမ်မီလာကပ်ဘဲလိုဟာ "Fifth Harmony" ကနေ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ပရိသတ်တွေက သူ့ရဲ့ တစ်ကိုယ်တော် တေးသီချင်းတွေကို မျှော်လင့်နေခဲ့ကြတာဖြစ်ပါတယ်။ အဲဒီလိုအချိန်မှာပဲ သူ့ရဲ့ "Love is Incredible" လို့ အမည်ပေးထားပုံပေါ်တဲ့ တေးသီချင်းသစ်တစ်ပုဒ်ဟာ ယခုသီတင်းပတ် အစပိုင်းကစတင်ပြီး အွန်လိုင်းမီဒီယာတွေအကြား ပျံ့နှံ့လာခဲ့ပါတယ်။

လတ်တလောမှာ တေးသီချင်းတွေကို ထုတ်လွှင့်နေတဲ့ တေးဂီတဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ ဘေဘုတ်ပေါ်မှာ ပျံ့နှံ့နေပြီဖြစ်တဲ့ အဆိုပါတေးသီချင်းကို ကမ်မီလာကပ်ဘဲလိုနဲ့ နော်ဝေလူမျိုး တေးထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ကတ်ရှ်မဲကတ်တို့အတူ ဖန်တီးခဲ့တာဖြစ်ပြီး ယင်းတေးသီချင်းမှာ ဒရမ်တီးလုံးသံတွေအကြားက ကမ်မီလာကပ်ဘဲလိုရဲ့ အားကောင်းတဲ့အသံပါဝါနဲ့ သီဆိုထားတာကို ခံစားကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါတေးသီချင်းကို YouTube ပေါ်ကနေလည်း ကူးယူနားဆင်နိုင်ပြီဖြစ်ကြောင်း သိရပါတယ်။

အေးပြည့်-စုစည်းသည်

# လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းစွမ်းရည်မြှင့် သင်တန်းဖွင့်

**တပ်ကုန်း ဇန်နဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံ တောင်သူလယ်သမားနစ်နာမှု မရှိစေရေး၊ တည်ဆဲမြေယာဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရန် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက မြို့နယ် အောင်ဆန်းခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် (တပ်ကုန်းမြို့နယ်တာဝန်ခံ) ဦးတင်ထွဋ်က အဖွင့်အမှာစကားပြောကြားပြီးနောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီဝင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က သင်တန်းသားများအနေဖြင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းသည့်အခါ စစ်ဆေးတွေ့ရှိချက်အပေါ် မှန်ကန်တဲ့အကြံပြုချက်၊ ဖြစ်သင့်တဲ့အကြံပြုချက်များ စနစ်တကျဆောင်ရွက်နိုင်ရန် သင်တန်းတွင် ပို့ချဆွေးနွေးသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို လေ့လာမှတ်သားရန် မှာကြားခဲ့သည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုတွင် ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် တောင်သူလယ်သမားများ၏ အခက်အခဲများကို ဥပဒေနှင့်အညီ အမှန်တကယ်အကျိုးပြုနိုင်ရန်အတွက် သင်တန်းသားများအား ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီဝင် စုစုပေါင်း ၄၃၄ ဦးတက်ရောက်ကြ၍ သင်တန်းကာလမှာ နှစ်ရက်ဖြစ်ပြီး သိမ်းဆည်းလယ်ယာမြေနှင့်စပ်လျဉ်း၍ အတွေ့အကြုံများဆွေးနွေးခြင်း၊ ၁၉၈၄ ခုနှစ် မြေသိမ်းအက်ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာများ၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ မူဝါဒလမ်းညွှန်ချက်များ၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန် ဗဟိုကော်မတီမှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ သစ်တောဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ မြို့ပြမြေယာဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ၊ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ၊ လမ်းမကြီးဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများအား သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## အခြေခံအရေးပေါ်သားဖွားပြုစုစောင့်ရှောက်ခြင်း ဆရာဖြစ်သင်တန်းဖွင့်လှစ်

**မြဝတီ ဇန်နဝါရီ ၂၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ခရိုင်ကျန်းမာရေးဦးစီးဌာနတွင် အခြေခံအရေးပေါ် သားဖွားပြုစုစောင့်ရှောက်ခြင်း ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုသင်တန်းပြီးမြောက်ပါက မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာ အသိပညာများကို မြှင့်တင်ခြင်း၊ ထိရောက်သော သင်ကြားရေးစွမ်းရည်များကို မြှင့်တက်စေခြင်းဖြင့် မိမိတို့၏ သက်ဆိုင်ရာ တိုင်းရင်းသားဒေသများတွင် ကျွမ်းကျင်မှုအခြေပြု မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာ သင်တန်းများအား ထိရောက်စွာ ပြုလုပ်နိုင်မှာဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာလှမြသွေးကြူ၊ ကရင်ပြည်နယ်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး Thara Saw Diamond Khin နှင့် Maternal and Child Survival Progam(MCSP) မှ Technical Advisor ဒေါက်တာဝင့်ကေသီလွင်တို့က အမှာစကားအသီးသီးပြောကြားခဲ့သည်။

"ကျွန်မတို့ သားဖွားလုပ်ငန်းဟာ ကိုယ်ဝန်ဆောင်မိခင်များ ဘေးကင်းစေရေးနဲ့ မီးဖွားခြင်းတို့မှာ အချက်အချာကျတဲ့လုပ်ငန်းဖြစ်ပါတယ်။ မိခင်များအနေနဲ့ ကိုယ်ဝန်ဆောင်စဉ်နဲ့ မွေးဖွားစဉ်မှာ ကျွမ်းကျင်တဲ့စောင့်ရှောက်မှုတွေနဲ့ လုပ်ဆောင်နိုင်တော့မှာ ဖြစ်ပါတယ်" ဟု သင်တန်းသူတစ်ဦးက ပြောကြားခဲ့သည်။

သင်တန်းကို ဇန်နဝါရီ ၂၅ ရက်မှစတင်ပြီး ရှစ်ရက်ကြာပို့ချသွားမည်ဖြစ်ပြီး တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူ ၁၈ ဦး တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ၏ ဦးဆောင်မှုဖြင့် ကရင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ USAID ၏ Maternal and Child Survival Progam(MCSP) နှင့် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်းများ ပူပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## တောင်သူပညာပေး သရုပ်ပြပွဲ ကျင်းပ

**စဉ့်ကိုင် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၇၄)စက်မှုလယ်ယာစခန်း တောင်သူပညာပေးသရုပ်ပြပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ဦးစီးဌာနမှူး ဦးအောင်ကျော်ကျော်၊ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာများမှ တောင်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူးက ထွန်ယက်ရေးသရုပ်ပြရခြင်း၏အကျိုးကျေးဇူးနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်ယက်ခ၊ ရိတ်သိမ်းခဈေးနှုန်းများကို ရှင်းလင်းပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူများအား ထွန်စက်ကြီးများကို အရစ်ကျစနစ်ရောင်းဈေးနှုန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းခဲ့ရာ ပထမရစ်တွင် ၁၀ ရာခိုင်နှုန်းပေးသွင်းရောင်းချမှုများကိုလည်း အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးအောင်(စဉ့်ကိုင်)**

## ဘာသာရေး၊ သာသနာရေးနှင့် ပညာရေးကဏ္ဍတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆွေးနွေး

**စစ်ကိုင်း ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နှင့် စစ်ကိုင်းမြို့နယ်များ၏ ဘာသာရေး၊ သာသနာရေးနှင့် ပညာရေးကဏ္ဍတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက် ညနေ ၄ နာရီက စစ်ကိုင်းမြို့ (IBEC) ကျောင်းတိုက်အတွင်းရှိ ပင်မကျောင်းဆောင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံညှိနှိုင်းပွဲသို့ (IBEC) ဗုဒ္ဓဘာသာပညာရေးစင်တာကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးသောဘိတ ဦးဆောင်ကြွရောက်တော်မူပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်နှင့် ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့သည်။

(IBEC) ကျောင်းတိုက် ပဓာနနာယကဆရာတော်က ဘာသာရေး၊ သာသနာရေးနှင့် ပညာရေးကဏ္ဍတို့တွင် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြတ်စွာဘုရားတရားတော်များနှင့်အညီ ဘယ်အရာမဆို စည်းလုံးညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ကြောင်း မိန့်ကြားပေးခဲ့သည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဘာသာရေး၊ သာသနာရေးနှင့်ပညာရေးကဏ္ဍတို့တွင် ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ပညာရေး၊ စည်ပင်သာယာရေးတို့မှလည်း မိမိတို့လက်ရှိ စီမံအုပ်ချုပ်ရေးနှင့် နယ်မြေကွင်းဆင်း ဆောင်ရွက်နေမှု၊ ကဏ္ဍအလိုက် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများကို အသေးစိတ်လျှောက်ထားကြရာ တင်ပြလျှောက်ထားချက်များအပေါ် ဆရာတော်က ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးမိန့်ကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

## မွေးမြူရေးဘဏ်စနစ်ဖြင့် ဘဲကောင်ရေ ၂၅၀ ဖြန့်ဖြူးပေး

**သရက်ချောင်း ဇန်နဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် တီတွတ်ပြင်ကျေးရွာနှင့် ဆင်ကျန်းကျေးရွာတို့တွင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ မွေးမြူရေးဘဏ်စနစ်ဖြင့် ဘဲကောင်ရေ ၂၅၀ ဖြန့်ဖြူးပေးသည့်အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက လဘာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ယုက ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်ရည်ရွယ်ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဘဲကောင်ရေ ၂၅၀ အား ပေးအပ်ရာတွင် တစ်ရွာလျှင် ၁၂၅ ကောင်စီ ကျေးရွာနှစ် ရွာအတွက် အကောင် ၂၅၀ ကို ပေးအပ်ခဲ့သည်။ ယင်းသို့ဘဲများကိုပေးအပ်ရာတွင် ဘဲမွေးမြူလိုသူများကိုသာ အဓိကထားဖြန့်ဖြူးပေးခြင်းဖြစ်ပြီးတစ်အိမ်ထောင်လျှင် ဘဲအထီးနှစ်ကောင်၊ ဘဲအမရှစ်ကောင် ပေါင်း ၁၀ ကောင်စီကို မွေးမြူစေခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးမှဝန်ထမ်းများ၊ မြို့နယ်မွေးမြူရေးစနစ်ဖြင့် ဘဲဖြန့်ဖြူးရေးကော်မတီမှအဖွဲ့ဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာနေဒေသခံပြည်သူ ၈၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**



FrieslandCampina

# နိုင်ငံတကာစံချိန်မီအရည်အသွေးမြင့် နို့ထွက်ပစ္စည်းများကို မြန်မာနိုင်ငံသို့ ဆောင်ကြဉ်းလာမည်ဖြစ်ကြောင်း ကတိပြုပါသည်။

နယ်သာလန်နိုင်ငံအခြေစိုက် Royal FrieslandCampina ကုမ္ပဏီသည် ကမ္ဘာ့အကြီးမားဆုံးသော နို့ထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းစုကုမ္ပဏီကြီးတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နှစ်ပေါင်း ၁၄၀ တိုင်ပြီဖြစ်သည့် နို့ထွက်ပစ္စည်းဆိုင်ရာ ကျွမ်းကျင်အတွေ့အကြုံများနှင့်အတူ အရည်အသွေးမြင့် ဥရောပစံချိန်မီ နို့ထွက်ပစ္စည်းများကို တစ်ကမ္ဘာလုံးရှိ သန်းပေါင်းများစွာသော စားသုံးသူများအတွက် ထုတ်လုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ထင်ရှားလူကြိုက်များသည့် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းအမှတ်တံဆိပ်များထဲတွင် MYBOY၊ FALCON၊ DUTCH LADY၊ FOREMOST နှင့် YOMOSTတို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်၊ ဖွန်လမှစတင်ပြီး ကျွန်ုပ်တို့သည် ယခင်ဖြန့်ချိရေးအစီအစဉ်ကို အပြောင်းအလဲလုပ်လိုက်ပြီဖြစ်ပြီး အောက်ပါဖြန့်ချိရေးကိုယ်စားလှယ်ကုမ္ပဏီ၁၂ ခုကိုမြို့နယ်ဒေသအသီးသီးတွင် ခန့်အပ်လိုက်ပါသည်။

| မြို့နယ်ဒေသ | ဖြန့်ချိရေးကိုယ်စားလှယ်အမည် | လိပ်စာ | ဖုန်းနံပါတ် |
|---|---|---|---|
| ရန်ကုန်မြို့ | New Strength ကုမ္ပဏီလီမိတက် | အမှတ် ၆၈ (၁၄၃၊၀) ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း ကျွန်စစ်သားရိပ်မွန်ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၀၉ ၄၂၁၁၀ ၂၀၆၈ |
| | TMM Distribution ကုမ္ပဏီလီမိတက် | အမှတ် R ၃၉၊ ကံကော် ၅ လမ်း၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၀၉ ၉၆ ၂၀၁၁၈၈၈<br>၀၉ ၄၂၀၀၀၈ ၂၀၈၁ |
| | Future Glow ကုမ္ပဏီလီမိတက် | အမှတ် 91/C ၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၀၉ ၄၂၀၁ ၂၄၁၇၆ |
| မန္တလေးမြို့ | UMT Distribution Group ကုမ္ပဏီလီမိတက် | အမှတ် (၁၄)၊ ၃၈ လမ်း၊ ၇၈ - ၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၀၂ ၆၅၆၇၇ |
| | New Strength ကုမ္ပဏီလီမိတက် | အမှတ် (၅၃၂)၊ မြနှင်းဆီလမ်း၊ ၁၄ - ၁၅ လမ်းကြား၊ ၈၇ - ၈၈ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၀၂ ၃၄၃၃၁၊<br>၀၂ ၆၄၆၆၉ |
| မုံရွာမြို့ | Shwe Pyae San Distribution | ဗိုလ်ချုပ်လမ်း၊ မုံရွာတောင်ရပ်ကွက်။ | ၀၉ ၂၁၃၀၅၂၃ |
| မကွေးမြို့ | ShweYaung Myay Minbuကုမ္ပဏီလီမိတက် | အမှတ် (၉)၊ ဈေးလမ်း၊ အမှတ် ၃ ရပ်ကွက်၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | ၀၉ ၅၁၀၆၀၉၁၊<br>၀၉ ၇၉၀၁၆၇၆၇၇ |
| မြစ်ကြီးနားမြို့ | Phyo Distribution | အမှတ် (၁၂၅)၊ အောင်နန်းရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်။ | ၀၉ ၂၄၀၀ ၂၃၉၊<br>၀၇ ၄၂၀၆၇ |
| မိုးကောင်းမြို့ | Ever Smile Distribution, ဦးအေးဆွေ | အမှတ် ၁၅၀၊ မြို့မ(တောင်ပိုင်း)ရပ်ကွက်၊ ဟိုပင်၊ မိုးကောင်းမြို့နယ်။ | ၀၉၇၇၃၇၅၆ ၂၆၂<br>၀၉ ၂၅၆၃၅၇၇၃၂ |
| နေပြည်တော်မြို့ | Top Star Distribution | အမှတ် ၈၀၉၊ ဗိုလ်တောက်ထိန်လမ်း၊ ပျဉ်းမနားမြို့နယ်။ | ၀၉ ၇၅၉၉၉၉၉၀၀ |
| တောင်ကြီးမြို့ | AML Distributionကုမ္ပဏီလီမိတက် | အမှတ် က၊၂၄၁၊ အနောက်မြို့ပတ်လမ်း၊ ချမ်းမြသာစည်ရပ်ကွက်၊ တောင်ကြီးမြို့နယ်။ | ၀၈၁ ၂၁၂၁၈၉၁ |
| မော်လမြိုင်မြို့ | Sky Holding ကုမ္ပဏီလီမိတက် | အမှတ် ၂၇၊ နီလာလမ်း၊ ဈေးချိုပွဲရုံတန်း၊ မော်လမြိုင်မြို့နယ်။ | |

ကျွန်ုပ်တို့၏ဖြန့်ချိရေးကိုယ်စားလှယ်သစ်များနှင့် အတူလက်တွဲပြီး ကျွန်ုပ်တို့သည် FrieslandCampina မှ အရည်အသွေးမြင့် နို့ထွက်ပစ္စည်းများကို မှန်ကန်သောဈေးနှုန်းနှင့် အမြဲပုံမှန်ဖြန့်ချိသွားမည်ဟု ရည်ရွယ်မျှော်မှန်းထားပါသည်။

ပိုမိုသိရှိလိုပါက သက်ဆိုင်ရာ ဖြန့်ချိရေးကိုယ်စားလှယ်သို့ ဆက်သွယ်၍ လည်းကောင်း၊ ဖုန်းနံပါတ် ၀၁ - ၂၃၀ ၅၃၇၄ သို့မဟုတ် ၀၁ - ၂၃၀ ၅၃၇၅ (extension နံပါတ် ၁၄၃)သို့ ဆက်သွယ်၍ လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။



NEW MOTION
TRAVELS & TOURS

ဈေးလျှော့သဖြင့်
အတာသကြံနိခရီးစဉ်များ

ESCAPE FROM EVERYDAY LIFE

မန္တလေးမှထွက်မည့် ခရီးစဉ်များ
ဂျပန် – ဧပြီ (၁၁ – ၂၀)
ကိုရီးယား – ဧပြီ (၁၁ – ၂၀)
စင်ကာပူ – ဧပြီ (၁၃ – ၁၈)
စင်ကာပူ–မလေးရှား – ဧပြီ (၁၂ – ၁၉)
ဗန်ကောက် – ဧပြီ (၁၂ – ၁၇)
ဖူးခက် – ဧပြီ (၁၃ – ၁၇)
ဗန်ကောက်–ဖူးခက် – ဧပြီ (၁၂ – ၁၈)
တရုတ်ပြည်မကြီး – ဧပြီ (၁၂ – ၁၉)

Call Now!

ရန်ကုန်မှထွက်မည့် ခရီးစဉ်များ
အမေရိကား – ဧပြီ (၁၀ – ၂၀)
– ဧပြီ (၁၁ – ၂၇)
ဥရောပ – ဧပြီ (၁၀ – ၂၄)
ဩစတြေးလျ – ဧပြီ (၁၀ – ၂၀)
အင်္ဂလန် – ဧပြီ (၁၁ – ၂၄)
စပိန်–ပေါ်တူဂီ – ဧပြီ (၁၀ – ၂၁)
ဂရိ – ဧပြီ (၁၁ – ၁၉)
တရုတ်ပြည်မကြီး – ဧပြီ (၁၂ – ၁၉)
ဟောင်ကောင် – ဧပြီ (၁၂ – ၁၇)
ဟောင်ကောင်–တရုတ် – ဧပြီ (၁၃ – ၂၀)
ဂျပန် – ဧပြီ (၁၂ – ၂၁)
ဂျပန်(ဟိုကိုင်းဒိုး) – ဧပြီ (၁၃ – ၂၁)
သီရိလင်္ကာ – ဧပြီ (၁၂ – ၁၈)
ဗုဒ္ဓဂယာ – ဧပြီ (၁၃ – ၂၀)
ကိုရီးယား – ဧပြီ (၁၁ – ၂၀)
ဒူဘိုင်း – ဧပြီ (၁၂ – ၁၈)
ဘူတန် – ဧပြီ (၁၂ – ၁၉)
ထိုင်ဝမ် – ဧပြီ (၁၄ – ၂၀)
စင်ကာပူ – ဧပြီ (၁၂ – ၁၆)
– ဧပြီ (၁၃ – ၁၇)
စင်း–မလေး – ဧပြီ (၁၁ – ၁၈)
စင်း–ဘာလီ – ဧပြီ (၁၂ – ၁၉)
ဘာလီ – ဧပြီ (၁၂ – ၁၈)
ဖူးခက် – ဧပြီ (၁၃ – ၁၇)
ဗန်ကောက် – ဧပြီ (၁၂ – ၁၇)
ကက်ရှ်မီးယား – ဧပြီ (၁၂ – ၁၉)
ဗန်ကောက်–ဖူးခက် – ဧပြီ (၁၂ – ၁၈)
ဗီယက်နမ် (ဟနွိုင်း) – ဧပြီ (၁၂ – ၁၆)
(ဒါနန်း) – ဧပြီ (၁၃ – ၁၈)
(ဒါနန်း) – ဧပြီ (၁၂ – ၁၇)
ဗီယက်နမ်–ကမ္ဘောဒီးယား – ဧပြီ (၁၂ – ၁၉)
ဗန်ကောက်–ကမ္ဘောဒီးယား – ဧပြီ (၁၃ – ၁၈)

Feb & March!
ဗုဒ္ဓဂယာ – Mar 02-09
ဗန်ကောက် – Feb 24-28
ဖူးခက် – Mar 24-28
ဗီယက်နမ် – Feb 24-27, Mar 17-20, Mar 24-28
စင်ကာပူ – Feb 24-28, Mar 17-21

YANGON : No. 20, Ground Floor, Kyun Taw Road, Sanchaung Tsp, Yangon. Tel : 09-73148944~55~66, 09-260792885~6~7
MANDALAY : No. 234, 33rd Street. Between 81st x 82nd Street. Tel : 09-91021122, 43147879, 259033443

၈တန်း အခိုးရစ်ပညာရေးအတွက် အရည်အချင်းပြည့်ဝစေရန်နှင့် ထူးချွန်စွာတတ်မြောက်အောင်မြင်လိုသူများအတွက် ဘော်ဒါကျောင်းသား/သူ(၁၀)ဦးသာ လက်ခံသင်ကြားမည်။
၉တန်း တက္ကသိုလ်ဝင်တန်းကို ချော်မှန်၍ အခြေခံကောင်းများနှင့် ထူးချွန်စွာတတ်မြောက်အောင်မြင်လိုသူများအတွက် ဘော်ဒါကျောင်းသား/သူ (၁၅)ဦးသာ လက်ခံသင်ကြားမည်။
၁၀တန်း နှစ်စဉ်(၆)ဘာသာ(၅)ဘာသာ ဂုဏ်ထူးထွက်ရှိနေသော အစဉ်အလာကိုထိန်းသိမ်းသောအားဖြင့် ဘော်ဒါကျောင်းသား၊ကျောင်းသူ (၂၅)ဦးသာ လက်ခံသင်ကြားပေးမည်။
ဂ၉၊၁၀တန်း(DAY) ■ မတ်လ(၉)ရက်စမည်
ဂ၉၊၁၀တန်း(ဘော်ဒါ) ■ မတ်လ(၂၃)ရက်စမည်

ZWARE FAMILY EDUCATION CENTRE
ဇွဲ ပညာ့ဗိမာန်
Since1996
ဦးဇေဝမြိုး M.Sc(Chem:)
ဂ၉၊၁၀တန်း
ဆရာ၊ဆရာမ၊စာသင်
နိုင်း | Camp | အသင့်ဖြင့် ဘော်ဒါ
၈တန်း၊၉တန်း ဘာသာစုံစာသင်ဝိုင်းများ တက္ကသိုလ်ဝင်တန်းအတွက် ပုံမှန်ဝိုင်းများ

ဒေါက်တာဦးကျော်ကျော်စိုး + ဆရာမကြီးဒေါ်ယဉ်ဝိမ်း
၁၉၉၆တွင်တည်ထောင်သည်။
၂၀၁၅– ၂၀၁၆ပညာသင်နှစ်တွင်(၆)ဘာသာဂုဏ်ထူးရှင်(၅)ဦး၊(၅)ဘာသာဂုဏ်ထူးရှင်(၄)ဦး(၄)ဘာသာဂုဏ်ထူးရှင်(၃)ဦးနှင့် ဂုဏ်ထူးရှင်များစွာမွေးထုတ်ပေးနိုင်ခဲ့ပါသည်။
ထူးချွန်ထက်မြက်ရန် လွယ်ကူစွာသင်တဲ့ ဇွဲ ပညာ့ဗိမာန်မှာ သင်ပါ။
၂၀၁၇–၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
ကျား/မဘော်ဒါဆောင် သီးသန့်စီစဉ်ထားရှိသည်။
(၄၉၀/၄၉၉)၊မှော်ဘီလမ်းမကြီး၊မိုင်ခွဲ၊(၁၀)ရပ်ကွက်၊လှိုင်မြို့နယ်။
Ph: 09-50 777 57, 09-514 3973

KMD
Computer & Mobile
BIG SALE
27 - 31 Jan 2017
UP TO 30% OFF TO 50% OFF
Notebook & Monitor
(KMD - မြို့မဈေး) ☎ ပ/၈၅၊ ပွဲရုံတန်းလမ်း၊ မြို့မဈေး။ ☎ ၀၆၇၄၂၁၀၆၅

SUPER SMART BOARD "ဂိုဒေါင်ရှင်းစနစ်"
1 sqft 1200~1400
3mm , 6mm , 8mm
Southern Ocean
White Elephant
၂၃၀၊ (၁)လမ်းမြောက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်။
Tel : 01-642683, 642986
09-791828141, 09-791828143
SMART BOARD
6 mm , 8 mm
အပူခံနှင့်အသံခုပ်
ကျောက်ဂွမ်းလိပ်
PVC GB
10' x 10' 1 ကျင်း 30200~34700
ဘိလပ်မြေအုတ် 75 ~ 85

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-500 5916
09-730 97123

JEWEL HOTEL
Yangon
ဂျူးဝဲလ်ဟိုတယ်
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်။
No.150(D), Corner of University Avenue & Kabaaye Pagoda Road,
Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၉)အောင်သစ္စာ(၂)လမ်း၊မြေကွက်အမှတ်(၇၉၃)၊အကျယ်အဝန်း(၀. ၀၅၆ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုတရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးတိုး(၁၂/ဥကတ(နိုင်)၁၀၄၉၃၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L လွှဲအပ်ညွှန်ကြားချက်အရ –
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၃၆)
အမှတ်(၁၈၃)၊မြေဟန်လမ်း ၅–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း – ၀၉ ၄၂၀၀၇၀ ၂၉ ၀၉ ၇၉၉၅၅၉၈၅၉၉

တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ မူး ယစ် ကင်း စင် ကျန်း မာ မှ










မြေညီတိုက်ခန်းရောင်းမည်
ကျောက်မြောင်း၊ မမှစိတ္တလမ်း
ပေ(၁၅×၆၀) Hall Type
အဆင့်မြင့်ပြင်ဆင်ပြီး
Ph- 09-43040388
09-43032828

**Condon ရောင်းမည်**
အထက်ပန်းဆိုးတန်းလမ်း၊ Green Lake Condon၊ 1639 sq၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ပရိဘောဂအစုံ၊ 5 AC၊ ညှိနှိုင်း၊ ကန်တော်ကြီး Palace Hotel အနီး။
**Ph : 09 968200099**

**40'x60' မြေကွက်များစတင်ရောင်းချပါပြီ**
- ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ မော်ဘီတိုးဂိတ်အကျော်၊ ပြည်လမ်းမမှ (၃)မိနစ်အဝင်
- မြေကွက် (၅၁) ကွက် အား အကွက်ဖော်နေစဉ် ကာလတွင် (၁၅)ကွက် ရောင်းထွက်သွား၍ (၃၆)ကွက်သာကျန်ပါတော့သည်။
- 40' x 60' တစ်ကွက်လျှင် ကျပ် (၅၀) သိန်း
- ပိုင်ရှင်ကိုယ်တိုင်ရောင်း၊ အရှုပ်အရှင်းကင်း၍ခိုင်မာသောမြေဖြစ်ကြောင်း အာမခံပါသည်။
- ပေ(၃၀) အကျယ် လမ်းမကြီး နှင့် ပေ (၂၀) လမ်းသွယ် (၅) လမ်း အပြင် ဓာတ်မီးတိုင်များ ပါဝင်ပါသည်။

Ph:09-420293791, 09-777245800, 09448002305

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်–ဦး၊ မြေကွက်အမှတ်–၆၁၆၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ ဧကုရန်းပေ(၂၄၀၀)ပေရှိ ဗိုလ်မှူးထွန်းနိုင်လင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းဝင်းမောင် (၉/တသန(နိုင်)၀၇၈၀၁၇)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ အစိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– ဒေါ်အေးအေးသက်
(LL.B, D.P.M, M.P.M)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၂၂၀)
ဖုန်း – ၀၉ ၄၂၇၁၀၇၃၄

# POLAR FROST® Pain Relieving Cold Gel

Polar Frost Pain Relieving Gel သည် ကြွက်သားနာကျင်ခြင်း၊ အကြောတက်ခြင်း၊ ဒူးနာခြင်း၊ ခါးနာခြင်း၊ အရိုးအကြောနှင့် ပတ်သက်သောရောဂါများ၊ အဆစ်အမြစ်ရောင်ခြင်း၊ အားကစားသမားများ ထိခိုက်ဒဏ်ရာရခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။

150ml Tube | 75 ml Roll on | 5g sachet | 500ml Pump

5g နှင့် 500ml pump ဗူးများကို ဖုန်း - ၀၉-၅၁၀၈၃၀၄ တွင် ရောင်းချပေးပါသည်။

CE Approved | FDA

MM Reg No. 1809AA6180
MADE IN FINLAND

- City Mart ဆိုင်ခွဲများ၊ စိန်ဂေဟာဆိုင်ခွဲများ၊ CAPITAL hypermarket၊ Gandamar Wholesale၊ RUBY MART၊ ဦးမြသန်းဆေးဆိုင် (ရွှေမင်္ဂလာဈေး) ၀၉-၅၁၀၈၃၀၄

Mya Parami Education Centre
MPEC

# မြပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်း
(၅)တန်းမှ (၁၀)တန်းထိ

ကျောက်ပန်းတောင်းမြို့နယ်၏ ပထမဆုံးကိုယ်ပိုင်အထက်တန်းကျောင်း ဆိုရိုးစကားများအတွက် အထောက်အထား ... မြပါရမီ

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ

(၆)ဘာသာ ဂုဏ်ထူးရှင် - ၃ ဦး | (၅)ဘာသာ ဂုဏ်ထူးရှင် - ၂ ဦး | (၄)ဘာသာ ဂုဏ်ထူးရှင် - ၃ ဦး
(၃)ဘာသာ ဂုဏ်ထူးရှင် - ၃ ဦး | (၂)ဘာသာ ဂုဏ်ထူးရှင် - ၁၂ ဦး | (၁)ဘာသာ ဂုဏ်ထူးရှင် - ၁၄ ဦး

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဇန်နဝါရီ(၁)ရက်နေ့မှ စတင်၍ ကျောင်းအပ်လက်ခံနေပါပြီ။

အမှတ်(၁)ရပ်ကွက်၊ ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့။ ☎ ၀၉-၂၅၉၂၀၅၁၀၆၊ ၀၉-၄၀၁၅၆၅၀၄၇၊ ၀၉-၂၅၆၀၀၆၀၆၉ ၊ ၀၉-၇၉၂၂၂၂၀၇၉၄၊ ၀၉-၂၂၂၀၀၀၀ ၊ ၀၉-၇၉၂၂၂၂၀၂၀၉

# MBA
BBA . EMBA . PhD
- Master of Business Administration
- 18 Months (5 Semesters)
- 11 Subjects + 1 Project Paper
- Weekend Classes (Once in every 6 weeks Only)
- Awarded by Asia e University, Malaysia, recognized by 35 ACD Countries
- Education Loan from CB BANK Available

START YOUR MBA JOURNEY TODAY
FROM AS LOW AS MMK300,000!
ENROL NOW TILL 10th FEBRUARY 2017



09254045682 / 09972656540 / 01667009
Official Offshore Campus of Asia e University, Malaysia. www.aeu.edu.my

နှစ်စဉ်နှစ်တိုင်း အောင်ပွဲခံလျက်
# ထူးချွန်
မေးခွန်း(၅)စုံနှင့်စံပြအဖြေများ
တက္ကသိုလ်ဝင်တန်း
အဋ္ဌမတန်း/စတုတ္ထတန်း

ပြည့်စေကြောင်း စာပေ
ရန်ကုန်မြို့

ဝင်ငွေများအကြား
# တို့ကျောင်းသား
မေးခွန်း(၅)စုံနှင့်စံပြအဖြေများ
တက္ကသိုလ်ဝင်တန်း
အဋ္ဌမတန်း/စတုတ္ထတန်း

Since 1996
# ပုလဲ
(သုညတန်းမှ ၁၀တန်း)

တက္ကသိုလ်ဝင်အောင်ချက် ပုဂ္ဂလိကကျောင်းအားလုံးတွင်
၂၀၁၅ ရန်ကုန်မြောက်ပိုင်းခရိုင်လုံး ဒုတိယ
၂၀၁၅/၂၀၁၆ ရန်ကုန်၊ မင်္ဂလာဒုံ ပထမ

## ဆရာဝန်များဦးစီးသော
## စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း

(၀)တန်းအဝိုးရစ် အထူးလေ့ကျင့်ပေးသည်။ (၉)တန်းအထူး - သင်ရိုးကုန်သင်ပေး၍နှစ်ဝက်ဖြေ၍ (၁၀)တန်းအဝါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
(၁၀)တန်း (၄)ဘာသာဂုဏ်ထူးနှင့်အထက် နှင့် (၈/၉) တန်းကျောင်းတွင် ပထမဆုရကျောင်းသားများကို နိုင်ငံခြားတက္ကသိုလ် လေ့လာရေး အခမဲ့ပို့ဆောင်ပေးသည်။



အမှတ် (၇၇) ၄ဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉-၅၁၅၀၀၅၁၊ ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂

# လှထု
Steel Structure
Ph:09-5031107,09-5028986, 09-5008411

# GLOBAL PHOENIX
အိမ်ခြံမြေ အကျိုးဆောင်
အဆင့်မြင့် လုံးချင်းအိမ်များ၊ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။
09-260 2600 29 / 59

# GLORY "မော်တော်ကားနည်းပညာ ဒီပလိုမာအတွက် သင်တန်းသားခေါ်ယူခြင်း"
OIST

▶▶ GLORY နှင့် OIST(Japan)တို့ပူးပေါင်းကာ ဂျပန်နိုင်ငံ၏ Third Class Automotive Mechanic သင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါသင်တန်းကို ဖွင့်လှစ်ပို့ချပါမည်။
▶▶ သင်တန်းအမျိုးအစား - Automotive Engineering Diploma (Class -3) ၊
သင်တန်းကာလ - One Year (တစ်နှစ်) ၊
လက်ခံမည့်ဦးရေ - (၁၀၀)ဦး ၊
သင်တန်းဖွင့်မည့်ရက် - 25 - 4 - 2017
သင်တန်းအပတ်စဉ် - (၁၆) ၊ (၁၇) ၊ (၁၈) ၊ (၁၉)
ပညာအရည်အချင်း - အနိမ့်ဆုံးအဆင့် တက္ကသိုလ်ဝင်တန်း သင်ယူဖူးသူများ ၊

(ရရှိနိုင်သောအခွင့်အရေးများ)
- တန်းခွဲတိုင်းတွင် ပထမရရှိသော ကျောင်းသားများအတွက် ဂျပန်သို့ လေ့လာရေးခရီး စရိတ်ငြိမ်းသွားရောက်ခွင့်ရရှိခြင်း။
- ထူးချွန်ကျောင်းသားများအတွက် Okayama နည်းပညာတက္ကသိုလ်တွင် ဘွဲ့အဆင့်ရှိ မော်တော်ကားနည်းပညာရပ်များ ဆက်လက် သင်ယူနိုင်ခြင်း နှင့် ၎င်းအတွက် Scholorship များရရှိနိုင်ခြင်း။
- သင်တန်းပြီးပါက ဂျပန်တွင် ကျောင်းဆက်တက်ရန် နှင့် အလုပ်လုပ်ကိုင်နိုင်ရန် အတွက် ကူညီဆောင်ရွက်ပေးခြင်း။
- သင်တန်းပြီးလျှင် မြန်မာနိုင်ငံတွင် အလုပ်လုပ်လိုသူများအတွက် ဂျပန်ကားကုမ္ပဏီများ ၊ ဂျပန်ကားဆားဗစ် စင်တာများ တွင် အလုပ်လုပ်ကိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း။
- ဂျပန်ဘာသာ $N_5$ Level ကို အခမဲ့သင်ယူခွင့်ရရှိခြင်း။

▶▶ ဂျပန် Okayama နည်းပညာတက္ကသိုလ် မှ ဒီပလိုမာလက်မှတ်ချီးမြှင့်ပါမည်။ စာတွေ့ ၄၀% လက်တွေ့ ၆၀% လက်တွေ့ ဦးစားပေးစနစ်ဖြင့် (မော်တော်ကားတစ်စီးလုံး)ကို အခြေခံမှ စ၍ အဆင့်မြင့်ထိ သင်ကြားရမည်။

## "မော်ပြပါ GLORY ၏ မော်တော်ကားနည်းပညာ ကျောင်းသားများအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ . . . . "


ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်Mr. Ichiro Aisawa နှင့် GLORY ကျောင်းသားများ


ဂျပန်ကျောင်းသားများ နှင့် GLORY ကျောင်းသားများ ပူးတွဲလေ့ကျင့်သင်ကြားပုံ


ဂျပန်နိုင်ငံ Okayama ကျောင်းတွင်တက်ရောက်နေသော GLORY ကျောင်းသားများ


ဂျပန်နိုင်ငံသို့ လေ့လာရေး ခရီးသွားခွင့်ရခဲ့သော GLORY ကျောင်းသားများ

၁၃၈/၁၄၀ ၊ ဒု-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
09-73121717 , 09-5197817 www.glory-education.com

RUBY MART ပဥ္စမအကြိမ်မြောက်
# ချစ်သူများနေ့
ဇုံတွဲသီချင်းဆိုပြိုင်ပွဲ



Inquiry - 01-398238
Ext - 109, 602, 0

ပထမဆုကျပ်(၂)သိန်း
ဒုတိယဆုကျပ်(၁)သိန်းခွဲ
တတိယဆုကျပ်(၁)သိန်း

14.2.17 1:00Pm~5:00Pm
Ruby Mart Level - 5

၉.၂.၁၇ နောက်ဆုံးထား၍ Ruby Mart Information Counter တွင် Form များကို ထုတ်ယူနိုင်ပါပြီ။

Ruby Mart သီချင်းဆိုပြိုင်ပွဲတွင် ဆုရရှိဖူးသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုပါ။

---

ဗိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) B.A တည်ထောင်အုပ်ချုပ်သည့်
# ပင်လုံနှင်းဆီ
ကက-၁၃/၁၁/၂၂၅
ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ဘော်ဒါ
မူလတန်း၊ အလယ်တန်း၊ အထက်တန်း

စည်းကမ်းကောင်းသောကျောင်း၊
သင်ကြားမှုကောင်းသောကျောင်းဖြစ်သည်၊

- ကိုယ်ပိုင်ဆရာမှတ်ပုံတင်လက်မှတ်ရအတွေ့အကြုံရှင်(Ph.D, B.Ed, M.Sc, M.A)ဆရာ ဆရာမများမှစာသင်ခန်းအတွင်းတစ်ထိုင်တည်းရအောင်သင်ကြားပေးပါသည်။ Study guide များနှင့်တစ်နေ့စာတစ်နေ့အပြီးကျက်မှတ်ပေးပါသည်။
- ဂုဏ်ထူးဦးအောင်နိုင်(အင်္ဂလိပ်စာ)နှင့် ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိကများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်လည်းထပ်ဆောင်းသင်ကြားပေးပါသည်။
